# မှန်

The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့၊ (27-10-2015) (စ၃၆၆)


## အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်



# ရန်ကုန်နည်းပညာတက္ကသိုလ် နည်းပညာသုတေသနအဆောက်အအုံဖွင့်
# အနာဂတ်နည်းပညာတက္ကသိုလ်ပညာရေးအတွက် အထောက်အကူပြုနိုင်မည်

သတင်း စာမျက်နှာ » ၃



# ပျော်ရွှင်အေးချမ်းစွာဆင်နွှဲ မီးရောင်စုံကြားက ရေကျော်မီးထွန်းပွဲ

"ရောင်စုံလေးတွေခြယ်ထားတဲ့ အိုးပုတ်တွေကို ကလေးတွေကြိုက်ကြတယ်။ ဝယ်လည်းဝယ်ကြတယ်။ တခြားအရုပ်တွေလည်းဝယ်ပါတယ်။ အခုထိတော့ မြေနဲ့လုပ်ထားတဲ့ အိုးပုတ်လေးတွေက ရောင်းနေရဆဲပါ"ဟု ရေကျော်မီးထွန်းပွဲတော်တွင် နှစ်စဉ်ကလေးကစားစရာများရောင်းချသည့် မတင့်လင်းကပြောသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❂

သတင်းဆောင်းပါး
သီသီမင်း
ဓာတ်ပုံ - ခင်မောင်ဝင်း




ကြေးမုံ စာတည်းရှုထောင့် ၂၇-၁၀-၂၀၁၅၊ အင်္ဂါနေ့

# ဝိုင်းဝန်းကူညီစောင့်ရှောက်

ယခုနှစ် ဇူလိုင်လမှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် အချို့ဒေသများတွင် ရေဘေးအန္တရာယ်ကို ကြီးကြီးမားမားကြုံတွေ့ခဲ့ရသည်။ တစ်ဆက်တည်းပင် အချို့ဒေသများတွင် သဘာဝဘေးအန္တရာယ်များကို ဆက်လက်ကြုံတွေ့ခဲ့ရပြန်သည်။ ထိုဒေသများမှ ပြည်သူများ လူမှုဘဝဒုက္ခများနှင့် ကြုံတွေ့ခံစားနေရသည်။

သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် အရေးအကြီးဆုံးအချက်မှာ ထိုဒေသမှမိသားစုများ၏ ကိုယ်စိတ်ကျန်းမာရေးကို ကာကွယ်ပြုစုစောင့်ရှောက်ပေးကြရန်ဖြစ်သည်။ မွေးကင်းစမှ အသက်ခြောက်လအထိရှိသည့် ကလေးငယ်များကို မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးခြင်းဖြင့် ကလေးငယ်များဘဝကို ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ပေသည်။

အခြေခံကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လူစုလူဝေးထူထပ်စွာ ကြုံတွေ့ရသောနေရာတွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် ဝက်သက်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ အာဟာရပြည့်ဝသော အစားအစာများစားသောက်ခြင်း၊ ကောင်းစွာအနားယူခြင်းစသည့် အခြေခံကျန်းမာရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးရန်လိုအပ်ပေသည်။

အထူးသဖြင့် အရွယ်မရောက်သေးသောကလေးငယ်များအတွက် အထူးဂရုစိုက်ပေးခြင်း၊ ချစ်ခင်ယုယမှုပြုခြင်း၊ အရွယ်အလိုက်ခံစားမှုနှင့် အတွေ့အကြုံတို့ကို ပြောပြခွင့်ပြုခြင်းတို့ရရှိရန် လိုအပ်ပါသည်။ ကလေးငယ်များ စိတ်အေးချမ်းသာမှုနှင့် ဘဝလုံခြုံမှုရရှိခံစားနိုင်ရန်အတွက် မိဘများ၊ မိသားစုဝင်များ၊ ခင်မင်ရင်းနှီးသူများက အထူးဂရုပြုစောင့်ရှောက်ပေးရန် လိုအပ်ပါသည်။

ရေလွှမ်းမိုးခြင်းခံရသောကြောင့် ရေအိုင်များ၊ ကွင်းပြင်စိုစွတ်မှုများဖြစ်ပေါ်တတ်ရာ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးခြင်းများ ပေါက်ပွားတတ်သည်ကို သတိပြုရမည်ဖြစ်သည်။ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ခြင်အန္တရာယ်မှကင်းဝေးစေရန် ခြင်ဆေးများပက်ဖျန်းခြင်း၊ ဆေးစိမ်ခြင်ထောင်များ အသုံးပြုခြင်းတို့ကို ပြုလုပ်ပေးရမည်ဖြစ်သည်။

ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်ဖြစ်ခဲ့ခြင်းကြောင့် သောက်သုံးရေအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ညစ်ညမ်းနိုင်သဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါများမဖြစ်ပွားအောင် သန့်ရှင်းသောသောက်သုံးရေ သောက်သုံးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန် လိုအပ်ပါသည်။

အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများကို သန့်ရှင်းစွာထားရှိခြင်း၊ စွန့်ပစ်ပစ္စည်းများနှင့် အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ခြင်း၊ သန့်ရှင်းသောနေရာများထားရှိခြင်း၊ အသုံးပြုပြီးပါက ခန္ဓာကိုယ်နှင့် လက်တို့ကို သန့်ရှင်းစွာဆေးကြောခြင်း၊ ထုံးဖြူးခြင်း၊ ကျင်းတူးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းတို့ကို ပြုလုပ်ကာ ကာကွယ်သွားကြရမည်ဖြစ်သည်။

သတိပြုရမည်မှာ လျှပ်စစ်မီးရှိသောနေရာများတွင် အန္တရာယ်ရှိသော လျှပ်စစ်မီးကြိုး၊ မီးခလုတ်၊ မီးတိုင်များကို မထိမိ၊ မကိုင်မိစေရန်လိုအပ်ပြီး သက်ဆိုင်ရာတို့က အမြန်ဆုံးပြန်လည်ပြင်ဆင်ပေးရမည်ဖြစ်သည်။ ထို့အပြင် ကျေးလက်များအတွက် သတိပြုရမည်မှာ မြွေအန္တရာယ်ဖြစ်ပြီး အကာအကွယ်များဝတ်ဆင်ကာ သွားလာရမည်ဖြစ်သည်။

ရောဂါဖြစ်ပွားမှုရှိပါက အနီးဆုံးကျန်းမာရေးဌာနသို့ အကြောင်းကြားရမည်ဖြစ်ပြီး ရောဂါဖြစ်ပွားသူများကိုလည်း ကျန်းမာရေးဌာနသို့ အမြန်ဆုံးပို့ဆောင်ပေးရန်လိုအပ်ပါသည်။ သဘာဝဘေးသင့်ပြည်သူများအတွက် အဆိုပါ ကျန်းမာရေးနှင့် လူမှုဘဝစောင့်ရှောက်ရေး လုပ်ငန်းစဉ်များကို သဘာဝဘေးကျရောက်ချိန်သာမက ကျရောက်ပြီးချိန်များတွင်ပါ ဆောင်ရွက်ပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဘေးဒုက္ခရောက်ကြရသော ပြည်သူများအား ကူညီကယ်တင်စောင့်ရှောက်နိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများသာမက တတ်နိုင်သောပြည်သူများကပါ ဝိုင်းဝန်းစောင့်ရှောက်ကြဖို့ လိုအပ်ပါသည်။ ။

## စစ်ကိုင်းမြို့ ရွှေတောင်ဦးမော်ဘုရားကုန်းတော်ပေါ်တွင် ဘုရားလည်းဖူးမြော်ကာ ရှုခင်းသာများကိုကြည့်ရှုခံစားရင်း စစ်ကိုင်းမင်းဆက်များကို လေ့လာနိုင်

**စစ်ကိုင်း အောက်တိုဘာ ၂၆**

စစ်ကိုင်းမြို့သို့ ဘုရားဖူးများ၊ နိုင်ငံတကာခရီးသွားများ လာရောက်လျက်ရှိရာ စစ်ကိုင်းတောင်ရိုးရှိဘုရားများ လာရောက်ဖူးမြော်ရင်း စစ်ကိုင်းတောင်ရိုးမှ ရွှေတောင်ဦးမော်ဘုရားကုန်းတော်ရှိဘုရားများနှင့် ဂျပန်ကမာကူရပုံတူဘုရားကြီးကို ဖူးမြော်ရင်း ဧရာဝတီဆိပ်ကမ်းသာအလှနှင့် ရှမ်းရိုးမကြီးကို နောက်ခံထားသည့် ရွှေကြက်ယက်ကုန်းတော် ရှုခင်းသာအလှ၊ အင်းဝတံတားနှင့် ရတနာပုံတံတားဧရာဝတီမြစ်ပြင်အလှများကို တခုတ်တရ သွားရောက်ကြည့်ရှုကြသည်။

ရွှေတောင်ဦးမော်ကုန်းတော်ပေါ်တွင် သီရိဓမ္မာသောကမင်းကြီးတည်ထားတော်မူခဲ့သည့် ရွှေတောင်ဦးမော်၊ မုဋ္ဌောစေတီတော်နှင့် အခြားရှေးဟောင်းစေတီတော်များစွာ တည်ရှိသည်။

ကုန်းတော်ပေါ်တွင် သမိုင်းတွင်ထင်ရှားကျော်ကြားခဲ့သည့် ဘုရားအလောင်း ကြက်မင်းမောင်နှံတို့တစ်ဖက်ကမ်းသို့မပျံသန်းမီ ခေတ္တနားခိုခဲ့ရာ အထိမ်းအမှတ်စေတီငယ် အပါအဝင်ဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်များ ဆွမ်းခံကြွတော်မူဟန်ပုံတော်များ၊ ဒီပင်္ကရာဘုရားရှင်ထံ သုမေဓာရှင်ရသေ့ ဗျာဒိတ်ယူခန်း၊ သံဝေဇနိယ (၄)ဌာန၊ ကျောက်ထီးကြီး၊ အင်ကြင်းကျောက်တိုင်၊ စစ်ကိုင်းမင်းဆက်သမိုင်းကို သရုပ်ဖော်ထားသည့် ရုပ်တုပုံများ တည်ထားသည်ကို တွေ့ရသည်။

အထူးသဖြင့်ရွှေတောင်ဦးမော်သို့ ဘုရားဖူး လာရောက်သူများသည် စစ်ကိုင်းမင်းဆက်သမိုင်းကို ထုလုပ်ထားသည့် ရုပ်တုများကို စိတ်ဝင်စားကြကြောင်းသိရသည်။

အဆိုပါရုပ်တုမှာ စစ်ပင်ကြီးပေါ်တွင် နားခိုနေကြသည့် ဗျိုင်းဖြူ ခုနစ်ကောင်ကို ညွှန်ပြတော်မူကာ ဂေါတမဘုရားရှင်က ညီတော်အာနန္ဒာအား ဗျာဒိတ်စကားပြောကြားနေဟန် သရုပ်ဖော်ရုပ်တုပုံဖြစ်သည်။

ယင်းသရုပ်ဖော် ရုပ်တုအနီးတွင် စစ်ကိုင်းမင်းဆက် ခုနစ်ဆက်စာရင်းကို ကျောက်စာဖြင့် ကမ္ပည်းရေးထိုးထားသည်ကိုလည်း လေ့လာနိုင်သည်။ စစ်ကိုင်းမင်းဆက် ခုနစ်ဆက်တွင် အသင်္ခယာစောယွန်းက သက္ကရာဇ် ၆၇၇ခုနှစ်တွင် စစ်ကိုင်းမြို့တော်ကြီးကို တည်ထောင်ကာ (သက္ကရာဇ် ၆၇၇-၆၈၄)၊ နောင်တော် တရဖျားမင်း (သက္ကရာဇ် ၆၈၄-၆၉၈)၊ ရွှေတောင်တက်မင်း (သက္ကရာဇ် ၆၉၈-၇၀၁)၊ ကျစွာမင်း (သက္ကရာဇ် ၇၀၁-၇၁၀)၊ နော်ရထာမင်းရဲ (သက္ကရာဇ် ၇၁၀- ၇၁၁)၊ ဆင်ဖြူရှင် တရဖျားငယ် (သက္ကရာဇ် ၇၁၁-၇၁၃)၊ မင်းပြန်(ခေါ်) သီဟပတေ့ (သက္ကရာဇ် ၇၁၃-၇၂၆ )တို့ဖြစ်ကြောင်း တွေ့ရှိရပေသည်။

ယခုအခါ သမိုင်းဝင်ရွှေတောင်ဦးမော် ကုန်းတော်ပေါ်မှ သမိုင်းဗဟုသုတများနှင့် အနုပညာလက်ရာမြောက်သည့် ဗျာဒိတ်ပေး သရုပ်ဖော်ရုပ်တုများ၊ စစ်ကိုင်းမင်းဆက်ခုနစ်ဆက်စာရင်းကို ဘုရားဖူးရင်း လေ့လာကြည့်ရှုသူများ လာရောက်လျက်ရှိကြောင်း သိရသည်။

**(စိုင်းလူမင်း)**



## ဘားအံမြို့နယ်တွင် ရွေးကောက်ပွဲ၌အသုံးပြုမည့် ဆက်စပ်ပစ္စည်းများထုတ်ပေး

**ဘားအံ အောက်တိုဘာ ၂၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် အသုံးပြုမည့် မဲပုံး၊ မဲလက်မှတ်နှင့် အခြားဆက်စပ်ပစ္စည်းများအား အောက်တိုဘာ ၂၃ ရက်မှစ၍ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲများထံ ဖြန့်ဝေထုတ်ပေးလျက်ရှိရာ လာရောက်ထုတ်ယူကြကြောင်း သိရသည်။

ဘားအံမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၉၉ အုပ်စုတို့တွင် မဲရုံ စုစုပေါင်း ၂၀၅ ရုံ ဖွင့်လှစ်မည်ဖြစ်ပြီး မဲဆန္ဒနယ်မြေအမှတ်(၁)တွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၆၀၇၉၀၊ မဲဆန္ဒနယ်မြေအမှတ်(၂)တွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၅၈၄၀၀ ရှိကာ စုစုပေါင်း မဲပေးခွင့်ရှိသူ ၃၁၉၁၉၀ တို့အတွက် လိုအပ်သည့်မဲပုံး၊ မဲလက်မှတ်နှင့် အခြားဆက်စပ်ပစ္စည်းများ ထုတ်ပေးခြင်းဖြစ်သည်။ မြို့ပေါ်ရပ်ကွက်များအနေဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း၊ ကျေးရွာအုပ်စုများအနေဖြင့် မိမိတို့နီးစပ်ရာနယ်မြေရဲစခန်းများတွင် လည်းကောင်း ဆန္ဒမဲပုံး၊ မဲလက်မှတ်နှင့် အခြား ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းထားမည်ဖြစ်ပြီး ရွေးကောက်ပွဲကျင်းပရန် နီးကပ်သည့်အချိန်မှသာ ထုတ်ယူသုံးစွဲမည်ဖြစ်သည်။

ဘားအံမြို့နယ်တွင် နိုင်ငံရေးပါတီ ၁၄ ခု တရားဝင်ပါတီမှတ်ပုံတင်ထားပြီး တစ်သီးပုဂ္ဂလများ အပါအဝင် ကိုယ်စားလှယ်လောင်း ၇၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၆**

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၁၉-၁၀-၂၀၁၅ ရက်နေ့မှ ၂၃-၁၀-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၈၇ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၅၆၇ ကျပ်ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၉၄၀၀၀ - | ၇၉၅၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၉၃၅၀၀ - | ၇၉၄၅၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၁၀.၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၂၀၁.၆၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅.၉၅၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၁.၂၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉.၇၁၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၅၆.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၂.၅၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၂၅.၂၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၁၅.၄၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

# ရန်ကုန်နည်းပညာတက္ကသိုလ် နည်းပညာသုတေသနအဆောက်အအုံဖွင့် အနာဂတ်နည်းပညာတက္ကသိုလ်ပညာရေးအတွက် အထောက်အကူပြုနိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရန်ကုန်နည်းပညာတက္ကသိုလ် နည်းပညာသုတေသနအဆောက်အအုံ (Technological Research Centre) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ အဆိုပါနည်းပညာသုတေသနအဆောက်အအုံ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။



ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ အဆင့်မြင့်နည်းပညာတက္ကသိုလ်များ၏ ဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပညာရှင်ဆရာကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နည်းပညာသုတေသနအဆောက်အအုံကို ထူးချွန်ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မောင်ကျော်ဇင်ဟိန်း၊ မခြူးဝေစိုး၊ မောင်ရဲပိုင်ဦး၊ မောင်ရန်နိုင်နှင့် မခိုင်လင်းအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နည်းပညာသုတေသနအဆောက်အအုံဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး နည်းပညာသုတေသန အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ယင်းနောက် ပင်မဆောင်ဧည့်ခန်းမတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက နည်းပညာသုတေသနအဆောက်အအုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ရန်ကုန်နည်းပညာတက္ကသိုလ် ပင်မဆောင်ရှိ စုဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ရန်ကုန်နည်းပညာတက္ကသိုလ်၏ သမိုင်းကြောင်းအရ ၁၉၆၁ ခုနှစ်တွင် ယခင်ဆိုဗီယက်ပြည်ထောင်စုက မြန်မာနိုင်ငံကို ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်ခဲ့စဉ်က ဗမာ့စက်မှုတက္ကသိုလ် (Burma Institute of Technology) (B.I.T) ဆိုသည့် အမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် (Rangon Institute of Technology) (R.I.T) အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့ကြောင်း။

ဆက်လက်၍ ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ကို စတင်ရောက်ရှိခဲ့ပြီး (Yangon Institute of Technology) (Y.I.T), (Yangon Technological University) (Y.T.U) စသည်ဖြင့် အဆင့်ဆင့်အမည်ပြောင်းလဲပါကြောင်း။

စတင်တည်ထောင်ခဲ့သည့်အချိန်မှ ယခုအချိန်အထိ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်ပေါင်း သုံးသောင်းနီးပါး မွေးထုတ်နိုင်ခဲ့ပြီး ဤတက္ကသိုလ်ထွက် ဘွဲ့ရအသိပညာရှင်၊ အတတ်ပညာရှင်ပုဂ္ဂိုလ်အများအပြားသည်လည်း နိုင်ငံတည်ဆောက်ရေးလုပ်ငန်းတာဝန်ကြီးများကို ထမ်းဆောင်ခဲ့ကြပြီးဖြစ်သကဲ့သို့ ထမ်းဆောင်နေကြဆဲလည်း ဖြစ်ပါကြောင်း။

သုတေသနလုပ်ငန်းသည် တက္ကသိုလ်တစ်ခု၏ အသက်သွေးကြောဖြစ်သည်ဟု ယူဆထားသည့်အတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန YTU ရဲ့ သုတေသနလုပ်ငန်းစွမ်းဆောင်မှုများသည် အနာဂတ်နည်းပညာတက္ကသိုလ်ပညာရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း။

တိုးတက်ပြောင်းလဲလာသည့် မျက်မှောက်အချိန်တွင် အခြေခံလိုအပ်ချက်များဖြစ်သည့် အဆောက်အအုံ၊ လမ်း၊ ရေနှင့် လျှပ်စစ်မီးတို့အပြင် သင်ကြားရေး ဆရာ ဆရာမများ ပိုမိုလိုအပ်လာမှု၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ စုံစုံလင်လင်ရှိရန်လိုအပ်မှု၊ ခေတ်မီ IT နည်းပညာဆိုင်ရာ လိုအပ်မှု၊ ဓာတ်ခွဲခန်းကျွမ်းကျင်သူများလိုအပ်မှု စသည့် လိုအပ်မှုပေါင်းများစွာလည်း လိုက်ပါလာပါကြောင်း။

ယင်းလိုအပ်ချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်ပေးနေသကဲ့သို့ ဤတက္ကသိုလ်အနေဖြင့်လည်း အာဆီယံတက္ကသိုလ်များ၊ အခြားနိုင်ငံခြားတက္ကသိုလ်များ၊ နိုင်ငံတကာမှ နည်းပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပို၍ပူးပေါင်းဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

ဤတက္ကသိုလ်သင်ကြားရေးဌာန ၁၂ ခုအတွက် ဂျပန်နိုင်ငံအစိုးရ၏ Japan-Asean Integration Fund(JAIF) အစီအစဉ်နှင့် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်းစီမံကိန်းတွင် အမေရိကန်ဒေါ်လာ တစ်သန်းတန်ဖိုးရှိသည့် ဓာတ်ခွဲခန်းပစ္စည်းအမျိုးမျိုးရရှိခဲ့သည်ဟု သိရပါကြောင်း။

ထို့အပြင် ဂျပန်၊ နယ်သာလန်၊ ဖင်လန်၊ ကိုရီးယား၊ ထိုင်းနိုင်ငံမှ တက္ကသိုလ်များနှင့်ပူးပေါင်းပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျော့ပါးရေးဆိုင်ရာသုတေသနလုပ်ငန်းများ၊ စွမ်းအင်ဆိုင်ရာ သုတေသနလုပ်ငန်းများ၊ ရေအရင်းအမြစ်ဆိုင်ရာ သုတေသနလုပ်ငန်း၊ Development of Small Scale Refinery Plant လုပ်ငန်းနှင့် Semi-conductor သုတေသနလုပ်ငန်း အစရှိသည့် အင်ဂျင်နီယာသုတေသနလုပ်ငန်းများကိုလည်း စတင်အကောင်အထည်ဖော်နေမှုကို သိရှိရပါကြောင်း။

ပါရဂူဘွဲ့အတွက် ဂျပန်နိုင်ငံ၏ ထင်ရှားသည့် တက္ကသိုလ် ခုနစ်ခုသို့ ဤတက္ကသိုလ်မှ ဆရာ ဆရာမ ၄၂ ဦး စေလွှတ်နိုင်ခဲ့သည့်အပြင် JICA အကူအညီနှင့် ဓာတ်ခွဲခန်းဆိုင်ရာ အထောက်အကူပစ္စည်းများပါဝင်သည့် ဂျပန်ယန်း ၂ ဒသမ ၅၈၂ ဘီလီယံ တန်ဖိုးရှိ သုံးထပ်နှင့် ငါးထပ်ဓာတ်ခွဲခန်းအဆောက်အအုံများ တည်ဆောက်နေသည်ဟု သိရှိရပါကြောင်း၊ ဘွဲ့ကြိုသင်တန်းများအားလုံးအတွက် နိုင်ငံတကာတက္ကသိုလ်အသိအမှတ်ပြုလက်မှတ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရရှိခဲ့သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် နည်းပညာသုတေသနဗဟိုဌာနသည် ဤတက္ကသိုလ်ရှိ ဌာနအသီးသီး၏ သုတေသနလုပ်ငန်းများကို အရှိန်အဟုန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်နိုင်အောင် နိုင်ငံတော်အစိုးရမှ ပံ့ပိုးပေးခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုဖွင့်လှစ်သည့် ခြောက်ထပ် နည်းပညာသုတေသနဆောင် TRC ကို ထိထိရောက်ရောက်အသုံးချပြီး ဤနည်းပညာတက္ကသိုလ်၏ သုတေသနလုပ်ငန်း ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိလာစေရန်၊ ကမ္ဘာ့လူသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် သုတေသနရလဒ်များ ရရှိစေရန်၊ သုတေသနရလဒ်များမှတစ်ဆင့် လက်တွေ့အသုံးချနိုင်သည့်အဆင့်အထိ ရောက်ရှိလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ဤသုတေသနခြောက်ထပ်ဆောင်ကြီး ရေရှည်ခိုင်မြဲသည့် ဗဟိုဌာနဖြစ်စေရေး အားလုံးထိန်းသိမ်းစောင့်ရှောက်သွားကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ရန်ကုန်နည်းပညာတက္ကသိုလ် ဘွဲ့ကြိုကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ နည်းပညာသုတေသနဆောင်ကို ၂၀၁၄ ခုနှစ် ဧပြီ ၁၉ ရက်တွင် စတင်ဆောက်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ပြီးစီးခဲ့သည်။ ယင်းအဆောက်အအုံကို နိုင်ငံတော်၏ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ခန့်မှန်းကုန်ကျငွေကျပ် ၂ ဒသမ ၇၅၄ ဘီလီယံခန့်ကုန်ကျခံ၍ ဆောက်လုပ်ခဲ့ပြီး အရွယ်အစားမှာ (၁၆၀' × ၇၀' × ၉၆') စတုရန်းပေ ၇၉၂၇၅ ရှိပြီး ၁၅ ဦးဆံ့ ဓာတ်လှေကားနှစ်စီး အပါအဝင် RC သံကူကွန်ကရစ် ခြောက်ထပ်နှင့် မြေအောက်ထပ်ပါ အဆောက်အအုံဖြစ်သည်။

ယင်းအဆောက်အအုံတွင် သက်ဆိုင်ရာဘာသာရပ်အသီးသီး၏ သုတေသန လုပ်ငန်းများကို အဆင့်မီစွာ ဆောင်ရွက်နိုင်သော သုတေသနဓာတ်ခွဲခန်းများ ဖွင့်လှစ်ထားရှိသွားမည်ဖြစ်သည်။ နည်းပညာသုတေသနအဆောက်အအုံ ဖွင့်လှစ်နိုင်ခြင်းကြောင့် ရန်ကုန်နည်းပညာတက္ကသိုလ်၏ သုတေသနဖွံ့ဖြိုးရေး လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




**ရန်ကုန်နည်းပညာတက္ကသိုလ် နည်းပညာသုတေသနအဆောက်အအုံကို တွေ့ရစဉ်။** (သတင်းစဉ်)

# ဆီးရီးယားနိုင်ငံတွင် ၁၈ လအတွင်း ပါတီစုံရွေးကောက်ပွဲကျင်းပမည်

**ဒမတ်စကတ် အောက်တိုဘာ ၂၆**

ဆီးရီးယားသမ္မတ ဘာရှာအယ် အာဆက်သည် လာမည့် ၁၈ လအတွင်း ပါတီစုံရွေးကောက်ပွဲတစ်ရပ်ကျင်းပရန် ရုရှားနိုင်ငံ၏ တောင်းဆိုချက်ကို လိုက်လျောသည့်အနေဖြင့် ရွေးကောက်ပွဲကျင်းပရန်ဆန္ဒရှိနေပြီဖြစ်ကြောင်း ရုရှားမီဒီယာများက ဆိုသည်။

သမ္မတအာဆက်သည် ရုရှားဥပဒေပြုအမတ်များနှင့် အောက်တိုဘာ ၂၅ ရက်က ဒမတ်စကတ်မြို့တွင် တွေ့ဆုံခဲ့ကြောင်း ရုရှားမီဒီယာများကဆိုသည်။ ဆီးရီးယားနိုင်ငံအတွင်း အိုင်အက်စ်စစ်သွေးကြွများချေမှုန်းရာတွင် ရုရှားအစိုးရမှ လေကြောင်းစစ်ဆင်ရေးများ ကူညီထောက်ပံ့ပေးခဲ့သည့်အတွက် သမ္မတအာဆက်က ရုရှားအစိုးရအား ကျေးဇူးထောပနာ ပြုခဲ့သည်။

ဆီးရီးယားနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးရှိစေရန်အတွက် ပါတီစုံပါဝင်သည့် ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပရန်လိုအပ်ကြောင်း သမ္မတအာဆက်က ပြောသည်။

ရုရှားအစိုးရက ဆီးရီးယားနိုင်ငံနှင့် အခြားသက်ဆိုင်သည့်နိုင်ငံများကို တည်ငြိမ်အေးချမ်းရေးဆိုင်ရာ သဘောတူညီမှုများရရှိရန်နှင့် ရွေးကောက်ပွဲကျင်းပမည့် ၁၈ လအတွင်း အပစ်အခတ်ရပ်စဲထားရန် တောင်းဆိုထားကြောင်း



အာရေဗီဘာသာဖြင့် ထုတ်ဝေသည့် အာရှာအယ် အော်ဆေးသတင်းစာက ရေးသားထားသည်။

**ရိုက်တာ။**

# ဘယ်လ်ဂျီယံရှိ စစ်တန်းလျားတည်ရာ ခြံဝင်း၏ ဂိတ်တံခါးကို ကားဖြင့် အတင်းမောင်းဝင်ရန် ကြိုးပမ်း

**ဘရပ်ဆယ် အောက်တိုဘာ ၂၆**

ဘယ်လ်ဂျီယံနိုင်ငံရှိ စစ်တန်းလျားတစ်ခု၏ အဝင်ဂိတ်တံခါးကို ကားဖြင့် အတင်းမောင်းဝင်ရန် ကြိုးပမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်ခတ်မှုများ ပြုလုပ်ခဲ့သော်လည်း တစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိကြောင်း ဘယ်လ်ဂျီယံ အစိုးရရှေ့နေများက အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားသည်။

သိုးမွေးဦးထုပ်ဆောင်းထားသူ အမျိုးသားတစ်ဦးသည် နာမူးရ်မြို့အနီး ဖလော်ဝင်းအရပ်ရှိ စစ်တန်းလျားတည်ရာ ခြံဝင်းအတွင်းသို့ ကားဖြင့် အတင်းမောင်းဝင်ရန် ကြိုးပမ်းခဲ့သော်လည်း သေနတ်သံများ ပေါ်ထွက်လာခဲ့ပြီးနောက် ၎င်းမှာ ထွက်ပြေးသွားခဲ့ကြောင်း အစိုးရရှေ့နေများက ပြောကြားကြသည်။ အဘယ်ကြောင့် စစ်တန်းလျားတည်ရာ ခြံဝင်းအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းသည်ကို မသိရပေ။ အကြမ်းဖက်တိုက်ခိုက်ရန် ကြိုးပမ်းဖွယ်ရှိမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

စစ်တန်းလျားခြံဝင်းအတွင်း အတင်းအဓမ္မဝင်ရောက်ရန် ကြိုးပမ်းခဲ့သည့် ကားပေါ်တွင် ဗုံးတစ်လုံးပါရှိသည်ဟု တာဝန်ရှိသူများကယူဆကာ ဗုံးရှင်းလင်းရေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့သည်။ အဆိုပါကားသည် စစ်တန်းလျားအနီးရှိ နေရာတစ်နေရာတွင် စွန့်ပစ်ခံထားရသည်ကို တွေ့မြင်ရသည်။

**ရိုက်တာ။**

# အာဖဂန်နစ္စတန်အရှေ့မြောက်ပိုင်းတွင် အင်အား ၇ ဒသမ ၇ ရှိ ငလျင်လှုပ်ခတ်၊ အနည်းဆုံး လူ ၂၉ ဦးသေဆုံး

**ကဘူး အောက်တိုဘာ ၂၆**

အာဖဂန်နစ္စတန်အရှေ့မြောက်ပိုင်းဒေသတွင် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၇ ပြင်းအားရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ မြို့တော်ကဘူးတွင် လူ ၁၇ ဦးသေဆုံးခဲ့ပြီး နယ်မြေချင်း ထိစပ်လျက်ရှိသည့် ပါကစ္စတန်နိုင်ငံတွင် ၁၂ ဦးသေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ဆိုသည်။

အိန္ဒိယနိုင်ငံမြောက်ဘက်ပိုင်းနှင့် ပါကစ္စတန်မြို့တော် အတွင်းသို့ ငလျင်လှိုင်းများ ဖြတ်သန်းရိုက်ခတ်မှုကြောင့် ယင်းဒေသရှိ ဒေသခံပြည်သူများက အဆောက်အအုံများ အပြင်ဘက်သို့ ပြေးထွက်လာခဲ့ကြသည်။

အဆိုပါငလျင်သည် ဟင်ဒူကွတ်ချ် တောင်တန်းဒေသဖြစ်သည့် အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး၏ အရှေ့မြောက်ဘက် ၁၅၈ မိုင်အကွာ အဝေးသို့ ဗဟိုပြုလှုပ်ခတ်ခဲ့သည်။

အမေရိကန်ဘူမိဗေဒကျွမ်းကျင်ပညာရှင်များ၏ တိုင်းတာမှုအရ ငလျင်ပြင်းအားသည် ၇ ဒသမ ၅ မှ ၇ ဒသမ ၇ ရစ်ချ်တာစကေးထိ ရှိကြောင်း သိရသည်။

အာဖဂန်နစ္စတန် အရှေ့ပိုင်းရှိ နန်ဂါဟာခရိုင်တွင် လူငါးဦးသေဆုံးခဲ့ပြီး နိုင်ငံမြောက်ဘက်ပိုင်းရှိ တာလိုကန်မြို့၏ စာသင်ကျောင်းတစ်ကျောင်းတွင် ကျောင်းသား ကျောင်းသူများ အပြင်ဘက်သို့ အလုအယက်ပြေးလွှားစဉ် လူအုပ်ပြုံတိုးမိခြင်းကြောင့် မိန်းကလေး ၁၂ ဦးသေဆုံးခဲ့သည်။ ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် ၁၂ ဦးအနည်းဆုံး သေဆုံးခဲ့သည်။ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ပက်ရှ်ဝါမြို့လေဒီရီးဒင်း ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ကြသည်။

ဒဏ်ရာရရှိသူ အနည်းဆုံး ၅၀ ရှိပြီး ယင်းတို့မှာ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများပြိုကျစဉ် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ဆေးရုံ၏ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။



အာဖဂန်နစ္စတန်မြို့တော် ကဘူးတွင် ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများ ပြိုကျမှုများ ရှိခဲ့သော်လည်း ယခုထိတိုင် ပျက်စီးဆုံးရှုံးမှုစာရင်းကို အတိအကျမသိရသေးပေ။

**ရိုက်တာ။**

# ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုအတွက် အာရှ၌ အလုပ်အကိုင်နေရာများစွာ ပေါ်ထွန်းလာမည်

**စင်ကာပူ အောက်တိုဘာ ၂၆**

အာရှတိုက်၏ ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းကဏ္ဍ တစ်စစ ကျဆင်းလာနေသော်လည်း အစိမ်းရောင်စီးပွားရေးဆိုင်ရာလုပ်ငန်းများ ပိုမိုတိုးတက်လာနေပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုအတွက် အလုပ်အကိုင်နေရာများစွာ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း နိုင်ငံတကာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အေဂျင်စီ၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများပါဝင်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၌ တိုက်ရိုက်နှင့် သွယ်ဝိုက် အလုပ်အကိုင်နေရာများ ဖော်ဆောင်ပေးနိုင်မှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ လွန်ခဲ့သည့်နှစ်တွင် ၁၈ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍအတွက် တိုက်ရိုက်နှင့် သွယ်ဝိုက်အလုပ်လုပ်ကိုင်နေသူပေါင်း ၇ ဒသမ ၇ သန်းရှိသည့်အနက် အများစုမှာ အာရှတိုက်မှဖြစ်ကြောင်း အဆိုပါ အေဂျင်စီ၏ လေ့လာချက်တွင် ဖော်ပြသည်။

တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်နှင့် ဘင်္ဂလားဒေ့ရှ်တို့ပါဝင်သည့် အာရှနိုင်ငံများ၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာလုပ်ငန်းများ တိုးတက်လာနေပြီး ၂၀၃၀ ပြည့်နှစ်ထက်နောက်မကျဘဲ ယင်းကဏ္ဍ၌ အလုပ်လုပ်ကိုင်သူပေါင်း ၁၆ သန်းအထိ မြင့်တက်လာမည်ဟု ခန့်မှန်းရကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

လွန်ခဲ့သည့်နှစ်က ကမ္ဘာတစ်ဝန်း ရေနံဈေးနှုန်းကျဆင်းခဲ့ချိန်မှစ၍ ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၌ အလုပ်သမား ၂၀၀၀၀၀ ကျော် လျှော့ချခဲ့ရကြောင်း သိရသည်။

**ရိုက်တာ။**

# အမျိုးအမည်မသိ အရာဝတ္ထုတစ်ခုနှင့်တိုက်မိ၍ ဟောင်ကောင်ကူးတို့သင်္ဘောခရီးသည် ၁၀၀ ခန့် ထိခိုက်ဒဏ်ရာရ

**ဟောင်ကောင် အောက်တိုဘာ ၂၆**

မကာအိုမှ ဟောင်ကောင်သို့ပြန်လည်ထွက်ခွာလာသည့် ကူးတို့သင်္ဘောတစ်စင်းသည် အောက်တိုဘာ ၂၅ရက်က အမျိုးအမည်မသိအရာဝတ္ထုတစ်ခုနှင့်တိုက်မိခဲ့ရာ ခရီးသည် ၁၀၀ ခန့် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဟောင်ကောင်ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိခိုက်ဒဏ်ရာရရှိသူများအား ဟောင်ကောင်ရှိ ဆေးရုံငါးရုံသို့ တင်ပို့ပေးခဲ့သည်။ သို့ရာတွင် ထိခိုက်ဒဏ်ရာရမှု အခြေအနေမည်သို့ရှိသည်ကို လတ်တလောမသိရသေးပေ။ ဒေသဆိုင်ရာ သတင်းဌာနများ၏ အဆိုအရ အဆိုပါ မတော်တဆဖြစ်ရပ်၌ ထိခိုက်ဒဏ်ရာရသူခြောက်ဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိကြောင်း သိရသည်။

ဟောင်ကောင်ဒေသစံတော်ချိန် အောက်တိုဘာ ၂၅ ရက် ညနေ ၆ နာရီ မိနစ် ၅၀ ခန့်တွင် ဘန်တူကျွန်းအနီး၌ မတော်တဆမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ယင်းဖြစ်ရပ်အတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း သတင်းတွင် ဖော်ပြသည်။

ဟောင်ကောင်ဒေသသည် ကမ္ဘာပေါ်တွင် ရေကြောင်း ခရီးသွားလာမှုအများဆုံးဒေသတစ်ခုဖြစ်သည်။ ဆိုးရွားလှသည့် ရေကြောင်း မတော်တဆမှုများမှာ ဖြစ်ခဲဖြစ်ခဲဖြစ်သည်။ ယင်းရေပြင်တွင် အပန်းဖြေခရီးထွက်လာသူများ၏ မော်တော်ဘုတ်များ၊ ခရီးသည်တင် ကူးတို့ရေယာဉ်များဖြင့် ပျားပန်းခပ် ကူးလူးသွားလာနေသော ရေကြောင်းလမ်းဖြစ်သည်။

ဟောင်ကောင်၏ အိမ်နီးချင်း မကာအိုကျွန်းတွင် လောင်းကစားရုံများရှိပြီး ကမ္ဘာလှည့်ခရီးသည်များဖြင့် စည်ကားနေလေ့ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

မကာအိုသည် တရုတ်နိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်း လောင်းကစားမှု လွတ်လပ်စွာပြုလုပ်နိုင်သည့် ဒေသဖြစ်ပြီး လောင်းကစား ခရီးသွားလုပ်ငန်းဖြင့် ကျော်ကြားသည့်မြို့လည်းဖြစ်သည်။

၂၀၁၂ ခုနှစ် အတွင်းက လူ ၃၉ ဦး သေဆုံးခဲ့သော ရေယာဉ်မတော်တဆဖြစ်ပွားမှုသည် ဟောင်ကောင်ဒေသအတွင်း၌ ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံးသော ရေကြောင်းဆိုင်ရာ ဘေးဒုက္ခတစ်ခုဖြစ်ခဲ့သည်။

**ရိုက်တာ။**



# တပ်ကုန်းနှင့် လယ်ဝေးမြို့နယ်များအတွင်း ဆန္ဒမဲလက်မှတ်များ ထိန်းသိမ်းထားရှိမှုနှင့် ဖြန့်ဝေမှုတို့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အဖွဲ့ဝင် ဦးအောင်မြင့်နှင့် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်း ဆန္ဒမဲလက်မှတ်များ ထိန်းသိမ်းထားရှိမှုနှင့် ဖြန့်ဝေမှုတို့အား လိုက်လံကြည့်ရှုသည်။



ရှေးဦးစွာ တပ်ကုန်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်အတွင်း ဆန္ဒမဲလက်မှတ်များ စနစ်တကျ ထိန်းသိမ်းထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲရုံအလိုက် မဲစာရင်းများဖြန့်ဝေရန် ဆောင်ရွက်နေမှု၊ မဲဆန္ဒရှင်သက်သေခံလက်မှတ်များထုတ်ပေးရန် ဆောင်ရွက်ထားရှိမှု၊ မဲဆွယ်စည်းရုံးရာတွင် ထိပ်တိုက်တွေ့ဆုံမှုများ မဖြစ်စေရေးအတွက် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့မှ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရေး၊ မဲပေးစဉ်ကာလအတွင်း မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များအနေဖြင့် လှည့်လည်ကြီးကြပ်ဆောင်ရွက်သွားရေး၊ မဲဆန္ဒရှင်ပြည်သူလူထုအား မဲပေးရမည့်လုပ်ငန်းစဉ်များ ပညာပေးရေး၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲစာရင်းကူးယူခွင့်ပြုရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ် မြို့မရဲစခန်းတွင် ဆန္ဒမဲလက်မှတ်များကို ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲများသို့ ဖြန့်ဝေမှု၊ မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲများ ထုတ်ပေးမှုနှင့် ပြန်လည်လက်ခံမှု၊ ပုံစံများတွင် မှတ်တမ်းတင်ထားရှိမှု၊ ကြိုတင်မဲပေးပြီးသူများ စာရင်းပုံစံများ ကပ်ထားကြေညာမှု၊ ခရီးလမ်းပန်းခက်ခဲသည့် နေရာများတွင် မဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှု၊ ဆက်သွယ်ရေး၊ မဲစာရင်းနှင့် မဲရုံအလိုက်ဖြန့်ခွဲမှု၊ မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ထုတ်ပေးရန်ကိစ္စနှင့် မဲစာရင်းရလဒ်များ ကြေညာမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး လိုအပ်သည်များ မှာကြားကာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၌ ကြိုတင်မဲပေးသူများ စာရင်းပုံစံ (၁-၁)၊ ပုံစံ (၁-၂) နှင့် ပုံစံ (၁-၃) ကပ်ထားကြေညာမှုတို့အား ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

**၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၆ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ မိမိတို့၏အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်း မရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ (၃-က)ဖြင့် လျှောက်ထားကြရန် ၁၀. ၇. ၂၀၁၅ ရက်စွဲပါ ကြေညာချက် အမှတ် (၃၄/၂၀၁၅)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ နောက်ဆုံး လျှောက်ထားရမည့်နေ့ရက်ကိုလည်း ၁၀. ၁၀. ၂၀၁၅ ရက်နေ့ထိ လျှောက်ထားနိုင်ကြောင်း ဖော်ပြကြေညာခဲ့ပါသည်။ ထိုသို့ လျှောက်ထားရန်လည်း သတင်းဌာနအသီးသီးမှ နေ့စဉ်ထုတ်ပြန် နှိုးဆော်ပေးခဲ့ပါသည်။

၂။ ယခုအခါ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပါတီအသီးသီးမှ ရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအား မဲစာရင်းတွင်ထည့်သွင်းပေးရန် တောင်းဆိုလာကြပါသည်။ အဆိုပါ မဲဆန္ဒရှင်များအတွက် လုံလောက်သောအချိန်ပေးခဲ့ခြင်း၊ နေ့စဉ်နှိုးဆော်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ယခုအချိန်ကာလသည် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းများထုတ်ခြင်း၊ မဲဆန္ဒရှင်စာရင်းများ မဲရုံအလိုက်ခွဲခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား မဲစာရင်းတစ်စုံ အခမဲ့ကူးယူခွင့်ပြုနိုင်ရေး လုံးပမ်းဆောင်ရွက်နေချိန် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအား ပုံစံ (၃-က)ဖြင့် ထည့်သွင်းပေးရန် တောင်းခံခြင်းများအပေါ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံခြားသတင်းထောက်များ သတင်းရယူနိုင်ရေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သတင်းရယူနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာသတင်းဌာနများမှ နိုင်ငံခြားသတင်းထောက်များအား တစ်လသက်တမ်းရှိ ပြည်ဝင်ခွင့်ဗီဇာ ထောက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသတင်းရယူကြမည့် နိုင်ငံခြားသတင်းထောက်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ရောက်ရှိချိန်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးသော ရွေးကောက်ပွဲသတင်းရယူခွင့် အသိအမှတ်ပြုကတ်ပြားကို ထုတ်ယူကြရမည်ဖြစ်ပါသည်။ အဆိုပါ ရွေးကောက်ပွဲသတင်းရယူခွင့် အသိအမှတ်ပြု ကတ်ပြားထုတ်ယူရန်အတွက် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း အတွင်းရေးမှူး ဦးသစ္စာလှထွေး ဖုန်း-၀၉-၅၀၁ ၂၉၅၃၊ Gmail-kothit69@gmail.com သို့ ဆက်သွယ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲသတင်းရယူခွင့် အသိအမှတ်ပြုကတ်ပြားရရှိထားသော နိုင်ငံခြားသတင်းထောက်များအနေဖြင့် အဆိုပါအသိအမှတ်ပြုကတ်ပြားဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မည်သည့်နေရာဒေသမဆို သွားရောက်၍ ရွေးကောက်ပွဲဆိုင်ရာသတင်းများ ရယူနိုင်မည်ဖြစ်ပါသည်။ နိုင်ငံခြားသတင်းထောက်များအနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်အတွင်း မဲရုံပရဝဏ်အတွင်း ဝင်ရောက်သတင်းရယူလိုပါက သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်ရုံးများနှင့် ဆက်သွယ်၍ မဲရုံပရဝဏ်အတွင်း ဝင်ခွင့်အသိအမှတ်ပြုကတ်ပြားရရှိရေး ထပ်မံဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံခြားသတင်းထောက်များအနေဖြင့် ရွေးကောက်ပွဲသတင်းရယူနိုင်ရေးအတွက် လာရောက်ကြရာတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ထောက်ခံပေးထားသော ပြည်ဝင်ခွင့်ဗီဇာထောက်ခံချက်စာအား တစ်ပါတည်း ယူဆောင်သွားကြရမည်ဖြစ်ပြီး တာဝန်ရှိသူများက တိုက်ဆိုင်စစ်ဆေးရာတွင် ပြသပေးကြရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ရယူရေးအတွက် ပြည်ဝင်ခွင့်ဗီဇာရရှိရေးကိစ္စများနှင့်ပတ်သက်၍ ဆက်သွယ်စုံစမ်းလိုပါက ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ကျော် ဖုန်း-၀၆၇၄၁၂၂၀၀၂၊ ၀၉-၅၀၃၄၅၀၈၊ Gmail-myintkyaw103@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲစည်းရုံးဟောပြောမှုအား ဥပဒေနှင့်အညီ စည်းရုံးဟောပြောကြရန် သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် အောက်တိုဘာ ၂၆**

၁။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်တော့မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ စည်းရုံးဟောပြောမှုများသည် အရှိန်အဟုန်မြင့်တက်လာပြီး ထိပ်တိုက်တွေ့ဆုံရာမှ ပဋိပက္ခဖြစ်မည့် အခြေအနေသို့ ရောက်ရှိလာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့်လည်းကောင်း၊ ပါတီများအနေဖြင့်လည်းကောင်း မိမိတို့ပါတီဝင်များနှင့် ထောက်ခံသူများအား မလိုလားအပ်သောဖြစ်စဉ်များ မဖြစ်ပွားစေရန် ကြပ်ကြပ်မတ်မတ် ထိန်းသိမ်းသွားရန် အထူးလိုအပ်နေပါသည်။

၃။ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲစုဝေးဟောပြောမှုနှင့် လှည့်လည်ဟောပြောစည်းရုံးခြင်းများအား တင်ပြစေပြီး ပဋိပက္ခမဖြစ်ရေး ထိန်းသိမ်းကြပ်မတ်ပေးသွားရန်၊ ထိန်းသိမ်းမှုအား မလိုက်နာသော ဟောပြောစည်းရုံးမှုများအား ခွင့်မပြုခြင်း၊ တားမြစ်ခြင်း ဆောင်ရွက်သွားရန်၊ လိုက်နာမှုမရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီများအား ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများမှ ခေါ်ယူအသိပေး၍ မှတ်တမ်းတင်ထားရှိခြင်း၊ လိုအပ်က ဥပဒေနှင့်အညီ အရေးယူခြင်း ပြုလုပ်မည် ဖြစ်ပါသည်။

၄။ ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲများတွင် တာဝန်ရှိပါသည်။ မလိုလားအပ်သော ပဋိပက္ခများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၊ လုံခြုံရေးအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ထိထိရောက်ရောက် ကြပ်မတ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဟသ်ာတမြို့နယ် အုတ်သျှစ်ကုန်းကျေးရွာရှိ ရေဘေးသင့်ခံခဲ့ရသော ပြည်သူများအား အခမဲ့ဆေးဝါးကုသ

**ဟသ်ာတ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် အင်ရန်ကျေးရွာအုပ်စု အုတ်သျှစ်ကုန်းကျေးရွာရှိ ရေဘေးသင့်ခံခဲ့ရသော ကျေးလက်နေပြည်သူများအား အောက်တိုဘာ ၂၆ ရက်က ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ဆေးတက္ကသိုလ်(၁) ကလေးကျန်းမာပညာဌာနတွဲဖက်ပါမောက္ခ(ငြိမ်း) အတိုင်ပင်ခံ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာယုဇနစောမြင့် ဦးဆောင်သော အဖြူရောင်နှလုံးသား ပရဟိတဆေးကုသရေးအဖွဲ့ (ရန်ကုန်)သည် ဆရာဝန် ၁၅ ဦးဖြင့် အဆိုပါကျေးရွာရှိ လူနာ ၃၇၀ ခန့်အား အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် အခမဲ့ဆေးဝါးကုသပေးခဲ့ကြကြောင်း သိရပြီး အဆိုပါအဖွဲ့နှင့်အတူ ဝဠုကျော်ဖောင်ဒေးရှင်းနှင့် ဖြူစင်နှလုံးသားပရဟိတအဖွဲ့ (ရန်ကင်း)တို့က ကျေးလက်နေ ပြည်သူများအား ငါးသေတ္တာဘူး၊ ပြောင်းဖူးစည်သွတ်ဘူးနှင့် အဝတ်အထည်တို့ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(၆၈၂)



# ဖူးပွင့်ဝေစည်၊ ကြာငါးမည်၊ တူရာသီ၊ သီတင်းကျွတ်

တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)

သီတင်းကျွတ်လကို ဗေဒင်အခေါ်အားဖြင့် တူရာသီဟုခေါ်ခြင်း၊ အဿဝဏီနက္ခတ်သည် "စန်း" ဟုခေါ်သော လမင်းနှင့်အတူ ယှဉ်ပြိုင်ထွန်းပနေခြင်း၊ ရာသီပန်းများအနေဖြင့် ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာတံဆိပ်(ကြာပုဏ္ဍရိက်)၊ ကြာခေါင်းလောင်း(ပဒုမ္မာ) ဟူသော ကြာမျိုးငါးပါးတို့ဖြစ်ခြင်း၊ ရာသီပွဲအဖြစ် ဆီမီးမြင်းမိုရ်(ဝါ) တာဝတိံသာပွဲများ ကျင်းပလေ့ရှိခြင်း၊ နံနက် ၆ နာရီတွင် နေထွက်၍ ညနေ ၆ နာရီတွင် နေဝင်သဖြင့် နေ့တာနှင့်ညတာ ညီမျှသော လဖြစ်ခြင်း စသည်တို့ကို အကြောင်းပြုပြီး စာဆို ကင်းဝန်မင်းကြီးက "သီတင်းကျွတ်ပြီ၊ အဿဝဏီရှိန်ဝါ္ဆန်း၊ ကြာမျိုးလည်းစို၊ မီးမြင်းမိုရ်၊ ဗဟိုရ်အချာထွန်း"ဟု စပ်ဆိုခဲ့ပေသည်။

မြတ်ဗုဒ္ဓကိုယ်တိုင် တာဝတိံသာနတ်ပြည်မှ ဆင်းသက်ကြွမြန်းလာချိန်၊ မီးမြင်းမိုရ်ပွဲကျင်းပချိန်၊ မိဘဘိုးဘွား၊ လူကြီးသူမများအား ကန်တော့ချိန်များ၌ မြင်တွေ့ရှုမောရသည့် လောကအလှများနှင့် စပ်လျဉ်းပြီး စာဆို ဖိုးသူတော်ဦးမင်းက ၎င်း၏ သဖြန်ကဗျာလေးတွင် "ကြာငါးမည်ကြိုင်သင်းလို့၊ လျှံဝင်းတဲ့ပြောင်ထိန်၊ ရွှေနန်းတော်တော်ဦးမှာလ၊ ကွန့်မြူးမြင်းမိုရ်မီး၊ ညီးတဲ့ခါချိန်၊ ရှိဦးငယ်နှိမ်၊ သုံးကြိမ်ရိုပျောင်း။ သက္ကစ္စဂါရဝါနှင့်၊ စဉ်အလာပူဇော်ပွဲကို နွှဲကြပေတောင်း။"ဟု လည်းကောင်း၊ မဟာအတုလမင်းကြီး လွမ်းချင်းတွင်လည်း "လှိုင်လှိုင်သာ သင်းတော့မယ်၊ ကန်မင်းငယ်နန္ဒာ၊ လျှံဝင်းငယ်ဖြာသည်၊ ပွင့်ရွှေကြာမြိုင်မြိုင်နှင့် ကြိုင်ကြိုင်သင်းတဲ့လကိုလေး။ တူရာသီဝယ်၊ အဿဝဏီကြယ်မြတ်၊ ကျီးမင်းသိရ်လဲ၊ ရောင်ရှိန်လျှပ်လို့ သုဒဿကယ်နန်းလို၊ မီးမြင်းမိုရ်နှင့်၊ ဆိုကင်းလွတ်၊ သီတင်းကျွတ်မို့ ဘုံထွတ်ကယ်ဥကင်၊ ဖွင့်စံပယ်ရှင်သောအခါ၊ တိုင်းခွင်ကြီးအောင်ချာမှာ၊ ဆီမီးဝါထိန်ထိန်လင်းလို့၊ လင်းလှတယ်လေး။" ဟု လည်းကောင်း၊ မိုးနှောင်းကာလဖြစ်သော သီးတင်းကျွတ်လ၏ ကောင်းကင်တစ်ခွင်ဝယ် တိမ်ပြာများအုံ့ဆိုင်းနေပုံ၊ နေရောင်ခြည်ကို မတွေ့မြင်ရသဖြင့် ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး မှောင်မည်းလျက် မိုးခြိမ်းသံများမြည်ဟည်းနေပုံ၊ လပြည့်နေ့၏ညတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ ကြွမြန်းသက်ဆင်းတော်မူလာစဉ် ဆီမီးများဖြင့် ထွန်းညှိပူဇော်ကြပုံနှင့် ပိတုန်းကောင်လေးများက ကြာဝတ်ဆံများကို သယ်ယူနေကြပုံ စသည့်အခြင်းအရာတို့ကို စာဆိုစာရေးတော်ကြီး ဦးမောင်ကလေးက "သန်နှောင်းသမိန်ချိန်ဝါသုံးလို့၊ တိမ်လုံးပြာ အိကြွေချင့်ချင်၊ စိန်အုံးကာ သိဗ္ဗေသဥ္စသဉ်မှာ၊ ကွေ့တဲ့သခင်ပွေ့ရှော့လား၊ မခန့်တရန့် ဖြန့်ကြီး မှောင်တယ်၊ ဟန့်ဆီးမမှောင် စည်မောင်းဆော်ချက်ကြွား။ ယုန်ငွေပွင့်နှင့် ကျီးမင်းနယ်ဝယ်၊ သဝဏီကြွယ်ဆွယ်တကား။ မချိစဖွယ် သွယ်သွယ်များလို့၊ ဘယ်ဘယ်တန့်စားဖြေမပြို၊ ရှင်စောမုနိန်ဝတိံရပ်က၊ ဘူမိန်သက်သ်ဆင်းတဲ့ခါတခို၊ သဘင်သီးသန့် မြှောက်ချီးပိုအောင်၊ ဆီမီးမြင်းမိုရ် ရွှေဆင်ပွဲနှင့် ရွှင်မြဲဖိုမနူန်းတသိရ်၊ ပိတုန်းတောင်ယှက်လိမ်။ ပဒုမာတမွတ် ညှာညွတ်အိမ်မှာ၊ ကြာဝတ်သယ်ချိန် ကြည်နူးရန်ပလေး"ဟု ပီပြင်စွာ စာပန်းချီရေးဖွဲ့ထားပြန်ပါသည်။

ဤလအခါသမယသည် မိုးရာသီကုန်ဆုံးတော့မည်ဖြစ်၍ မိုးရွာသွန်းမှုအားနည်းလာပြီး မိုးရာသီမကုန်ဆုံးသေးသော်လည်း နေရောင်ခြည်ဖြာစပြုလာပြီဖြစ်၍ ဥတုသာယာတော့မည့် ဆောင်းရာသီ၏ အရုဏ်ဦးအချိန်ပင် ဖြစ်သည်။ ယင်းအချိန်တွင် "ဝါဆိုကင်းလွတ်၊ သီတင်းကျွတ်မို့" ဆိုသည်နှင့်အညီ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ပညတ်တော်အရ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ပုရိမဝါဆိုတော်မူကြသည့် သံဃာတော်များမှာ ဤလ၏ လပြည့်နေ့တွင် ဝါဆိုသည့်ကာလ ကုန်ဆုံးသွားကြပြီဖြစ်သဖြင့် အရပ်တစ်ပါးသို့ ညဉ့်အိပ်ညဉ့်နေ ကြွချီတော်မူကြပြီဖြစ်သည်။ ဂေါတမဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ ညနေပိုင်း၌ သာဝတ္ထိပြည်အနီးရှိ ကဏ္ဍမ္ဗသရက်ဖြူပင်အနီးတွင် တိတ္ထိတို့ကို ရေ၊ မီးအစုံစုံ တန်ခိုးပြာဋိဟာပြသတော်မူခဲ့သည်။ ယင်းပြာဋိဟာပွဲကြီးအပြီးတွင် မယ်တော်မိနတ်သားအား အဘိဓမ္မာတရားဟောကြားတော်မူခြင်းဖြင့် ကျေးဇူးဆပ်ရန်အတွက် ဂေါတမဘုရားရှင်သည် တာဝတိံသာနတ်ပြည်သို့ ကြွမြန်းတော်မူ၍ သတ္တမဝါကပ်တော်မူသည်။ ဗုဒ္ဓမြတ်စွာ တာဝတိံသာနတ်ပြည်သို့ ရောက်ရှိပြီး သန္တုသိတမည်သော မယ်တော်မိနတ်သား အမှူးပြုသည့် စကြဝဠာပေါင်းတိုက်တစ်သောင်းတို့မှ နတ်၊ ဗြဟ္မာပရိသတ်တို့အား အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲ ဟောကြားတော်မူလေသည်။ ဘုရားရှင်၏ အဘိဓမ္မာတရား ဟောကြားခြင်းသည် ဝါတွင်းသုံးလမြောက်ဖြစ်သော သီတင်းကျွတ်လပြည့်နေ့၌ ပြီးဆုံးလေသည်။

ဗုဒ္ဓရှင်တော်ဘုရားသည် သိကြားမင်းအား သီတင်းကျွတ်လပြည့်နေ့၌ လူ့ပြည်သို့ ပြန်ကြွမည်ဖြစ်ကြောင်း မိန့်ကြားတော်မူသည့်အခါ သိကြားမင်းသည် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဟူသော စောင်းတန်းသုံးသွယ်ကို ဖန်ဆင်းပေး၏။ ထိုစောင်းတန်းသုံးသွယ်၏ အခြေတို့ကား သင်္ကဿမြို့တံခါး၌ တည်ကုန်ပြီး စောင်းတန်းဦးများကား မြင်းမိုရ်တောင်ထိပ်၌ တည်ကြ၏။ ဗုဒ္ဓရှင်တော်မြတ်သည် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်စွာ အလယ်ဗဟို၌ရှိသော ပတ္တမြားစောင်းတန်းဖြင့် သက်ဆင်းကြွမြန်းပြီး နတ်အပေါင်းတို့က လက်ယာဘက် ရွှေစောင်းတန်းဖြင့် လည်းကောင်း၊ ဗြဟ္မာကြီးများက လက်ဝဲဘက်ငွေစောင်းတန်းဖြင့် လည်းကောင်း အသီးသီးခြံရံလိုက်ပါသက်ဆင်းလာကြ၏။ ပဉ္စသိခ် နတ်သားက သုံးဂါဝုတ်ပမာဏရှိသော ဗေဠုဝနတ်စောင်းကြီးကို လက်သံကုန်တီးခတ်လျက်ပူဇော်ကာ လက်ယာနံပါးမှ သက်ဆင်းလိုက်ပါလာသည်။ မာတလိနတ်သားက နတ်၌ ဖြစ်သော ပန်းနံ့သာ အမွှေးအကြိုင်တို့ကိုကိုင်စွဲလျက် ဘုရားရှင်ကို ရှိခိုးပူဇော်ကာ လက်ဝဲနံပါးမှ သက်ဆင်းလိုက်ပါလာသည်။ သုယာမနတ်မင်းက စာမရီသားမြီးယပ်ကို ခတ်လျက်လည်းကောင်း၊ သန္တုသိတနတ်မင်းက ပတ္တမြားယပ်ဝန်းကို တလွှဲလွှဲခတ်လျက်လည်းကောင်း၊ သိကြားမင်းက ဝိဇယုတ္တခရုသင်းကို မှုတ်လျက်လည်းကောင်း လက်ယာဘက်မှပင်ပူဇော်ကာ သက်ဆင်းလိုက်ပါလာကြသည်။

ထို့နည်းတူ ကျန်စကြဝဠာတိုက်တို့၌ နေထိုင်ကြကုန်သော နတ်တို့သည်လည်း အမျိုးမျိုးသော ပူဇော်မှုကို ပြုလျက် သက်ဆင်းလိုက်ပါလာကြပြီး လက်ဝဲဘက် ငွေစောင်းတန်းမှလည်း သဟမ္ပတိဗြဟ္မာကြီးသည် ဗြဟ္မာထီးဖြူကြီးကို ဆောင်းမိုး၍ ပူဇော်ကာ သက်ဆင်းလိုက်ပါလာလေသည်။ ထိုအချိန်တွင် သာဝတ္ထိပြည်ရှိ ပရိသတ်အပေါင်းသည်လည်း သီတင်းကျွတ်လပြည့်၌ သင်္ကဿမြို့တံခါးသို့ မြတ်စွာဘုရားအား ဖူးမြော်ကြရန် ရောက်ရှိနေကြပြီဖြစ်သည်။ ဤသို့ မြတ်စွာဘုရားသည် နတ်ဗြဟ္မာအပေါင်းခြံရံလျက် တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူ၍ လူ့ပြည်သို့အရောက်စောင်းတန်းဦး၌ လက်ယာခြေတော်ကိုချမိလျှင်ပင် ဘုရားရှင်ကို တပည့်ကြီး ရှင်သာရိပုတ္တရာမထေရ်က ရှေးဦးစွာ ရှိခိုးပူဇော်ပြီးနောက်မှ ကျန်ပရိသတ်တို့က မြတ်စွာဘုရားကို ရှိခိုးဖူးမြော်ကြလေသည်။ သင်္ကဿမြို့တံခါးဝ၌ စောင်းတန်းမှ ရှေးဦးပထမဆုံး လက်ယာခြေတော်ချရာအရပ်သည် နောင်သောအခါ ဝယ် "အစလစေတိယဌာန" ဟူ၍ အမည်ထင်ရှားလေသည်။ ဤသို့ ရှင်သာရိပုတ္တရာအမှူးပြုသော လူနတ်ဗြဟ္မာသတ္တဝါအပေါင်းပါဝင်သည့် ပရိသတ်အပေါင်းက ဘုရားရှင်အား သောင်းသောင်းဖြဖြ ပူဇော်ပွဲကြီးကိုရည်မှန်း၍ သီတင်းကျွတ်လပြည့်နေ့ ညအချိန်တွင် မီးပုံးများ၊ ဆီမီးရောင်စုံများထွန်းညှိပူဇော်ခဲ့ကြပေသည်။ ယင်းသို့ ဗုဒ္ဓမြတ်စွာတာဝတိံသာမှ ဆင်းသက်ကြွချီတော်မူခဲ့သည်ကို အကြောင်းပြု၍ "တာဝတိံသာပွဲတော်"ဟု လည်းကောင်း၊ တာဝတိံသာနတ်ပြည်တည်ရှိရာ မြင်းမိုရ်တောင်ထိပ်မှ ဆင်းသက်တော်မူသည်ကို အကြောင်းပြု၍ "မီးမြင်းမိုရ်ပွဲ" ဟုလည်းကောင်း အသီးသီးခေါ်ဝေါ်ကြပါသည်။

သီတင်းကျွတ်လပြည့်နေ့သည် မြတ်စွာဘုရားရှင်က အဘိဓမ္မာတရားတော်ကို နတ်ပြည်၌ နတ်ဗြဟ္မာပရိသတ်တို့အား အကျယ်နည်းဖြင့် ဟောကြားခြင်းပြီးဆုံးသည့်နေ့ဖြစ်ခြင်း၊ စန္ဒကူးတော၌ အရှင်သာရိပုတ္တရာအား အကျဉ်းနည်းဖြင့် ဟောကြားခြင်းပြီးဆုံးသည့်နေ့ဖြစ်ခြင်း၊ တစ်ဖန် အရှင်သာရိပုတ္တရာက လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းငါးရာတို့အား မကျဉ်းမကျယ် အလယ်အလတ်နည်းဖြင့် သင်ကြားပို့ချခြင်းပြီးဆုံးသည့်နေ့ဖြစ်ခြင်းတို့ကို ရည်ညွှန်း၍ "အဘိဓမ္မာအခါတော်နေ့" အဖြစ် ကျင်းပခြင်းဖြစ်ပါသည်။

ယင်းအဘိဓမ္မာတရားတော်တွင် ကုသိုလ်၊ အကုသိုလ်စသော တရားတို့ကို အကျဉ်းချုပ်အားဖြင့် ပြဆိုဟောကြားတော်မူသော "ဓမ္မသင်္ဂဏီကျမ်း"၊ ခန္ဓာစသော တရားတို့ကို သုတ္တန်နည်း၊ အဘိဓမ္မာနည်းတို့ဖြင့် အမေးအဖြေပြုကာ အကျယ်တဝင့် ဝေဖန်ဟောကြားသော "ဝိဘင်းကျမ်း"၊ ဓာတ်အမျိုးမျိုးတို့ကို ဟောကြားသော "ဓာတုကထာကျမ်း"၊ ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို ခွဲခြားသတ်မှတ် အမည်တပ်၍ ဟောကြားသော "ပုဂ္ဂလပညတ်ကျမ်း"၊ အယူဝါဒနှင့်ဆိုင်သော စကားတို့၏တည်ရာဖြစ်၍ အဘိဓမ္မာအနှစ်သာရတို့နှင့်ပြည့်စုံသော "ကထာဝတ္ထုကျမ်း"၊ အနုလုံနှင့်ပဋိလုံ၊ ပုစ္ဆာနှင့် ဝိသဇ္ဇနာ၊ သန္နိဋ္ဌာန်နှင့် သံသယအစုံစုံပြု၍ ဟောကြားသော "ယမိုက်ကျမ်း"၊ အကြောင်းအမျိုးမျိုးကို လည်းကောင်း၊ ကုသိုလ်စသောတရားတို့ကို (၂၄)ပစ္စည်းတို့ဖြင့် လည်းကောင်း ဝေဖန်ဟောကြားပြီး သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာဖြစ်သည့် "ပဋ္ဌာန်းကျမ်း" ဟူ၍ ခုနစ်ကျမ်းရှိပါသည်။

အဆိုပါ အဘိဓမ္မာတရားတော်သည် မြတ်စွာဘုရားရှင်က သန္တုသိတမည်သော မယ်တော်မိနတ်သားအား ကျေးဇူးဆပ်သည့်အနေဖြင့် ဟောကြားတော်မူသော တရားဖြစ်ခြင်း၊ တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူသော တရားဖြစ်ခြင်း၊ မြတ်စွာဘုရားသည် ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခြင်း၊ ပကတိမြတ်စွာဘုရားနှင့် နိမ္မိတဘုရားရှင်တို့ တစ်လှည့်စီဟောကြားတော်မူခြင်းဟူသည့် ထူးခြားချက်လေးမျိုးနှင့်ပြည့်စုံပါသည်။ ထို့ပြင် အဘိဓမ္မာတရားတော်သည် ပါဠိ၏နက်နဲခြင်း၊ သဘောအဓိပ္ပာယ်၏နက်နဲခြင်း၊ ဟောကြားပုံအစီအစဉ်၏ နက်နဲခြင်း၊ ဉာဏ်တော်၏ နက်နဲခြင်းဟူသော ဂမ္ဘီရလေးမျိုးနှင့်လည်းပြည့်စုံပါသည်။ အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ပူဇော် သင်ကြားနာယူရခြင်းကြောင့် လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းတော်များကဲ့သို့ နာမရူပပရိစ္ဆေဒဉာဏ်ရင့်သန်စေခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရန်လမ်းကြောင်း အထောက်အပံ့ကောင်းရနိုင်ခြင်း၊ ဘေးဥပဒ်အန္တရာယ်ကင်းဝေးစေခြင်း၊ ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံစေခြင်း စသည့် အကျိုးတရားများ ရရှိနိုင်ကြပေသည်။

ဤသီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းသံဃာတော်များအနေဖြင့် ဘုရားရှင်၏ ဝိနည်းဒေသနာတော်အရ ပဝါရဏာ ပွဲတော်ကျင်းပကြသည်။ ပဝါရဏာဟူသည် ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်း အဓိပ္ပာယ်ရသည်။ ရဟန်းသံဃာတော်အချင်းချင်း အပြန်အလှန်ဖိတ်ကြားသည့်(ဝါ)တိုက်တွန်းတောင်းပန်ကြသည့်ပွဲဖြစ်လေသည်။ ပဝါရဏာပွဲတွင် သိက္ခာဝါအကြီးဆုံး မထေရ်ကြီးက "ငါ့ရှင်တို့ တပည့်တော်သည် သံဃာကိုဖိတ်ကြားပါ၏။ တပည့်တော်၏ အပြစ်ကို မြင်သော်လည်းကောင်း၊ ကြားသော်လည်းကောင်း၊ သံသယရှိသော်လည်းကောင်း၊ တပည့်တော်အား သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်ကိုရှု၍ ကုစားပါမည်"ဟု သုံးကြိမ်တိုင်တိုင် သံဃာအား ဖိတ်ကြားတိုက်တွန်းရ၏။ ထို့နောက် ထေရ်စဉ်၊ ဝါလိုက်သံဃာကုန်သည်အထိ သုံးကြိမ်စီရှိသေစွာဖိတ်ကြားကြရ၏။ ဖိတ်ကြားပြီးတိုင်း ကျန်သံဃာများက သာဓုသုံးကြိမ်ခေါ်ကြရ၏။ သံဃာအားလုံး ဖိတ်ကြားပြီးသည့်အခါ တစ်ခါတစ်ရံအကြီးဆုံး သံဃနာယက မထေရ်ကြီးက သံဃာများအား ဩဝါဒစကား မိန့်ကြားတော်မူလေ့ရှိပေသည်။

ဤသို့ ရဟန်းသံဃာတော်များအချင်းချင်း အပြန်အလှန်ဖိတ်ကြားတိုက်တွန်းသောပွဲကို ပဝါရဏာပွဲဟု ခေါ်ပါသည်။ သီတင်းကျွတ်လပြည့်နေ့သည် မြန်မာတို့အဖို့ ဝါကျွတ်ချိန်ခါဖြစ်ပြီး ထိုအချိန်တွင် မြန်မာမှုအစဉ်အလာအရ သက်ကြီးရွယ်အို၊ ဘိုးဘွားမိဘ၊ ဆရာသမားတို့အား ပူဇော်ကန်တော့လေ့ရှိကြပေသည်။ ယင်းသို့ ဝါကျွတ်ကန်တော့ပွဲကို မြန်မာမင်းများလက်ထက် နန်းတော်တွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပုံကို စာဆိုဦးကြော့၏ သီတင်းကျွတ်လဖွဲ့ တေးထပ်တွင် "ဆဒ္ဒန့်ပိုင် ညီလာခံသည်၊ သီဟာပျံ့ဗွေမော့၊ ဒီပါလျှံ ကေလျှော့လို့၊ ရွှေကန်တော့ခံချိန်၊ ရတနာထီးစင်းကြို့၊ မီးမြင်းမိုရ် ညီးပျို့ထိန်ထိန်"ဟု လည်းကောင်း၊ ထို သီတင်းကျွတ်သက်ကြီးပူဇော်ပွဲတွင် ပါဝင်ဆင်နွှဲလိုသော ဆန္ဒကြီးမားစွာဖြင့် ၎င်းပူဇော်ကန်တော့ပွဲအမီ မိမိဌာနေသို့ ပြန်လိုသောစိတ်များ ဖုံးလွှမ်းကာ ရပ်ဝေးတစ်နေရာမှ မှန်းဆတမ်းတ လွမ်းတသသဖြစ်ရရှာသူများကို အကြောင်းပြု၍ ရှေးစာဆိုတစ်ဦးက ၎င်း၏ သီတင်းကျွတ်လဖွဲ့ ခွန်းတောက်တစ်ပုဒ်တွင် "ဌာန်တော်ဆီ၊ တကြော့ကလေး ဆံကိုဖြီးလို၊ ကန်တော့မှီ ပြန်လိုက် စမ်းချင်လှ၊ နန်းမြို့ရိပ်ဟောင်းကိုလ၊ သော်တာ၊ မျှော်ပါ၊ ရော်ခါရမ်းရတယ်ရှင်၊ လွမ်းဖို့မိတ်ပေါင်း"ဟု ရေးဖွဲ့ထားပြန်ပါသည်။

ဤသို့ ထူးခြားမှုအဖုံဖုံ ဂုဏ်အမျိုးမျိုးတို့ဖြင့် ပြည့်စုံလှသည့် ဤသီတင်းကျွတ်လပြည့်နေ့၌ မြတ်ဗုဒ္ဓသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီးနောက် သင်္ကဿနဂိုရ်ပြည်သို့ ပြန်လည်ကြွမြန်းလာပုံ၊ လူတို့ကလည်း ဆီမီးများပူဇော်ထွန်းညှိကြိုဆိုကြပုံတို့ကို ရည်မှန်းကာ မြတ်စွာဘုရားဟောကြားတော်မူသည့် အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ပူဇော်သင်ကြားနာယူလျက် မြန်မာမှုအစဉ်အလာအရ သက်ကြီးရွယ်အိုဘိုးဘွားမိဘ ဆရာသမားတို့အား ပူဇော်ကန်တော့ကြခြင်းဖြင့် ဘေးဥပဒ်အန္တရာယ်ကင်းဝေးပြီး ကျက်သရေမင်္ဂလာ အဖြာဖြာတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ရပါသတည်း။ ။

## ဝါလကင်းလွတ် သီတင်းကျွတ်

- ❁ ဝါလလွတ်ကင်း၊ ကျွတ်သီတင်း
  ချဉ်းနင်း ရောက်လေပြီ။
- ❁ မယ်တော်မိနတ်၊ ကျေးဇူးဆပ်
  မြင့်မြတ်လှစွာ ဘိဓမ္မာ
  ဟောကာပြီးလေပြီ။
- ❁ စောင်းတန်းသုံးသွယ်၊ ရောင်စုံချယ်
  အလယ်တန်းမှ ဆင်းလေပြီ။
- ❁ ဗုဒ္ဓရည်ညွှန်း၊ ရောင်စုံမွမ်း
  မီးထွန်းကြလေပြီ။
- ❁ ဥပုသ်သီတင်း၊ ဆောက်တည်ခြင်း
  ခပင်းပြုလေပြီ။
- ❁ ဆရာ မိဘ၊ ဂါရဝ
  ဒါနပြုလေပြီ။
- ❁ ရိုးရာမုန့်များ၊ ပြုလုပ်ထား
  အများကျွေးလေပြီ။
- ❁ ခြေဉ်းလက်သာ၊ ပြည်မြန်မာ
  သာယာလှတော့သည်။
- ❁ မြတ်နိုးဖွယ်ရာ၊ တို့ရိုးရာ
  တိုးကာချစ်တော့သည်။

ပန်းတောင်းသန်းကြွယ်

ပြည်တွင်းရေးရာ

# ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ကော့သောင်းခရိုင် ကမ်းရိုးတန်းဒေသသို့ လာရောက်လည်ပတ်

**နေပြည်တော် အောက်တိုဘာ ၂၆**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခွင့်ပြုကျွန်းစုခရီးစဉ်များကို သွားရောက်လည်ပတ်လျက်ရှိသည်။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ကော့သောင်းရုံးခွဲ၏ အနီးကပ်စီစဉ်မှု၊ ထိုင်းနိုင်ငံသားပိုင်ကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် စက်တပ်ရွက်လှေများဖြစ်သော Namjai 2 စက်တပ်ရွက်လှေဖြင့် အောက်တိုဘာ ၃ ရက်မှ ၇ ရက်အထိ လည်းကောင်း၊ M/V Polaris One စက်တပ်ရွက်လှေဖြင့် အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်အထိလည်းကောင်း၊ Namjai Nine စက်တပ်ရွက်လှေဖြင့် အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ လည်းကောင်း၊ Namjai 2 စက်တပ်ရွက်လှေဖြင့် အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိလည်းကောင်း ကော့သောင်းခရိုင်အတွင်းရှိအောက်ကျွန်းနီကျွန်း-မြန်မာဘန့်-မြောက်တော်ဝင်ကျွန်းများသို့ ထိုင်းနိုင်ငံသား စုစုပေါင်း ၃၈ ဦး လိုက်ပါလျက် လာရောက်အပန်းဖြေ လည်ပတ်ခဲ့ကြသည်။

ကမ္ဘာလှည့် ခရီးသည်များသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် အပြည်ပြည်ဆိုင်ရာလေကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်းခရီးစဉ်များသာမက နယ်စပ်ဖြတ်ကျော်ခရီးစဉ်များဖြင့် မြန်မာနိုင်ငံ၏ သာယာလှပသော ရှုခင်းများ၊ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ၊ လက်မှုပညာလုပ်ငန်းများ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့စရိုက်နှင့် နေထိုင်မှုပုံစံများကို သိရှိထိတွေ့ခံစားလို၍ လာရောက်ကြသကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခွင့်ပြုကျွန်းစုများသို့လည်း နေ့ချင်းပြန်ခရီးစဉ်၊ ညအိပ်ခရီးစဉ်များအား စက်တပ်ရွက်လှေများဖြင့် သွားရောက်ကာ အပန်းဖြေခြင်း၊ ငါးမျှားခြင်း၊ ရေကူးခြင်းများဖြင့် ယခင်ကထက် ပိုမိုစိတ်ဝင်စားစွာ လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



# ညောင်ဦးတွင် စပိန်နိုင်ငံသား ဇနီးမောင်နှံ ကျပျောက်ခဲ့သည့် ခရီးဆောင်ဘေးလွယ်အိတ်တစ်အိတ် ဒေသခံတစ်ဦးတွေ့ရှိ၍ ပြန်လည်ပေးအပ်

**ညောင်ဦး အောက်တိုဘာ ၂၆**

ညောင်ဦးမြို့တွင် အောက်တိုဘာ ၂၄ ရက်က စပိန်နိုင်ငံသား ဇနီးမောင်နှံတို့ ညောင်ဦးမြို့အတွင်း လည်ပတ်နေစဉ်ကျကျန်ခဲ့သည့် ခရီးဆောင်ဘေးလွယ်အိတ်တစ်အိတ်အား ဒေသခံတစ်ဦးက ကောက်ယူတွေ့ရှိကာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့သို့ ဆက်သွယ်အပ်နှံခဲ့သဖြင့် ပိုင်ရှင်ဖြစ်သူထံသို့ ပြန်လည်အပ်နှံပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၄ ရက် ည ၉ နာရီက ညောင်ဦးမြို့ အမှတ်(၅)နယ်မြေ သီရိပစ္စယာတိုးချဲ့(၅)ရပ်ကွက် ZFREETI HOTEL မှ မန်နေဂျာ ဦးမြတ်မင်းထွဋ်က ၎င်းတို့ဟိုတယ်တွင် အခန်းအမှတ် (၁၀၂) ၌ တည်းခိုနေသော စပိန်နိုင်ငံသားဇနီးမောင်နှံသည် လျှပ်စစ်စက်ဘီးဖြင့် ညောင်ဦးမြို့အတွင်း လည်ပတ်နေစဉ် လျှပ်စစ်စက်ဘီးနောက်ထိုင်ခုံပေါ်တွင် ချည်နှောင်ထားသည့် QUECHUO အမျိုးအစားအနက်ရောင် ခရီးဆောင်ဘေးလွယ်အိတ်တစ်လုံး ကျပျောက်ခဲ့သဖြင့် ကူညီရှာဖွေစုံစမ်းပေးနိုင်ပါရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့သို့ ဆက်သွယ်အကူအညီတောင်းခံခဲ့ကြောင်း သိရသည်။

ထို့နောက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှ ရဲအုပ်ညွှန့်ဝင်းဦးစီးသောအဖွဲ့က လိုက်လံစုံစမ်းရှာဖွေနေစဉ် အောက်တိုဘာ ၂၅ ရက် ညနေ ၃ နာရီခန့်တွင် ဦးသန်းဇော် ညောင်ဦးမြို့ အမှတ်(၇)နယ်မြေ ဝက်ကြီးအင်းရပ်နေသူသည် အောက်တိုဘာ ၁၅ ရက် နံနက် ၈ နာရီက အလုပ်မှအပြန် စာတိုက်ရှေ့ နှစ်လမ်းသွားအနော်ရထာလမ်းမကြီးပေါ်တွင် အိတ်တစ်လုံး ကောက်ယူ တွေ့ရှိခဲ့ကြောင်း၊ အိတ်ပိုင်ရှင်ပြန်လည်ရှာဖွေမတွေ့ရှိသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့သို့ အပ်နှံလိုကြောင်း တယ်လီဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ရဲအုပ်ညွှန့်ဝင်းဦးစီးအဖွဲ့သည် ဝက်ကြီးအင်းရပ်ရှိ အိတ်ကောက်ယူတွေ့ရှိသူ ဦးသန်းဇော် နေအိမ်သို့သွားရောက်၍ အိတ်အားဖွင့်ဖောက်စစ်ဆေးလက်ခံခဲ့ရာ အိတ်အတွင်း၌ SAMSUNG ဟန်းဆက် အနက်ရောင် တစ်လုံး၊ SONY ကင်မရာအဖြူရောင်တစ်လုံး၊ Marc အမျိုးအစားမျက်မှန်တစ်လက်၊ ဧည့်လမ်းညွှန်စာအုပ်တစ်အုပ်၊ ယာဉ်မောင်းလိုင်စင်တစ်ခု၊ Credit ကတ်နှစ်ကတ်၊ Passport နှစ်ခု၊ Visa နှစ်ခု၊ အမေရိကန်ဒေါ်လာ ၁၀ တန် လေးရွက်၊ မြန်မာငွေရောရာ ကျပ်ငါးသောင်းတို့ကို တွေ့ရှိရကြောင်း သိရသည်။

ထို့နောက် အောက်တိုဘာ ၂၅ ရက် ညနေ ၄ နာရီခွဲတွင် အဆိုပါအိတ်နှင့် ပစ္စည်းများအား ပိုင်ရှင်ဖြစ်သူထံ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ZFREETI HOTEL သို့ သွားရောက်ပြီး ပစ္စည်းပျောက်၍ တိုင်ကြားထားသူ စပိန်နိုင်ငံသား Mr.Fernandez နှင့် ဇနီးဖြစ်သူ Mrs.Cristina တို့အား ပိုင်ရှင်မှန်/မမှန် သိရှိနိုင်ရန် စစ်ဆေးမေးမြန်းခဲ့ပြီး ၎င်း၏ အိတ်ဖြစ်ကြောင်း အတွင်းပါပစ္စည်းများကို မှန်ကန်စွာပြောပြနိုင်ခဲ့သဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ် ဖွဲ့မှ တာဝန်ရှိသူများသည် ZFREETI HOTEL မှ မန်နေဂျာ ဦးမြတ်မင်းထွဋ်၊ အိတ်ကောက်ယူတွေ့ရှိခဲ့သူ ဦးသန်းဇော်တို့ ရှေ့မှောက်၌ ပိုင်ရှင်မှန်ဖြစ်သူ စပိန်နိုင်ငံသား ဇနီးမောင်နှံထံသို့ အိတ်နှင့် အတွင်းပါပစ္စည်းများကို ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**ရဲသူအောင်(ညောင်ဦး)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဘားအံမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်ပေး



**ဘားအံ အောက်တိုဘာ ၂၆**

ဘားအံမြို့နယ် မင်းဇီကျေးရွာအုပ်စုအတွင်း ကျေးရွာများမှ အသက် (၁၈) နှစ်ပြည့်ပြီးသည့် ဒေသခံပြည်သူ ၈၇ ဦးအား မိုးပွင့်အထူးစီမံချက်အပိုင်း (၂) အရ အောက်တိုဘာ ၂၃ ရက်က သိုက်တောဘုန်းတော်ကြီးကျောင်းတွင် နေ့ချင်းပြီး အခမဲ့ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့သည်။

အလားတူ ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း မိုးပွင့်အထူးစီမံချက်အပိုင်း (၂) အရ နောင်ထလုံးကျေးရွာအုပ်စုတွင် ၆၃ ဦး၊ ကော့ကဒါကျေးရွာအုပ်စုတွင် ၁၅၀၊ အိန္ဒုကျေးရွာအုပ်စုတွင် ၅၉ ဦး၊ သာယာကုန်းကျေးရွာ အုပ်စုတွင် ၈၁ ဦး၊ မိဗိုင်းကျေးရွာအုပ်စုတွင် ၂၂၁ ဦးတို့အား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးမိုးကျော်သူညွှန့်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး အခမဲ့ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

❐❐

# ဂေါက်သီးရိုက် ပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် Phyo Sithu Trading Co., Ltd .& Eco Natural Resort မှအဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ သတ္တမပွဲစဉ်အား နိုဝင်ဘာ ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း)တွင် ကျင်းပသွားမည်ဖြစ်သည်။




အဆိုပါပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်အဆင့်၊ ဝါသနာရှင်အဆင့်အမျိုးသား (Handicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-22) ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး (R&A Rules Limited)၏ ဂေါက်စည်းမျဉ်းနှင့်အညီ ကွင်းဒေသန္တရစည်းမျဉ်းများ သတ်မှတ်ရေးဆွဲ၍ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပရော်ဖက်ရှင်နယ်အဆင့်နှင့် ဝါသနာရှင်အဆင့် အမျိုးသမီးဂေါက်သီးအားကစားသမားများသည် နိုဝင်ဘာ ၁ ရက် မွန်းတည့်၁၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်း ပေးသွင်းရမည်ဖြစ်သည်။

ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ဦးရေ ၉၆ ဦးသာ ကန့်သတ်လက်ခံမည်ဖြစ်သောကြောင့် ပြိုင်ပွဲဝင်လိုသူများအနေဖြင့် အမည်စာရင်းများအား ဖုန်း- ၀၉-၂၀၃၇၆၇၁၊ ၀၉ -၂၆၂၅၅၂၄၅၂၊ ၀၉- ၂၅၄၇၂၅၀၈၁ တို့သို့ ကြိုတင်ပေးသွင်းရန်လိုအပ်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအား ကြိုတင်လေ့ကျင့်မှုများပြုလုပ်နိုင်ရန်အတွက် Official Practice Round အား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ခွင့်ပြုထားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကြေး အနေဖြင့် Professional ကစားသမားများအတွက် ငွေကျပ် ၃၀၀၀၀၊ ဝါသနာရှင်အဆင့် အမျိုးသား နှင့်အမျိုးသမီးများအတွက် ငွေကျပ် ၁၀၀၀၀ ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေး ပေးသွင်းရန် နောက်ကျသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှု အခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၂၆-၁၀-၂၀၁၅)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းအသစ်လျှောက် နှစ်ဦး၊ ထုတ်ဝေခွင့်အတွက်အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် နှစ်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် သုံးဦး၊ အထွေထွေထုတ်ဝေခွင့် ငါးဦးနှင့် ပေါင်းလုပ်ငန်းအသစ် ၁၀ ဦးတို့အားလည်းကောင်း၊ သတင်းအေဂျင်စီအသစ် တစ်ဦးအားလည်းကောင်း၊ ပုံနှိပ်သူအမည်ပြောင်း တစ်ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၅ ဦးနှင့် အသစ်လျှောက်ထားသူ ၂၄၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၀နှင့် အသစ်လျှောက်ထားသူ ၆၁၀၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ ၂၀ စုစုပေါင်း ပုံနှိပ်ခြင်း၊ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ် ၂၈၉၈စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၏ အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ရွှေဖုံးမှ

၁၉၇၇ ခုနှစ်မှစတင်ကျင်းပခဲ့သည့် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်သည် ၂၀၀၂ ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ အကြောင်းအမျိုးမျိုးကြောင့် ရပ်နားခဲ့ရပြီး နိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ်တွင်မှ ပွဲလမ်းသဘင်များ၊ ပြည်သူလူထု အပန်းဖြေရန်နှင့် ရိုးရာဓလေ့များနှင့် ဆက်စပ်သည့်ပွဲများကို ပြန်လည်ကျင်းပခွင့်ပြုခဲ့သည့်အတွက် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို ပြန်လည်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင်(၅) ကြိမ်မြောက်ခဲ့ပြီဖြစ်သည်။

"ကျွန်တော်က ၁၉၈၈ ခုနှစ်နောက်ပိုင်း ဒီနေရာမှာပဲ အခုအချိန်အထိရောင်းတာပါ။ရေကျော်ပွဲဆိုတာ ရန်ကုန်အရှေ့ပိုင်းရဲ့ ပထမဦးဆုံးပွဲဖြစ်တဲ့အတွက် ဈေးသည်တွေ အားလုံးကလည်း ဒီပွဲအပေါ်မှာမျှော်လင့်ချက်ထားတယ်။ ၂၀၀၂ ကတည်းက နားလိုက်ရတာ။ ဒါပေမယ့် ၂၀၁၁ အစိုးရသစ်လက်ထက်မှာ ပြန်ရောင်းရတော့ ဝမ်းသာတယ်။ နှစ်စဉ်နှစ်တိုင်း စည်စည်ကားကားနဲ့ အခုလိုပဲ ဈေးရောင်းချင်ပါတယ်"ဟု ရေကျော်ပွဲဈေးတွင် နှစ်စဉ်ဈေးရောင်းခဲ့သည့် ကိုပေါက် (ဘူးသီးကြော်)က ပြောသည်။

"အရှေ့ပိုင်းမှာဆို ရေကျော်မီးထွန်းပွဲ၊ အနောက်ပိုင်းမှာဆို လမ်းမတော်ဘက်မှာ ကာတွန်းပြပွဲတွေက နာမည်ကြီးတယ်။ ဟိုတုန်းက ရေကျော်ပွဲဆို ဇာတ်ကြီး ၁၀ဘွဲ့ ပြဇာတ်တွေ၊တေးသရုပ်ဖော်တွေ၊ နှစ်ကိုယ့်တစ်စိတ် အကမျိုးတွေနဲ့ ဒီလိုကျင်းပခဲ့တာ၊ အခုကျ ဒါတွေမလုပ်တော့ဘူး။ ဖိုက်စတားတို့၊ ဟားတစ်သိုက်တို့ခေတ်ဖြစ်သွားပြီ၊ သူ့ခေတ်နဲ့သူပေါ့။ နှစ်ကိုယ့်တစ်စိတ်အကဆိုကတဲ့သူတောင်မရှိတော့ဘူး။ တစ်ခါတလေတော့လည်း ပြန်တောင့်တမိတယ်"ဟု ပုဇွန်တောင်မြို့နယ် ရေကျော်ရပ်ကွက် သဇင်လမ်းတွင်နေထိုင်သူ အသက်(၇၄)နှစ်ရှိပြီဖြစ်သည့် ဦးတင့်ထူးကပြောသည်။

မီးထွန်းပွဲတော်ပွဲဈေးတန်းတစ်လျှောက်ဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် သိမ်ဖြူလမ်းဆုံရာ မီးပွိုင့်မှ စတင်ပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတစ်လျှောက် ရေကျော်လမ်းရှိ မောင်အေးကဖီးရှေ့မှ စတင်ကာ ရေကျော်လမ်းတစ်လျှောက် ရေကျော်မီးရထားဖြတ်လမ်းဆုံရာအထိတို့တွင် လူကြီး၊ လူလတ်၊ လူငယ်များမကျန် တိုးမပေါက်အောင်ကြက်ပျံမကျ အထူးစည်ကားလှသည့်အပြင် ဆိုင်ခန်းများမှ လွှင့်ပျံ့လာသည့်တေးသီချင်းသံများကလည်း ပွဲတော်လာသူတို့၏စိတ်ကို မြူးကြွလန်းဆန်းစေခဲ့သည်။



**ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်တွင် လူကြီး၊ လူလတ်၊ လူငယ်များမကျန် တိုးမပေါက်အောင် ကြက်ပျံမကျ အထူးစည်ကားလျက်ရှိသည့်အပြင် နိုင်ငံခြားသားများလည်း လာရောက်လေ့လာနေသည်ကို တွေ့ရစဉ်။**

၁၂ လရာသီပွဲတော်များ၏ ပွဲအစရာသီ သီတင်းကျွတ်လတွင် ကျင်းပသည့် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို နှစ်စဉ် နေရာဒေသအသီးသီးမှ လူဦးရေ အများအပြားလာရောက်သည့်အတွက် ရန်ကုန်မြို့၏ အစည်ကားဆုံးပွဲတော်တစ်ခုလည်းဖြစ်သည်။ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ပွဲတော်ကျင်းပသည့်ရက်အတွင်း ယာဉ်ထိန်းရဲတပ်ဖွဲ့အကူအညီဖြင့် ပွဲကျင်းပရာလမ်းတစ်လျှောက်တွင် ညနေ ၅ နာရီမှစတင်ကာ ည ၁၂ နာရီ ထိ ယာဉ်သွားလာမှုခေတ္တပိတ်ထားပေးသောကြောင့် ပွဲတော်လာသူများ အနေဖြင့် စိတ်လက်ချမ်းမြေ့စွာ ကြည့်ရှုလည်ပတ်နိုင်ကြသည်ကို တွေ့ရသည်။

"ရန်ကုန်ကလူတွေက ပွဲငတ်နေတာကြာပြီ။ မိုးတွင်းကလည်း အခုမှကုန်ခါစဆိုတော့ ဒီလိုစည်ကားတာပါ။ ပြီးတော့ စားချင်တာစား၊ ဝယ်ချင်တာဝယ်၊ ကားတိုက်မှာလည်းမပူရဘူး။ ဘယ်လောက်စိတ်လွတ်လပ်လဲ။ ဒါ့ကြောင့် ရေကျော်ပွဲ ပြန်ပြီးကျင်းပကတည်းကလာခဲ့တာ အခုဆို(၅)ကြိမ်ရှိပြီ"ဟု သာကေတမြို့နယ် ရှူခင်းသာရပ်ကွက်မှ ပွဲဈေးလာသူ ဒေါ်သီတာကပြောသည်။

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော် ဈေးလမ်းတစ်လျှောက် ဘိန်းမုန့်၊ရေမုန့်၊ မုန့်လင်မယား၊မုန့်သိုင်းခြိုစသည့် မြန်မာ့ရိုးရာ မုန့်မျိုးစုံရောင်းချသည့်ဆိုင်များ၊ အဝတ်အထည်ရောင်းချသည့်ဆိုင်များ၊ ချားရဟတ်များ၊ ကလေးများအကြိုက်ကစားစရာရောင်းချသည့်ဆိုင်များကလည်း ရောင်းသူ၊ ဝယ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

"အရင်က သီတင်းကျွတ်ဆို ရေကျော်မီးထွန်းပွဲတော်မှာ မြတ်စွာဘုရားကြွချီရာ ရွှေစောင်းတန်း၊ ငွေစောင်းတန်းတွေလုပ်တယ်။ အခုနောက်ပိုင်းလုပ်တာမတွေ့တော့ဘူး။ သီတင်းကျွတ်ဆိုတော့ ကလေးတုန်းက လူကြီးမိဘတွေကန်တော့တယ်။ ပြီးရင် ရတဲ့မုန့်ဖိုးနဲ့ ပွဲဈေးသွားတော့တာပဲ။ အခုတော့ အရင်ကလေးဘဝလို မဟုတ်တော့ပေမယ့် ကိုယ့်ရပ်ကွက်အတွင်း စည်ကားနေတာ ပျော်ပျော်ရွှင်ရွှင်နဲ့ နေရာအနှံ့ကလာကြတာမြင်ရတာကိုက စိတ်ချမ်းမြေ့နေတာပါ"ဟု ရပ်ကွက်နေပြည်သူတစ်ဦးဖြစ်သူ ဒေါ်လှနုက ပြောသည်။

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ဈေးဆိုင်ခန်းပေါင်း ၁၀၀နီးပါးခန့်ဖွင့်လှစ်ထားပြီး အဆိုပါဆိုင်ခန်းများအား သတ်မှတ်ချက်နှင့်အညီ ရောင်းချရန်ညွှန်ကြားထားကြောင်း အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

"စည်းကမ်းကတော့ အရက်၊ ဘီယာရောင်းချလို့မရဘူး။ လောင်းကစားလုပ်လို့မရဘူး။ သီချင်းတွေကို ည ၁၁ နာရီနောက်ဆုံးထားဖွင့်ဖို့ ညွှန်ကြားထားတယ်။ စည်းကမ်းနဲ့မညီရင် နောက်ဖွင့်ခွင့်မပေးဘူး။ လုံခြုံရေးအနေနဲ့လည်း သက်ဆိုင်ရာဌာနတွေနဲ့ညှိပြီး ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့ရယ်၊ သက်ဆိုင်ရာ မီးသတ်တပ်ဖွဲ့ဝင်တွေရယ်အကူအညီတောင်းပြီး ပွဲခင်းလုံခြုံရေးဖြန့်ပြီး လုပ်ဆောင်ထားပါတယ်"ဟု အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ပြောသည်။

"ဒီမှာမွေးဒီမှာကြီးတာ ရေကျော်ပွဲဈေးက ခိုက်ရန်ဖြစ်တယ်ဆိုတာ အင်မတန်မှရှားပါတယ်။ ဖြစ်လည်းသေးသေးမွှားမွှားပါ။ ပွဲတော်ကြီးအေးအေးချမ်းချမ်းဖြစ်အောင်၊ လာတဲ့သူတိုင်းပျော်ရွှင်ရအောင် ကျွန်တော်တို့ဆောင်ရွက်ထားပါတယ်။ နှစ်တိုင်းလည်း ပျော်ပျော်ပါးပါးပဲကျင်းပခဲ့တာပါ"ဟု ဦးအောင်နိုင်က ဆက်လက်ပြောသည်။

ရေကျော်သီတင်းကျွတ် မီးထွန်းပွဲတော်အား အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ တေးသရုပ်ဖော်များ၊Starlet's Sky သမီးငယ်လေးများ၏ အကအလှများ၊ ဟားတစ်သိုက်အငြိမ့်၊ ဖိုက်စတားအငြိမ့်၊Hird Bird Band နှင့်အတူ နိုင်ငံကျော်ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ နိုင်ငံကျော်အဆိုတော်များ၏ သီဆိုဖျော်ဖြေပွဲများဖြင့် ငါးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ရေကျော်ပွဲက ပျော်ဖို့ကောင်းတယ်။ စားချင်တာလည်းစားရတယ်။ မုန့်မျိုးကိုစုံနေတာပဲ။ သီချင်းဆိုချင်လည်း ဆိုလို့ရတယ်။ ဒီပွဲပြန်လည်ကျင်းပကတည်းက သူငယ်ချင်းတွေနဲ့အတူနှစ်တိုင်းရောက်တယ်။ ရန်ကုန်မှာဒီလို ပွဲမျိုးမရှိဘူး"ဟု မြောက်ဒဂုံတွင်နေထိုင်သူ ကိုဇော်မင်းက ပြောသည်။

"ဘာသာရေးနဲ့ ပျော်ပွဲရွှင်ပွဲပေါင်းထားတဲ့ပွဲက သီတင်းကျွတ်မီးထွန်းပွဲပဲ။ ကိုယ့်ရဲ့ကျေးဇူးရှင် မိဘ၊ ဘိုးဘွားတွေကို ကန်တော့တာတို့၊ သက်ကြီးဝါကြီးတွေ ပူဇော်ကန်တော့တာတို့ဆိုတော့၊ ကုသိုလ်လည်းရတဲ့အပြင် ပျော်ပျော်ရွှင်ရွှင်နဲ့ ဆင်နွှဲခွင့်ရတဲ့အတွက် လူငယ်တွေအနေနဲ့ ကိုယ့်ဘာသာ သာသနာကို ညစ်နွမ်းစေမယ့် အပြုအမူတွေကိုတော့ ရှောင်ရှားသင့်တယ်"ဟုရေကျော်ရပ်ကွက်နေ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးတင်ထူးကဆိုသည်။

## အင်တာနက်မှ

အိုင်တီလုပ်ငန်းရှင်တွေက ဆောင်ရွက်ခဲ့တဲ့ အထူးလေ့လာသုံးသပ်စစ်ဆေးမှုတွေကို ကျွန်တော်တို့ အောင်မြင်စွာကျော်ဖြတ်ခဲ့ပြီးဖြစ်ကြောင်း ဝမ်းမြောက်စွာအသိပေးလိုပါတယ်။ စုစုပေါင်း Rack ၉၀ ထဲက အတော်များများကို စတင်ငှားရမ်းခဲ့ပြီးဖြစ်လို့ မကြာခင်မှာ အားလုံးကို အပြီးသတ်ငှားရမ်းသွားဖို့ ရှိနေပါတယ်"ဟု Hugo Slade Property Services of Managing Director Mr. Hugo Slade က ပြောကြားသည်။

"မြန်မာနိုင်ငံရဲ့ နည်းပညာကဏ္ဍမှာ တစ်ခုထက်ပိုတဲ့ အင်တာနက်ကွန်ရက်ဝန်ဆောင်မှု၊ အမြဲစိတ်ချရတဲ့ လျှပ်စစ်ဓာတ်အားနဲ့ လေအေးပေးစက်စတဲ့ ပံ့ပိုးမှုအင်္ဂါရပ်တွေပါဝင်မယ့် Data Centre တစ်ခုကို ဒီဇိုင်းရေးဆွဲပြီး အကောင်အထည်ဖော်ဖို့ဆိုတာ အလွန်ကြီးမားတဲ့ စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်" ဟု အဖွဲ့ခေါင်းဆောင် ဦးသိန်းထိုက်စိုးက ပြောသည်။

Myint & Associates Data Centre သည် လုပ်ငန်းပိုင်းဆိုင်ရာဝန်ဆောင်မှုအချိန်များကို ရာခိုင်နှုန်းပြည့်နီးပါး အာမခံချက်ပေးနိုင်ပြီး လုပ်ငန်းရပ်ဆိုင်းမှုများကို တစ်နှစ်အတွင်း ၁ ဒသမ ၆ နာရီထက်မပိုစေရန် ဆောင်ရွက်ထားသည်။ Vantage Tower တွင် လျှပ်စစ်ဓာတ်အားပေးစက်သုံးလုံးတပ်ဆင်ထားသည်။ ထိုလျှပ်စစ်ဓာတ်အားပေးစက်များမှ ရာခိုင်နှုန်းပြည့် အရန်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်မည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများကို တားဆီးပေးထားသည်။ အရန်ဓာတ်အားပေးစက်များ အဆင်သင့်ရှိနေသောကြောင့် စင်တာနှင့်တကွ အခြားအဆောက်အအုံစနစ်အားလုံးကို စဉ်ဆက်မပြတ်လည်ပတ်နေမည်ဖြစ်သည်။

Vantage Tower ကို ရန်ကုန်မြို့ အင်းလျားလမ်းနှင့်ပြည်လမ်းဆုံရှိ အင်းလျားကန်အနောက်ဘက်တွင် မြင်တွေ့နိုင်ပြီး အဆောက်အအုံနှစ်ခုတွဲဆက်ပါရှိသည်။ အဆောက်အအုံတွင် အထပ် ၁၈ ထပ်ပါဝင်ပြီး အဆင့်မြင့်ရုံးခန်းများ၊ ကော်ဖီဆိုင်နှင့် အဆင့်မြင့်စားသောက်ဆိုင်များ၊ အဆင့်မြင့်တိုက်ခန်းများ၊ ကမ္ဘာ့အဆင့်မီဝန်ဆောင်မှုများ၊ ယာဉ် ၁၄၄ စီးရပ်နားနိုင်မည့် ယာဉ်ရပ်နားစခန်းတစ်ခုနှင့် မြေအောက်ခန်းတွင် ဧည့်ယာဉ် ၅၂ စီးရပ်နားနိုင်မည့်နေရာများ ပါရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## ကုလသမဂ္ဂမှ

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(FAO)နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အဖွဲ့(WFP)တို့က မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေးတွင် ပိုမိုပါဝင်လုပ်ဆောင်ရန် သန္နိဋ္ဌာန်ထပ်မံချမှတ်လိုက်ကြောင်း မကြာသေးမီက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မကြာသေးသောနှစ်များက ဖော်ပြပါအဖွဲ့ကြီးနှစ်ဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာအစိုးရ၏ အာဟာရချို့တဲ့မှုတိုက်ဖျက်ရေးစီမံကိန်းသည် အောင်မြင်မှုသိသိသာသာရရှိခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ်က မြန်မာနိုင်ငံ၏ လူဦးရေ ၆၂ ရာခိုင်နှုန်းသည် အာဟာရချို့တဲ့မှုဒဏ်ကို ခံစားခဲ့ရသော်လည်း ယခုအခါ လူဦးရေ၏ ၁၄ ရာခိုင်နှုန်းသာ အာဟာရချို့တဲ့မှုရှိကြောင်း၊ ယင်းပကတိ အခြေအနေကို ကြည့်ပါက မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ဖြစ်သော ငတ်မွတ်မှုဘေးဒဏ် ၅၀ ရာခိုင်နှုန်းလျှော့ချရေးဆိုသည့် ရည်မှန်းချက်ကို အောင်မြင်စွာ ဖြည့်ဆည်းအကောင်အထည်ဖော်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း မကြာသေးမီကထုတ်ပြန်သည့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အဖွဲ့တို့၏ ပူးတွဲကြေညာချက်အရ သိရသည်။

**(BNI News)**

## ဧရာဝတီမြစ်ကူးတံတား(ညောင်တုန်း)ရေလမ်းကြောင်းပြောင်းလဲမည်

**နေပြည်တော် အောက်တိုဘာ ၂၆**

ဧရာဝတီမြစ်ကူးတံတား (ညောင်တုန်း)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၆)နှင့်(၁၇)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၅)နှင့်(၁၆)အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့ပါသည်။ ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းရန် ရေလမ်းကြောင်းကို ၂၀၁၅ခုနှစ် အောက်တိုဘာလ ၂၇ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၃)နှင့်(၁၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၂)နှင့်(၁၃)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၂၆၂ ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၅၇ ပေရှိပါသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် အောက်တိုဘာ ၂၆**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များ**မှာ သာယာဝတီမြို့တွင် သုည ဒသမ ၇၁ လက်မ၊ ပင်လောင်းမြို့တွင် သုည ဒသမ ၅၁ လက်မ၊ တောင်ကြီးမြို့တွင် သုည ဒသမ ၄၀ လက်မနှင့် ရန်ကုန်(ကမ္ဘာအေး) တွင် သုည ဒသမ ၃၁ လက်မတို့ ဖြစ်ကြသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

## ပြည်တွင်းရေးရာ

# ကုန်းတွင်းပိုင်း ရေချိုငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**မန္တလေး အောက်တိုဘာ ၂၆**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ အသား၊ ငါးကဏ္ဍထုတ်လုပ်မှုမြှင့်တင်ရေးနှင့် လူတစ်ဦးချင်း၏ အသား၊ ငါး၊ နို့နှင့် ဥစားသုံးမှုပိုမိုရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ငါးလုပ်ငန်းဦးစီးဌာနမှ ရေချိုငါးသယံဇာတများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးလုပ်ငန်းဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရေချိုငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပျိုးပင်အစီအစဉ်နှင့် KOICA Myanmar တို့မှ ပူးပေါင်းကျင်းပသည့်ဒေသအဆင့် ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် မန္တလေးမြို့ Sedona ဟိုတယ်၌ ကျင်းပရာ ပြည်ပနိုင်ငံများမှ ငါးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် တက္ကသိုလ်များမှ သုတေသနပညာရှင်များ၊ NGO နှင့် INGO များ၊ ငါးလုပ်ငန်းလုပ်ကိုင်သူများ စုစုပေါင်း ၁၇၀ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ကုန်းတွင်းပိုင်း ရေချိုငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ခုနှစ် ရေချိုငါးထုတ်လုပ်မှု စုစုပေါင်းတန်ချိန် ၁ ဒသမ ၄ သန်းရှိခဲ့ရာ ရေချိုငါးလုပ်ငန်းကဏ္ဍသည် နိုင်ငံတော်၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ဖြည့်စွက်ပေးလျက်ရှိသည်။ ငါးလုပ်ငန်းကဏ္ဍသည် ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးလျက်ရှိရာ လူဦးရေသုံးသန်းခန့် ငါးလုပ်ငန်းတွင် တိုက်ရိုက်လုပ်ကိုင်လျက်ရှိပြီး လူဦးရေ ၁၂ သန်းမှ ၁၅သန်းခန့်သည် ငါးလုပ်ငန်းနှင့်ဆက်စပ်ပြီး တစ်ဆင့်ခံအကျိုးခံစားခွင့် ရရှိလျက်ရှိသည်။

ငါးလုပ်ငန်းနှင့်ဆိုင်သော ပညာရှင်များ၏ လေ့လာတင်ပြချက်များအရ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ငါးလုပ်ငန်းကျဆင်းစေလျက်ရှိသော အဓိကအကြောင်းအရင်းများဖြစ်သည့် အလွန်အကျွံ ငါးဖမ်းဆီးခြင်း၊ တရားမဝင်နည်းလမ်းများကို အသုံးပြု၍ ငါးဖမ်းဆီးခြင်း၊ စီမံခန့်ခွဲမှုအားနည်းခြင်း၊ ဂေဟစနစ်များ ပျက်သုဉ်းခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းတို့၏ အကျိုးဆက်များကြောင့်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့ကြသည်။

အဆိုပါစိန်ခေါ်မှုများကို လူထုပူးပေါင်းပါဝင်ဆောင်ရွက်သည့် All Inclusive Sustainable Development ကို ဖြစ်စေမည့် ငါးလုပ်ငန်းစီမံခန့်ခွဲမှု မူဝါဒကောင်းတစ်ရပ် အကောင်အထည်ဖော်သွားနိုင်ရန် အလေးထားဆောင်ရွက်သွားနိုင်ရေး Master Plan နှင့် Strategies ရေးဆွဲဖော်ထုတ်နိုင်ရန် ရည်ရွယ်လို၍ ဤဖိုရမ်ကို ကျင်းပခြင်းဖြစ်သည်။

ဤဆွေးနွေးပွဲမှ ကုန်းတွင်းပိုင်းရေချိုငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေရုံသာမက ငါးလုပ်ငန်းဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကုန်းတွင်းပိုင်း ရေချိုငါးမွေးမြူရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနစင်တာစီမံကိန်းအတွက်လည်း များစွာအထောက်အကူပြုနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မီးရှူးမီးပန်း၊ ပြောက်အိုး၊ ရှူးဒိုင်းများ ရောင်းချသူအား ဖမ်းဆီးအရေးယူ

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် လသာမြို့နယ် (၈)ရပ်ကွက် အနော်ရထာလမ်း (၂၃)လမ်းနှင့် (၂၄)လမ်းကြားတွင် မီးရှူးမီးပန်း၊ ပြောက်အိုးများ ရောင်းချနေကြောင်း သတင်းအရ လသာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်ရှာဖွေရာ မြောက်ဥက္ကလာပမြို့နယ်နေ ကိုသူသူကျော်ဝင်းအား မီးရှူးမီးပန်း၊ ပြောက်အိုး၊ ရှူးဒိုင်းများ 8k--- နက်ပြာရောင် မော်တော်ယာဉ်ပေါ်တွင် တင်ဆောင်ကာရောင်းချနေသည်ကို တွေ့ရှိဖမ်းဆီးရမိသဖြင့် လသာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားသည်။ **(သတင်းစဉ်)**

**❍ ကျောဖုံးမှ**

အပြည့်အဝလုပ်ဆောင်ရန်ရည်ရွယ်ထားသည်ဟု ဆိုသည်။ လက်ရှိတွင် ဧပြီလတွင် ထိုးသတ်မည့် ၎င်း၏ ပြိုင်ဘက်အမည်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိခဲ့ပေ။ သို့ရာတွင် လက်ဝှေ့ကျော် ပက်ကွီအိုအနေဖြင့် ဗြိတိန်၏ ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား အမီရာခန်နှင့် ထိုးသတ်ဖွယ်ရှိနေကြောင်း အရိပ်အမြွက်ပြောကြားခဲ့သည်ကို espn.com က သတင်းဖော်ပြခဲ့သည်။

အဆိုပါနောက်ဆုံးပွဲ ယှဉ်ပြိုင်ထိုးသတ်ပြီးပါက လက်ဝှေ့လောကမှ အနားယူကာ လာမည့်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ အထက်လွှတ်တော်တွင် လွှတ်တော်အမတ်တစ်ဦးအနေဖြင့် တာဝန်ထမ်းဆောင်ရန်ရှိနေကြောင်း သိရသည်။ ဖိလစ်ပိုင်လက်ဝှေ့ကျော်ပက်ကွီအိုသည် ၎င်း၏ လက်ဝှေ့သမားဘဝတစ်လျှောက်တွင် ၆၅ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ၅၇ ပွဲ နိုင်ပွဲရရှိထားခဲ့သူဖြစ်သည်။

ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီအို၏ နောက်ဆုံး ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့်ပွဲမှာ ပြီးခဲ့သည့်မေလက လက်ဗီးဂတ်စ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် အမေရိကန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား မေဝယ်သာနှင့် ပွဲဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် ဒိုင်ဆုံးဖြတ်အမှတ်များဖြင့် ပက်ကွီအိုက မေဝယ်သာကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**



## သီတင်းကျွတ်ပွဲတော်အတွက် ဈေးရောင်းဈေးဝယ်များအဆင်ပြေ

**လွိုင်လင် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံအတွင်းရှိ မြန်မာပြည်သူများသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အားလျော်စွာ ဘာသာသာသနာကို လေးစားယုံကြည်စွာ ကိုးကွယ်ကြသလို ဘာသာရေးပွဲတော်များတွင် သဒ္ဓါတရားထက်သန်ကြပေသည်။

မကြာမီကာလ အောက်တိုဘာ ၂၈ ရက်သည် သီတင်းကျွတ်ပွဲတော်ကြီးဆင်နွှဲကြတော့ မည်ဖြစ်သည်။ သီတင်းကျွတ်ပွဲတော်သည် မြန်မာတို့၏ ထူးမြတ်သည့်လဖြစ်သည်။ ဝါတွင်းသုံးလတာကာလကျော် လွန်ပြီးဖြစ်၍ ပေးကမ်းစွန့်ကြခြင်းအလှူဒါနများ၊ ထိမ်းမြားခြင်းမင်္ဂလာများနှင့်အတူ ရောင်စုံလျှပ်စစ်မီးကုံးခွေများ၊ ထင်းရှူးဆီမီးတိုင်များရောင်းချသူများမှာလည်း စီးပွားဖြစ်လျက်ရှိကြသည်။ စာရေးသူတို့မြို့သည် တောင်ပေါ်ဒေသမြို့ဖြစ်ရာ ငါးရက်မှ တစ်ဈေးဖြစ်သည်။ ရှမ်းတိုင်းရင်းသားများသည် သီတင်းကျွတ်လပြည့်နေ့ နံနက်စောစောတွင် သစ်သီးမျိုးစုံကို ၄ုက်ပျောခွက်ဖြင့်ပြုလုပ်သည့် ဆွမ်းတော်ခွက်များဖြင့် ဆွမ်းတော်တင်လှူကြရာ အိမ်စောင့်နတ်၊ ဝိုင်းစောင့်နတ်၊ မီးဖိုစောင့်နတ်၊ ဝင်းတံခါးစောင့်နတ်၊ ရေတွင်းရေကန်စောင့်နတ် စသည်ဖြင့် ဆွမ်းတော်ခွက် ပေါင်း ၃၀ နီးပါးခန့် ဆွမ်းတော်တင်လှူပသကြသည်။ ထို့ကြောင့် ရာသီပေါ်သီးနှံများဖြစ်သည့် သစ်သီး ခုနစ်မျိုး၊ ရှစ်မျိုးတို့ကို ဝယ်ယူ၍ သစ်သီးဆွမ်းဆက်ကပ်ကြသည်။

ပင်လုံမြို့မှ လွိုင်လင်မြို့သို့ လက်မှုပညာဖြင့် ပြုလုပ်သည့် ရောင်စုံမီးပုံးများ ရောင်းချကြသူများမှာလည်း စီးပွားဖြစ်နေကြသည်။ **(အပေါ်ပုံ)** ရောင်စုံမီးပုံးများမှာ တစ်လုံးလျှင်ကျပ်သုံးရာဖြင့် ပခုံးထမ်း၍ မြို့တွင်းလိုက်လံရောင်းချလျက်ရှိသည်။ တစ်ရက်လျှင် မီးပုံးအလုံးနှစ်ရာမှ သုံးရာအထိ ရောင်းချရကြောင်း၊ ငါးရက်အတွင်း အလုံးနှစ်ထောင်ခန့်ရောင်းချရကြောင်း၊ ရောင်စုံမီးပုံးများကို ကိုယ်တိုင်လုပ် ကိုယ်တိုင်ရောင်းချခြင်းဖြင့် မိသားစု စားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း မီးပုံးရောင်းချသူတစ်ဦးက ပြောသည်။ **မိုးလွင်ဦး(လွိုင်လင်)**

## ပုလဲသွယ်စံပြကွက်များနှင့် မျိုးသန့်စံပြရွာများ ကွင်းဆင်းစစ်ဆေး

**ပြည် အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန လက်ခုပ်ပင်စခန်းနယ်မြေနှင့် ဇီးအုပ်စခန်းနယ်မြေရှိ အောင်မြင်ဖြစ်ထွန်းသော မိုးစပါးပုလဲသွယ်-လုံ(၉)GAP စံပြကွက်နှင့် မျိုးသန့်စံပြရွာများအား အောက်တိုဘာ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်လွင်၊ ခရိုင်ဦးစီးမှူး ဦးကျော်ဝင်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပုလဲသွယ်-လုံ(၉) စံပြကွက်များ စနစ်တကျစိုက်ပျိုးထားရှိမှုနှင့် မျိုးသန့်စံပြရွာများမှ မျိုးစေ့အဆင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်ထားရှိမှုကို မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းဝင်းက ရှင်းလင်းတင်ပြခဲ့သည်။

ယင်းအပြင် တိုင်းဒေသကြီးညွှန်ကြားရေးမှူးက မိုးစပါးတွင် ယခုအောင်မြင်ဖြစ်ထွန်းနေသော ပုလဲသွယ်-လုံ(၉) GAP စပါးမျိုးသည် ရောဂါဒဏ်ခံနိုင်ပြီး အထွက်ကောင်းမျိုးဖြစ်သည့်အတွက် ပြည်မြို့နယ်အတွင်းရှိ တောင်သူများအားခေါ်ယူ၍ လေ့လာစေပြီး ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလာစေရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(၄၉၇)**

## သတင်းမီဒီယာကျင့်ဝတ်အကြောင်း ရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၂၆**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် ရှစ်မြို့နယ်အတွင်း သတင်းရိုက်ကူးမည့် သတင်းဓာတ်ပုံသမားများကို အထွေထွေရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် သတင်းမီဒီယာကျင့်ဝတ်အကြောင်း ရှင်းလင်းမှာကြားပွဲကို ယနေ့နံနက် ၉ နာရီက မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အင်တာနက်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းမှာကြားပွဲတွင် မြောက်ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်ခင်သီတာဦးက သတင်းမီဒီယာ သတင်းရယူရန် ဆောင်ရွက်မည့် ဤဦးစီးဌာနဝန်ထမ်းများအနေဖြင့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ သတင်းမီဒီယာကျင့်ဝတ်နှင့် မြန်မာသတင်းမီဒီယာများအတွက် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်များကို တိကျစွာလိုက်နာဆောင်ရွက်ပြီး မဲဆန္ဒရှင်ပြည်သူများ၏ လွတ်လပ်စွာလျို့ဝှက်ဆန္ဒမဲပေးမှုကို မထိခိုက်စေဘဲ ရွေးကောက်ပွဲနေ့တွင် ဥပဒေနှင့်အညီ လွတ်လပ်စွာ သတင်းရယူရေးအတွက် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါရှင်းလင်းပွဲသို့ ရှစ်မြို့နယ်တွင် အချိန်နှင့်တစ်ပြေးညီသတင်းရယူမည့် သတင်းဓာတ်ပုံဝန်ထမ်းများနှင့် သတင်းယူရန် တာဝန်ကျကျွမ်းကျင်ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**မျိုးသန့်(IPRD)**

## မော်တော်ယာဉ်အစားထိုးစီမံချက်နှင့် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များ အကောက်ခွန်ရှင်းလင်းထုတ်ပေး

**ရန်ကုန် အောက်တိုဘာ ၂၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက်နှင့် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်မှ ၂၄-၁၀-၂၀၁၅ ရက်အထိ ၄၈ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးနည်းလုပ်များနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၄၉၄၀၈၆ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် CD ၆၈၃၆၆၅ ဒသမ ၈၆ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် CT ၆၁၃၅၂၁ ဒသမ ၇၀ ကျပ်သန်း စုစုပေါင်း ၁၂၉၇၁၈၇ ဒသမ ၅၆ ကျပ်သန်း ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါအကောက်ခွန် CD နှင့် ကုန်သွယ်လုပ်ငန်းခွန် CT များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်းအစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၁၃၁၀၄၂ စီး၊ ကားအရောင်းပြခန်းများအတွက် ၁၁၀၂၃၂ စီး၊ သင်္ဘောသားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၃၀ စီး၊ ပြည်ပနေအလုပ်လုပ်ကိုင်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်/ခရီးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၄၆၈၃၀ စီးတို့ဖြစ်ကြောင်း သိရသည်။ **(ဝင်းမြင့်)**

# ပုဂံမြို့သို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှု ပိုမိုများပြား

**နေပြည်တော် အောက်တိုဘာ ၂၆**

ပုဂံမြို့သည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ကျော်ခန့်က တည်ရှိခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများဖြင့် ထင်ရှားကျော်ကြားသည့်မြို့တော်တစ်ခုဖြစ်ခြင်း၊ မပျက်စီးဘဲကျန်ရှိနေသော ဘုရား၊ ပုထိုး၊ စေတီများနှင့် ခေတ်အသီးသီးရှိ ဗိသုကာလက်ရာများ၊ ရှေးဟောင်းအနုသုခုမလက်ရာများရှိသည့် အထိမ်းအမှတ်အဆောက်အအုံများရှိခြင်းကြောင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ မဖြစ်မနေ လာရောက်လည်ပတ်သော ခရီးစဉ်ဒေသတစ်ခုအဖြစ် ထင်ရှားကျော်ကြားလျက်ရှိသည်။

မြန်မာနိုင်ငံ၏ခရီးသွားရာသီဖြစ်သည့် ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် စက်တင်ဘာလမှစ၍ ပုဂံမြို့၏ အထင်ကရနေရာများဖြစ်သော ရွှေစည်းခုံစေတီ၊ အာနန္ဒာဘုရား၊ ကန်တော့ပလ္လင်၊ ထီးလိုမင်းလို၊ လောကနန္ဒာစေတီ၊ အလိုတော်ပြည့်ဘုရား၊ ရှေးဟောင်းစေတီများအပြင် ဒေသခံများ၏ နေ့စဉ်လူနေမှုဘဝကို ထင်ဟပ်ခံစားနိုင်မည့် ညောင်ဦးဈေးတို့တွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ၊ ပြည်တွင်းခရီးသွားဧည့်သည်အများအပြား လာရောက်လည်ပတ်လျက်ရှိသည်။

ပုဂံမြို့သို့ ညောင်ဦးလေဆိပ်မှတစ်ဆင့် ပြည်တွင်းသွားလေကြောင်းလိုင်းခုနစ်လိုင်းဖြင့် လာရောက်လည်ပတ်နိုင်သကဲ့သို့ မီးရထားလမ်း၊ ကားလမ်းတို့အပြင် ရေကြောင်းခရီးစဉ်ဖြင့်လည်း လာရောက်လည်ပတ်နိုင်သည်။ ထို့ပြင် ပုဂံဒေသမှတစ်ဆင့် နေ့ချင်းပြန် လည်ပတ်နိုင်သော ပုပ္ပားတောင်နှင့် စလေမြို့များသို့လည်း ဆက်စပ်ခရီးစဉ်များအဖြစ် လည်ပတ်နိုင်သည့်အတွက် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ၊ ပြည်တွင်းခရီးသွားဧည့်သည်များ စိတ်ပါဝင်စားစွာ သွားရောက်လည်ပတ်ကြသည်။



ပုဂံဒေသရှိ အဆင့်မြင့်ဟိုတယ်များ၊ စားသောက်ဆိုင်များ၏ ဧည့်ဝတ်ကျေပွန်မှုတို့အပြင် အဆင့်မြင့်စားဖိုမှူးများက အရှေ့တိုင်း၊ အနောက်တိုင်း အစားအစာများဖြင့် စီမံတည်ခင်းရောင်းချပေးနေသကဲ့သို့ အခြားသော ကမ္ဘာလှည့်ခရီးစဉ်များတွင် တွေ့မြင်ခံစားနိုင်ခြင်းမရှိသော မြန်မာ့ရိုးရာရုပ်သေးဖျော်ဖြေမှုများကိုလည်း ကြည့်ရှုခံစားနိုင်သဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များနှင့် ပြည်တွင်းခရီးသွားဧည့်သည်များ နှစ်သက်ကြသည်။

ပုဂံမြို့သို့ ယခင်နှစ်က ကမ္ဘာလှည့်ခရီးသည်ပေါင်း နှစ်သိန်းခွဲခန့်ဝင်ရောက်ခဲ့သည်။ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ နှစ်သိန်းခန့်ဝင်ရောက်ခဲ့ပြီး ၂၀၁၅ ခုနှစ်အကုန်တွင် ပုဂံမြို့သို့ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း သုံးသိန်းခန့် ဝင်ရောက်မည်ဟု ခန့်မှန်းထားသဖြင့် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုမှာ ယခင်နှစ်ကထက် ပိုမို တိုးတက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေဘုန်းပွင့်စေတီတော် (၃၈) ကြိမ်မြောက် ပဝါရဏာပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အထိမ်းအမှတ် မီးထွန်းပူဇော်ပွဲနှင့် (၃၈) ကြိမ်မြောက် ပဝါရဏာပွဲ ကျင်းပမည်ဖြစ်သည်။

သီတင်းကျွတ်လဆန်း ၁၄ ရက်(အောက်တိုဘာ ၂၇ ရက်) နံနက်ပိုင်းတွင် ဝတ်အသင်းများက စေတီတော် သာသနဇောတိကဓမ္မာရုံ၌ အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ် ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်ကြမည်။

သီတင်းကျွတ်လပြည့်(အောက်တိုဘာ ၂၈ ရက်) အရုဏ်တွင်ရွှေဘုန်းပွင့်စေတီတော်ကြီးအား သစ်သီး၊ မုန့်၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်ပူဇော်လှူဒါန်းပြီး စေတီတော်ဝင်းရှိ ကျောင်းတိုက်များမှ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ နံနက် ၉ နာရီတွင် ဓမ္မကထိကဆရာတော်က ဥပုသ်သီလပေးတရားချီးမြှင့်ပြီး မွန်းလွဲ ၁ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ချီးမြှင့်မည်ဖြစ်သည်။ ညနေ ၃ နာရီတွင် စေတီတော် ဩဝါဒါစရိယဆရာတော်များက စေတီတော်ဝင်းအတွင်း ပုရိမဝါမှ ထတော်မူကြသော သံဃာတော်များအား ပဝါရဏာပူဇော်ပွဲဖြင့် နဝကမ္မအလှူငွေများ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ညပိုင်းတွင် စေတီတော်ရင်ပြင်၌ စေတီတော်ဂေါပကအဖွဲ့ ဦးဆောင်ကာ ဝတ်အသင်းအဖွဲ့ဝင်များ၊ ဘုရားဖူးလာပြည်သူများက ရောင်စုံဆီမီးများဖြင့် စေတီတော်ကြီးကို ထွန်းညှိပူဇော်မည်ဖြစ်သည်။

**(ရီရီသန့်)**

# "အေးချမ်းသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၂၆**

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"အေးချမ်းသာယာ ပြည်မြန်မာ"**ဟူသော ခေါင်းစဉ်ဖြင့် စီစဉ်ကျင်းပခဲ့သည်။

အဆိုပါရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၁၁၈ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံ ၆၄၁ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု ကျော်ဗိုလ်ဗိုလ်ဟန်၊ ဒုတိယဆု ဇေယျာလင်း၊ တတိယဆု မျိုးမင်းကြွယ်(ရွှေတောင်ကြား)တို့က ရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ပြည်စိုးထွန်း(ပန်းချီ)၊ ဦးမြင့်ဆန်း(မြတ်သူ-ဓာတ်ပုံ)၊ ငွေးလွင်(အမရပူရ)၊ ဇေယျာလင်းနှင့် ပြည်စိုးထွန်း(ပန်းချီ)တို့က အသီးသီးရရှိကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အရှေ့တောင်အာရှ လူငယ်တင်းနစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလူငယ်တင်းနစ်အသင်း စင်ကာပူနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၆**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ စင်ကာပူနိုင်ငံ၌ အရှေ့တောင်အာရှလူငယ်တင်းနစ်ပြိုင်ပွဲ (Southeast Asian Junior Tennis Tournament 2015) တွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်တင်းနစ်အသင်းသည် အောက်တိုဘာ ၂၆ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားသည်။ မြန်မာလူငယ်တင်းနစ်အသင်းတွင် အုပ်ချုပ်သူ တစ်ဦး၊ နည်းပြ တစ်ဦး၊ လူငယ်အားကစားသမား ၁၂ ဦး စုစုပေါင်း ၁၄ ဦးပါဝင်သည်။

အဆိုပါပြိုင်ပွဲတွင်အသက် (၁၂)နှစ်နှင့်အောက်ပြိုင်ပွဲ၊ အသက်(၁၄)နှစ်နှင့်အောက်ပြိုင်ပွဲ၊ အသက် (၁၆)နှစ်နှင့်အောက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာ့တင်းနစ်အားကစား ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် မြန်မာတင်းနစ်လက်ရွေးစင်အားကစားအဖွဲ့သည် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် အဖွဲ့ဝင် ခုနစ်ဦးသည် အောက်တိုဘာ ၃၁ ရက်တွင် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# တုတ်ကိုင်းတံတား ပြန်လည်ကောင်းမွန်သဖြင့် ယာဉ်ငယ်များ ပြန်လည်သွားလာလျက်ရှိ

**သရက် အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း အောက်တိုဘာ ၁၂ ရက်ညက မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ပွန်းကြီးချောင်းရေ ရုတ်တရက် စီးဆင်းတိုက်စားမှုကြောင့် သရက်-မင်းလှုလမ်း မိုင်တိုင်(၁၄/၄)နှင့် (၁၄/၅)ကြားရှိ တံတားအမှတ် (၄/၁၅) တုတ်ကိုင်းတံတား အရှည်ပေ ၂၄၀ ဘေလီသံပေါင်နှင့် တံတားကြမ်းခင်းများ ရေစီးနှင့် မျောပါသွားသဖြင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။



အဆိုပါတံတား ပျက်စီးမှုကို သက်ဆိုင်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ အင်ဂျင်နီယာချုပ်များ၊ မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးတို့ လာရောက်ကြည့်ရှုပြီး တံတားပြန်လည်ပြင်ဆင်မှုကို အောက်တိုဘာ ၁၃ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၅ ရက်တွင် ပြန်လည်ကောင်းမွန်ပြီး သရက်-မင်းလှ လမ်းပေါ်ရှိပျက်စီးသွားသည့် ရေကျော်များလည်း ပြင်ဆင်ပြီးဖြစ်သဖြင့် သရက်-မင်းလှ လမ်းပိုင်းတွင် ယာဉ်ငယ်များ ယနေ့နံနက်ပိုင်းက အဆင်ပြေစွာသွားလာလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**ဇော်ထက်(သရက်)**

# စိုက်ပျိုးရေးအသိပညာပေး ဟောပြောမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း(ရန်ကုန်)ရုံးခွဲက ကြီးမှူး၍ အောက်တိုဘာ ၃၁ ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ်သင်တန်းခန်းမ၌ ဒေါက်တာချစ်(ဒုတိယဝန်ကြီး-ငြိမ်း)က "မိုးကောင်းသောက်စိုက်ပျိုးရေး"ခေါင်းစဉ်ဖြင့် စိုက်ပျိုးရေးအသိပညာပေးဆိုင်ရာ ဗဟုသုတများကို ဆွေးနွေးဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။ **(ကိုချစ်)**

# မူလတန်းအဆင့်ကလေးငယ်များကို နွားနို့အခမဲ့တိုက်ကျွေး

**လားရှိုး အောက်တိုဘာ ၂၆**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် အလှူရှင်များ ပူးပေါင်း၍ မူလတန်းအဆင့် ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားစေရေး၊ ကိုယ်ခန္ဓာဖွံ့ဖြိုးတိုးတက်လာစေရေး ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ လွယ်လွမ့်ကျေးရွာ အမကကျောင်း၌ အောက်တိုဘာ ၁၉ ရက်တွင် ကျောင်းသားကျောင်းသူများအား နွားနို့အခမဲ့တိုက်ကျွေးခြင်းပြုလုပ်ခဲ့သည်။

သိန်းနီမြို့ ကြံခင်းရွာ အမကမှ ၇၀ ၊ နမ့်တူ အမက(၅) သတက(၄) ရပ်ကွက်မှ ၅၁ ဦး၊ တန့်ယန်းမြို့ အမက(၃) ရပ်ကွက်(၃)မှ ၃၆ ဦး၊ ဟိုပန်မြို့ ချူရွှေရွာမှ ၈၄ ဦး၊ မိုးမိတ် ညောင်နီ (အထက်/အောက်)မှ ၆၅ ဦး၊ မဘိမ်းမြို့ အမက(၃) ကုန်းခါးရပ်ကွက်မှ ၂၈ ဦး၊ သီပေါမြို့ အမက-ဟိုမွန်မှ ၈၇ ဦး၊ နောင်ချိုမြို့ ပြေသာကုန်း အမကမှ ၆၂ ဦး၊ မူဆယ်မြို့ တောရွက် အမကမှ ၁၅၀၊ နမ့်ခမ်းမြို့ ကုန်းဆာ အမကမှ ၈၀၊ နမ့်ဆန်မြို့ မန်ပန် အမကမှ ၃၀ စုစုပေါင်း ကျောင်းသား ၈၆၈ ဦးကို နွားနို့အခမဲ့တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

# ကိုးမြို့နယ်အထင်ကရ ဆင်အကဖြင့် ဖိတ်ခေါ်နေသော ကျောက်ဆည်မြို့ ဆင်လှူပွဲတော်



**ကျောက်ဆည် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံရှိ ရိုးရာဆင်ပွဲတော်များတွင် အထင်ရှားဆုံးနှင့် အစည်ကားဆုံးပွဲတော်ကြီးအဖြစ် သက်တမ်းကြာမြင့်စွာ ကျင်းပလာခဲ့သည့် ကျောက်ဆည်မြို့ သီတင်းကျွတ်ဆင်လှူပွဲတော်ကြီး အစဉ်အလာမပျက် ကျင်းပရန် နီးကပ်လာသည်နှင့်အမျှ ပြိုင်ပွဲဝင်ရန် လေ့ကျင့်ပြင်ဆင်နေကြသော ဆင်အကအဖွဲ့တို့၏ ယဉ်ကျေးသိမ်မွေ့လှသည့် အဆို၊ အက၊ အတီး၊ အမှုတ် ဂီတသံတို့သည် ကျောက်ဆည်မြို့ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းလျက်ရှိနေပေသည်။

လယ်တွင်းကိုးခရိုင် ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်တော်မူခဲ့သော အနော်ရထာဘုရင်မင်းမြတ်၏ ကျေးဇူးတရားများကို တုံ့ပြန်သောအားဖြင့် မင်းကြီး၏ အဓိဋ္ဌာန်ပြုလှူဒါန်းတော်မူခဲ့သော ကောင်းမှုကုသိုလ်များကို လက်ဆင့်ကမ်းအမွေအဖြစ် ထိန်းသိမ်းစောင့်ရှောက်၍ အစဉ်အလာမပျက် ဆင်လှူပွဲတော်ကြီးကို နှစ်စဉ်သီတင်းကျွတ်လဆန်း ၁၄ ရက်နှင့် ၁၅ ရက်နေ့တွင် ကျင်းပလာခဲ့သည်။ ၁၉၇၅ ခုနှစ်မှစ၍ အုပ်ချုပ်ရေးအဖွဲ့များ၊ ရွှေသာလျောင်းဂေါပကအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ရှေးရိုးရာယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းလျက် ဆင်အကပြိုင်ပွဲများကို စနစ်တကျ ဒိုင်အဖွဲ့များဖြင့်ဖွဲ့စည်း၍ ဆုများချီးမြှင့်ကျင်းပပေးခဲ့ရာ အထူးစည်ကားသော ဆင်ပွဲတော်ကြီးကို ရုပ်သံနှင့် သတင်းမီဒီယာများကပါ လာရောက်ရိုက်ကူးထုတ်လွှင့် ရေးသားလာကြသဖြင့် ကမ္ဘာသိပွဲတော်ကြီးအဖြစ် ထင်ရှားလျက်ရှိကြောင်း ဆင်အကပြိုင်ပွဲတွင် ဒိုင်ချုပ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သူ ဦးကျော်မောင်က ပြောသည်။

"ဆင်အကပြိုင်ပွဲမှာ ဒိုင်ချုပ်အဖြစ် ဆောင်ရွက်လာတာ အနှစ် ၂၀ ကျော်ပါပြီ။ ပြိုင်ပွဲကို ရိုးရာဆင်၊ ဘော်ကြယ်ဆင်နဲ့ ကလေးဆင်ဆိုပြီး အမျိုးအစားသုံးမျိုး ခွဲခြားသတ်မှတ်ထားပါတယ်။ သက်ဆိုင်ရာ ပြိုင်ပွဲအလိုက် အမှတ်ပေး ဒိုင်သုံးခုမှာ ဝင်ရောက်ယှဉ်ပြိုင်ရပြီး ဒိုင်သုံးခုအမှတ်ပေါင်းနဲ့ ဒိုင်ချုပ်အဖွဲ့က ဆုရွေးချယ်ပေးခြင်းဖြစ်ပါတယ်။ ဒါ့အပြင် အနှစ် ၃၀ အထက် ဆင်ပွဲတော်ကြီးမှာ နှစ်စဉ်မပျက် ပါဝင်လှည့်လည်ကပြခဲ့တဲ့ သက်ကြီးဆင်များကိုလည်း ဇွဲဆုအနေနဲ့ ချီးမြှင့်ပေးတဲ့အပြင် ကျောက်ဆည်မြို့မဈေးကြီးကို သုံးပတ်ပြည့်အောင် မြေလျှောက်လှည့်လည်ကပြတဲ့ ဆင်အဖွဲ့ကိုလည်း ရှေးရိုးရာဆုအဖြစ် ချီးမြှင့်ပေးပါသေးတယ်။ ဆင်အကပြိုင်ပွဲတွေကို သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့မှာ ကျင်းပပြီး လပြည့်နေ့မှာတော့ ရွှေသာလျောင်းတောင်ထိပ်ပေါ်မှာရှိတဲ့ စေတီကို လက်ယာရစ်သုံးပတ်ပတ်ပြီး ဆွမ်းတော်ကြီးပွဲ၊ ဆီမီး၊ ဖယောင်းတိုင်နဲ့ ရွှေဆင်ရုပ်၊ ငွေဆင်ရုပ်တွေကို လှူဒါန်းကာ အနော်ရထာမင်းကြီးနဲ့တကွ ဆင်ဖြူကို ရည်မှန်းကာ အမျှအတမ်းပေးဝေကြပါတယ်"ဟု ပြောပြသည်။

မကြာမီ ခြိမ့်ခြိမ့်သဲ ကျင်းပတော့မည့် ကျောက်ဆည်ဆင်အကပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဒေသခံဆင်အကအဖွဲ့များနှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင်လည်း ရိုးရာဆင်အကြီးတန်း ဝင်ရောက်ယှဉ်ပြိုင်ကပြမည့် ပင်လှမောင်အဖွဲ့မှ ကိုရှိန်ဦးက "ကျောက်ဆည်သူ၊ ကျောက်ဆည်သားမှန်သမျှ အရွယ်ရောက်တာနဲ့ ဆင်အကကို ဝင်ပြိုင်ချင်တဲ့စိတ်က အလိုလိုထက်သန်လာတာပါ။ အနော်ရထာမင်းကြီး၏ ရိုးရာအမွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့သဘောလည်း ပါပါတယ်။ ကျွန်တော်တို့ရဲ့ ဘိုးဘွားစဉ်ဆက်ကျင်းပခဲ့တဲ့ ကျောက်ဆည်ဆင်အကပြိုင်ပွဲကြီးကို လာရောက်အားပေးကြတဲ့ အနယ်နယ်အရပ်ရပ်က ပရိသတ်ကြီးကိုလည်း ကျေးဇူးအထူးတင်ပါတယ်"ဟု ပြောကြားသွားပြီး ဘော်ကြယ်အကြီးတန်း ဆင်အကနှင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ဧရာမိုးဆင်အကအဖွဲ့မှ ကိုထွန်းနိုင်ကလည်း "ခုနစ်နှစ်မြောက်ပြိုင်ပွဲဝင်တာပါ။ ဒုတိယ၊ တတိယဆုတွေ ရရှိခဲ့ဖူးပါတယ်။ အနော်ရထာမင်းကြီး တည်ထားခဲ့တဲ့ စေတီတော်တွေကို ကျောက်ဆည်သားတစ်ယောက်အနေနဲ့ မင်းကြီးအဓိဋ္ဌာန်ပြုထားခဲ့တဲ့အတိုင်း ဆင်လှူပွဲတော်နဲ့ ကုသိုလ်ပြုပေးနေတာပါ။ ဆုရခြင်း၊ မရခြင်းထက် ကျောက်ဆည်မြို့ကြီး စည်ကားပြီး ဧရာမိုးကို အားပေးသံတွေ ကြားနေရရင် ကျေနပ်ပါတယ်ဗျာ။ ပွဲတော်ကြီးပိုပြီးစည်ကားအောင် နာမည်ကြီးအဆိုတော်တွေငှားပြီး ဖျော်ဖြေပေးဖို့ စီစဉ်ထားပါတယ်။ ပရိသတ်အားပေးမှုတွေနဲ့ ကျွန်တော်တို့မြို့လူထုက ပီတိဖြစ်နေကြရတာပါ"ဟု ပြောသည်။

ထို့ပြင် ကျောက်ဆည်မြို့ ဆင်အကပြိုင်ပွဲကြီးတွင် နှစ်ပေါင်း ၂၄ နှစ်ကြာ စဉ်ဆက်မပျက် ပြိုင်ပွဲဝင်ခဲ့သော ပိတောက်မြိုင်ရိုးရာဆင်အကအဖွဲ့မှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုဖိုးသားကလည်း "ကျွန်တော် အသက် ၂၀ အရွယ်ကတည်းက ဝင်ပြိုင်ခဲ့တာပါ။ ကျောက်ဆည်သားမှန်ရင် ရိုးရာဆင်အကကို ဝါသနာပါကြတာဆိုတော့ မဖြစ်မနေဝင်ပြိုင်ချင်ကြတာပါပဲ။ ဆုရရင်ပျော်ကြပေမယ့် မရခဲ့ရင်လည်း ကျွန်တော်တို့မြို့ရဲ့ ရိုးရာဆင်အကပွဲတော်ကြီးရဲ့ ဖျော်ဖြေတင်ဆက် ကပြမှုတွေကို တကူးတက လာရောက်ကြည့်ရှုကြသူတွေ ပျော်ရွှင်ကျေနပ်တယ်ဆိုရင် ဝမ်းသာရပါတယ်"ဟု ပြောသည်။

ကျောက်ဆည်မြို့ သီတင်းကျွတ် ဆင်လှူပွဲတော်ကြီးအတွက် ဆင်ရုပ်များပုံဖော်ပြုလုပ်ပေးသူ ဆင်ချုပ်ပညာရှင် ကိုသိန်းအောင်ကလည်း "မိဘအစဉ်အဆက် ဆင်ချုပ်ပညာကို လက်ဆင့်ကမ်းသယ်ဆောင်ပြီး ဆင်ရုပ်တွေ လုပ်ဆောင်ခဲ့တာ နှစ်ပေါင်း ၅၀ ရှိပါပြီ။ ကျောက်ဆည်မြို့မှာ မျိုးရိုးစဉ်ဆက်ပညာရှင် ငါးဦးရှိပါတယ်။ ဆင်ချုပ်လုပ်ငန်းရဲ့ အဓိကစောင့်ထိန်းရမယ့်အချက်က ကိုယ့်ဆီကိုလာအပ်တဲ့ ပြိုင်ပွဲဝင်ဆင်ရဲ့ အဖွဲ့နာမည်ကို လျှို့ဝှက်ထားပေးရပါတယ်။ ဒါ့အပြင် ရိုးရိုးအလှပြဆင်ကို ပြုလုပ်တဲ့အခါမှာ ကြိုက်တဲ့ဝါးကို အသုံးပြုလို့ရပေမယ့် ပြိုင်ပွဲဝင်မယ့်ဆင်ကိုတော့ အတတ်နိုင်ဆုံး ပေါ့ပေါ့ပါးပါးဖြစ်အောင် ဝါးကို အပါးလွှာဆုံး ဆောင်ရွက်ပေးရပါတယ်။ ဆင်ချုပ်ခအနေနဲ့ကတော့ ရိုးရာဆင်အတွက် တစ်သိန်းခွဲ၊ ဘော်ကြယ်ဆင်အတွက် ရှစ်သိန်းခွဲနဲ့ ကလေးဆင်အတွက် ငါးသောင်းခွဲမှ ရှစ်သောင်းအထိရှိပါတယ်။ အနော်ရထာမင်းကြီးရဲ့ အဓိဋ္ဌာန်အတိုင်း သူ့ရဲ့ကုသိုလ်တွေကို အစဉ်အလာမပျက် လှူဒါန်းပေးနေတဲ့အတွက် ဆင်လှူပွဲတော်ကြီးဟာ တစ်နှစ်ထက်တစ်နှစ်ပိုပြီး စည်ကားလာသလို ကျောက်ဆည်မြို့ကြီးကလည်း တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာနေတာ လက်တွေ့ပါပဲဗျာ"ဟု ပြောသည်။

"ကျွန်မတို့မြို့ရဲ့ ရိုးရာဆင်အကကို မွေးကတည်းက နှစ်တိုင်း ကြည့်နေရပေမယ့်လည်း မရိုးနိုင်ပါဘူး။ ဒီအချိန်ရောက်လို့ ဒိုးသံကြားလိုက်တာနဲ့တင် မနေနိုင်အောင် သွားကြည့်နေမိတာပါပဲ။ ဒီဆင်လှူပွဲတော်ကြီးကြောင့် ကျောက်ဆည်မြို့ကြီး ဂုဏ်တက်နေတာပါ။ ဒါကြောင့် အနယ်နယ်အရပ်ရပ်က လာရောက်အားပေးကြတဲ့ ပရိသတ်ကြီးကိုလည်း နွေးထွေးစွာကြိုဆိုနေပါတယ်" ဟု ကျောက်ဆည်မြို့ ထနောင်းပင်လှရွာသူ ဒေါ်မြစန်းရီက ဖိတ်ခေါ်လိုက်သည်။

ကျောက်ဆည်မြို့ ဆင်လှူပွဲတော်ကြီးကို နှစ်စဉ် ရှေးရိုးရာ အစဉ်အလာမပျက် ကျင်းပလာခဲ့သည်မှာ အနော်ရထာမင်းလက်ထက်မှစ၍ ယနေ့ထက်တိုင်အောင် နှစ်ပေါင်းတစ်ထောင်နီးပါး ကြာမြင့်ခဲ့ပြီး မြန်မာတွင်သာမက ကမ္ဘာကပါ လူသိများကျော်ကြားလှသော ကျောက်ဆည်မြို့၏ အထင်ကရ ဆင်အကပွဲတော်ကြီးကို လာရောက်နွှဲပျော်ကြပါရန် ကျောက်ဆည်မြို့က ဖိတ်ခေါ်လျက်ရှိနေကြပေသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## တာမွေမြို့နယ်၌ စစ်ကျန်ဗုံးသီးဟောင်းများတွေ့ရှိ

**တာမွေ အောက်တိုဘာ ၂၆**

ရန်ကုန်မြို့ တာမွေမြို့နယ်တာမွေကြီး(က+ဂ)ရပ်ကွက်(၁၅၄)လမ်းအမှတ်၁၁)တွင် အိမ်ဟောင်းအားဖျက်၍ ခြောက်ထပ်တိုက် နှစ်ခန်းတွဲဆောက်လုပ်ရန်အတွက် ဖောင်ဒေးရှင်း မြေကြီးတူးဖော်ရာတွင် အောက်တိုဘာ ၂၅ရက်ညနေ ၃ နာရီ မိနစ် ၅၀ ခန့်၌ ဗုံးသီးဟုယူဆရသည့် အလျား ကိုးလက်မ၊ လုံးပတ် ၁၀ လက်မခန့်ရှိ ပစ္စည်းလေးလုံးတွေ့ရှိသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်မှတစ်ဆင့် မြို့နယ်ရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲမှူးဝင်းအောင်နီနှင့် တာဝန်ရှိသူတို့ ရောက်ရှိစစ်ဆေးပြီး အမှတ်(၉၀၅)စစ်မြေပြင်အင်ဂျင်နီယာတပ်မှ ဗိုလ်ကြီးဝင်းမြင့်မောင်နှင့်အဖွဲ့အား ထပ်မံအတည်ပြုစစ်ဆေးကာ အမှတ်(၉၀၆)စစ်အင်ဂျင်နီယာတပ်သို့ လွှဲအပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဗုံးသီးဟုယူဆရသည့် ပစ္စည်းများရှိနိုင်သေးသည်ဟု တာဝန်ရှိသူတို့ကယူဆ၍ ဆက်လက်တူးဖော်ကြည့်ကြပြီး ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြကာ မြေတူးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရာတွင်လည်း သတိထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ **(၅၉၇)**

## ဓမ္မသုခ ရွှေစည်းခုံစေတီတော်ရင်ပြင်ပေါ်နှင့် ကန်ပတ်လမ်းများ သာယာလှပရေး အမှိုက်များစနစ်တကျ စွန့်ပစ်နိုင်ရန် အမှိုက်ပုံးများထားရှိ

**မိတ္ထီလာ အောက်တိုဘာ ၂၆**

မိတ္ထီလာမြို့ ဓမ္မသုခ ရွှေစည်းခုံရင်ပြင်ပေါ်နှင့် ကန်ပတ်လမ်းများ သာယာလှပရေး အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရန်အတွက် စည်ပင်သာယာရေးကော်မတီမှ ကြီးကြပ်ပြီး အမှိုက်ပုံးများထားရှိပေးထားကြောင်း သိရသည်။

ဘုရားရင်ပြင်ပေါ်၌ နေ့စဉ် ဘုရားဖူးလာသူများ၊ ကန်ပတ်လမ်း လေ့ကျင့်ခန်းပြုလုပ်သူများ၊ လမ်းလျှောက်သူများ၊ ကစားကွင်းများ၌ လာရောက်ကစားကြသည့်သူများဖြင့် စည်ကားလျက်ရှိသောကြောင့် ယင်းနေရာများတွင် သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရေးအတွက် အောက်တိုဘာ ၉ ရက်မှစတင်၍ ကန်နားမူလတန်းကျောင်းအနီးမှ ဓမ္မသုခ ရွှေစည်းခုံဘုရားအထိ အမှိုက်ပုံး ၁၂ ပုံး၊ ဘုရားရင်ပြင်ပေါ်တွင် ၁၀ ပုံး၊ ကားရပ်နားဝင်း၌ တစ်ပုံး၊ ဘုရားမှ ဇော်ဆေးခန်းအထိ ရှစ်ပုံး၊ ဇော်ဆေးခန်းမှ မေတ္တာရေကြည်ဆေးခန်းအထိ ခြောက်ပုံး စုစုပေါင်း ၃၇ ပုံးကို ကန်ပတ်လမ်းအတိုင်း ထားရှိပေးထားပြီး စည်ပင်သာယာရေးအဖွဲ့မှ နေ့စဉ် နံနက်တိုင်း လိုက်လံသိမ်းဆည်းကာ အဆိုပါ အမှိုက်ပုံးများ စနစ်တကျရှိရေးနှင့် ပျက်စီးမှုမရှိစေရေး စည်ပင်သာယာရေးကော်မတီမှ နေ့စဉ် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## ကျောက်တန်းတွင် လုံခြုံရေးမွမ်းမံသင်တန်းဖွင့်

**ကျောက်တန်း အောက်တိုဘာ ၂၆**

ရန်ကုန် (တောင်ပိုင်းခရိုင်) ကျောက်တန်းမြို့နယ် ရွှေပြောက်ကျေးရွာအုပ်စု အဒွတ်တောကျေးရွာရှိ အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၉ နာရီက လုံခြုံရေးမွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၁၅) ဖွင့်ပွဲကို ကျင်းပခဲ့သည်။

သင်တန်းကို အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်သန်းတိုးက ဦးစီး၍ အနီးကပ်ကြီးကြပ် တာဝန်ယူဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ဥပဒေဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်၊ EU မှ ဖွင့်လှစ်သင်ကြားပေးထားသော လူစုလူဝေးအား စနစ်တကျစီမံထိန်းသိမ်းနည်း ဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ လေးပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသို့ အရာရှိ ၁၅ ဦးနှင့် အခြားအဆင့် ၃၃၀ စုစုပေါင်း ၃၄၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

**အနုပညာ**

# ချစ်ခြင်းမေတ္တာဆိုတာ လူတစ်ဦးရဲ့ကိုယ်ပိုင်ရပိုင်ခွင့်တစ်ခုလို့ ဆိုလိုက်တဲ့ တေလာဆွစ်



ကန်းထရီးဘုရင်မ တေလာဆွစ်က သူ့ရဲ့ အတိတ်က ချစ်ရေးချစ်ရာကိစ္စရပ်တွေရှုပ်ထွေးခဲ့မှုကို တစ်ခါတလေ ရှက်ရွံ့စိတ်ဖြစ်မိပေမယ့် ချစ်ခြင်းမေတ္တာဆိုတာ လူတစ်ဦးတစ်ယောက်ရဲ့ ကိုယ်ပိုင်ဘဝ ရပိုင်ခွင့်ထဲက တစ်ခုပါလို့ဆိုလိုက်ပါတယ်။ တေလာဆွစ်က တစ်ခါအသည်းကွဲတိုင်း အယ်လ်ဘမ် တစ်ချပ်ဖြစ်လာတတ်တဲ့အတွက် တစ်ခါတလေပရိသတ်တွေရဲ့ လှောင်ပြောင်ခဲ့မှုတွေတောင် ခံရပါတယ်လို့လည်း ဟေလ်တန်အွန်လိုင်းကို တေလာက ဖွင့်ဟခဲ့ပါတယ်။

"ကျွန်မက တစ်ခါတလေကျတော့ ကိုယ့်ကိုမျက်နှာများတဲ့သူလို့ လူတွေထင်မှာကို စိုးရိမ်ပေမယ့် ချစ်ခြင်းမေတ္တာဆိုတာ လူတစ်ဦးတစ်ယောက်ရဲ့ ကိုယ်ပိုင်ရပိုင်ခွင့်ထဲကတစ်ခုပါ။ လူတိုင်းချစ်သူရည်းစားရှိကြတာပါပဲ။ ဒါပေမယ့် အနုပညာရှင်တွေကျတော့ အမြဲမျက်စိဒေါက်ထောက်အကြည့်ခံနေရတဲ့အတွက် ဘယ်သူကတော့ဘယ်သူနဲ့ တွဲနေတယ်။ ဘယ်သူနဲ့ ကွဲသွားပြီစသဖြင့် ဖော်ပြခံနေရတော့ တစ်ခါတလေအနုပညာရှင်တွေရဲ့ ဘဝကိုကရုဏာစိတ်ဖြစ်မိပါတယ်။ အထူးသဖြင့် ငယ်ရွယ်သေးတဲ့အနုပညာရှင်တွေကိုပေါ့"လို့ တေလာက ဖွင့်ဟခဲ့ပါတယ်။

တေလာဆွစ်က ကိုယ်သာသူ့နေရာမှာဆိုတဲ့ ကိုယ်ချင်းစာတရားမျိုးလူတိုင်းမှာရှိမယ်ဆိုအခုလို ချစ်သူရည်းစားထားတာများတဲ့ ကိစ္စရပ်တွေကို အထူးအဆန်းလုပ်ပြီးဝေဖန်နေမှာ မဟုတ်ဘူးလို့လည်းဆိုခဲ့ပါတယ်။ **(မေလှဲ့သင်း)**

# တောင်ကိုရီးယားမှာ အနုပညာလုပ်ငန်းတွေကို ပြန်လည်စတင်တော့မယ့် ဂျန်ဒေါင်ဆပ်

မြန်မာပရိသတ်များအကြား "ထယ်ကျွမ်း" ဟူသည့်အမည်ဖြင့် လူသိများကျော်ကြားခဲ့သော တောင်ကိုရီးယားအဆိုတော်နှင့် သရုပ်ဆောင်မင်းသားချော ဂျန်ဒေါင်ဆပ်သည် ပြီးခဲ့သည့်ဆယ်လတာကာလအတွင်း တောင်ကိုရီးယားနိုင်ငံတွင် မည်သည့်အနုပညာလှုပ်ရှားမှုမျှမရှိဘဲ ရပ်နားထားခဲ့ရာမှ မကြာမီတွင် သူ၏အနုပညာလုပ်ငန်းကို ပြန်လည်စတင်သည့်အနေဖြင့် တောင်ကိုရီးယားဇာတ်လမ်းတွဲတစ်ခုတွင် ပါဝင်သရုပ်ဆောင်သွားရန် ပြင်ဆင်နေပြီဖြစ်ကြောင်း Korea Times သတင်းစာက ဖော်ပြခဲ့သည်။

ဂျန်သည် လာမည့်နှစ်အတွင်း ရိုက်ကူးထုတ်လုပ်သွားမည့် ရုပ်သံဇာတ်လမ်းတွဲများနှင့် ရုပ်ရှင်များမှ လက်ခံရိုက်ကူးပေးနိုင်မည့်ရုပ်ရှင်များကို ရွေးချယ်နေပြီဖြစ်ကြောင်းလည်း သိရသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် အကောက်ခွန်ဌာနက ဂျန်နှင့် သူ၏မန်နေဂျာအား တရုတ်နိုင်ငံမှရရှိသော အနုပညာလုပ်ငန်းမှ ဝင်ငွေများအတွက် အခွန်ဆောင်ခြင်းမရှိသဖြင့် ခေါ်ယူစစ်ဆေးခဲ့ပြီး ဒဏ်ငွေများလည်းပေးဆောင်စေခဲ့သည်။ ထို့ကြောင့် ဂျန်သည်ပြီးခဲ့သည့် ဇန်နဝါရီလမှ စတင်ကာ တောင်ကိုရီးယားနိုင်ငံ၌ အနုပညာလှုပ်ရှားမှုများကို ရပ်နားထားခဲ့ခြင်းဖြစ်သည်။ အဆိုပါအကောက်ခွန်စစ်ဆေးမှုအရ အသက်(၂၈)နှစ်အရွယ်မင်းသား ဂျန်ဒေါင်ဆပ်သည် ဒဏ်ငွေအဖြစ်အမေရိကန်ဒေါ်လာ ၁၀ သန်းပေးဆောင်ခဲ့ရသည်။ **(အေးပြည့်)**



# ဥရောပတေးဂီတဆုပေးပွဲမှာ ဆုအများဆုံးရရှိခဲ့တဲ့ ဂျက်စတင်ဘီဘာ

အမေရိကန်ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကျင်းပခဲ့တဲ့ MTV ရုပ်သံလိုင်းရဲ့ European Music Awards (ဥရောပတေးဂီတဆုပေးပွဲ)မှာ ဆုပေါင်းငါးဆုရရှိခဲ့ကာ ဆုပေးပွဲညရဲ့ အအောင်မြင်ဆုံးတေးသံရှင်တစ်ဦးဖြစ်လာခဲ့တယ်လို့ ဘီဘီစီနယူးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဂျက်စတင်ဘီဘာရရှိခဲ့တဲ့ ဆုတွေကတော့ အကောင်းဆုံးအမျိုးသား အဆိုရှင်ဆု၊ အကောင်းဆုံးမြောက်အမေရိက ရိုက်ကူးမှုဆု၊ အကောင်းဆုံးပူးပေါင်းဆောင်ရွက်မှုဆု၊ ပရိသတ်အများဆုံးတေးသံရှင်ဆုနဲ့ အကောင်းဆုံးအသွင်အပြင်ဆုတွေ ဖြစ်ပါတယ်။

အကောင်းဆုံးအမျိုးသားအဆိုရှင်ဆုကို လက်ခံအပြီးမှာ ဂျက်စတင်ဘီဘာက "ဒီနှစ်နှစ်ဟာ ကျွန်တော့်အတွက်တော့ အတော်ကြာရှည်ခဲ့တဲ့နှစ်တွေဖြစ်ခဲ့ပါတယ်။ အခုလို ကျွန်တော်ဖန်တီးတဲ့ဂီတတွေကို အများက အသိအမှတ်ပြုပေးတော့ ရင်ထဲမှာ အံ့သြဝမ်းသာတာနဲ့အတူ တစ်မျိုးတစ်မည်ခံစားရပါတယ်"လို့ ဖွင့်ဟခဲ့ပါတယ်။ ဘီဘာဟာ လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းမှာ သူ့ရဲ့အနုပညာလှုပ်ရှားမှုတွေ အတော်နည်းပါးသွားခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်းမှာမှ သူ့ရဲ့တေးအယ်လ်ဘမ်သစ် "What Do You Mean?"နဲ့ လှုပ်ရှားမှုကို ပြန်လည်စတင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဘီဘာဟာ ယင်းဆုပေးပွဲညမှာ ထူးထူးခြားခြားအနီရောင်ဝတ်စုံကိုဝတ်ဆင်ခဲ့ပြီး ပရိသတ် တွေနဲ့လည်း အတူတကွ ဓာတ်ပုံတွဲရိုက်ခဲ့ပါတယ်။

မီလန်မြို့မှာ ကျင်းပခဲ့တဲ့ အဆိုပါဆုပေးပွဲမှာ ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်တဲ့ အက်ဒ်ရှီရန်က ဩစတြေးလျမော်လ်ဒယ်နဲ့ သရုပ်ဆောင် ရူဘီရို့စ်နဲ့တွဲဖက်ကာ ဆုပေးပွဲရဲ့ အစီအစဉ်တင်ဆက်သူတွေအဖြစ် ဆောင်ရွက်ခဲ့ကြပါတယ်။ ယင်းဆုပေးပွဲညမှာ ဂရမ်မီဆုများရှင် တေလာဆွစ်ကတော့ သူ့ရဲ့ "Bad Blood"တေးသီချင်းနဲ့ အကောင်းဆုံးတေးသီချင်းဆုနဲ့ အကောင်းဆုံးအမေရိကန် ရိုက်ကူးမှုဆု တို့ကိုသာ ရရှိခဲ့ပါတယ်။ **(အေးပြည့်)**




# အခြားအမျိုးသားတေးဂီတအဖွဲ့နှင့် ဂီတခရီးလမ်းလျှောက်လှမ်းဖို့ ပြင်ဆင်နေပြီလား လီယမ်

One Direction အဖွဲ့ဝင် လီယမ်က နာဖျားမှုကြောင့် One Direction ရဲ့ဖျော်ဖြေပွဲအစီအစဉ်ကို လိုက်ပါခဲ့ခြင်းမရှိပေမယ့် အခြားအမျိုးသားတေးဂီတအဖွဲ့နဲ့အတူ သီဆိုထားတဲ့ သီချင်းသစ်တစ်ပုဒ်ကို ဖြန့်ချိခဲ့တာကြောင့် နောက်ထပ်အဖွဲ့တစ်ဖွဲ့နဲ့ လက်တွဲဖို့ ခြေလှမ်းပြင်နေပြီလားလို့ ဟေလ်တန်မီဒီယာက မေးခွန်းထုတ်လိုက်သည်။ လီယမ်က သူ့ရဲ့ မွေးရပ်မြေအိုင်ယာလန်က ဂီတအဖွဲ့ဖြစ်တဲ့ Hometown မှ အဖွဲ့ဝင် ဂျေမီစကော့နဲ့ တွဲဖက်သီဆိုထားတဲ့ သီချင်းသစ် The Night, We met ကို ယခုတစ်ပတ်အတွင်းမှာပဲ ပရိသတ်ကြားထဲ ချပြလိုက်သဖြင့် အခုလို သတင်းတွေထွက်လာခဲ့ခြင်းဖြစ်သည်။

သို့သော် လီယမ်ကမူ သူငယ်ချင်းဖြစ်သူ ဂျေမီစကော့နှင့် အမှတ်တရ သီချင်းတစ်ပုဒ်သီဆိုချင်၍သာ ယင်းသီချင်းကို အသံသွင်းယူခဲ့ခြင်းဖြစ်ကြောင်းနဲ့ အမှန်တကယ် နာဖျား၍သာ ဖျော်ဖြေပွဲအစီအစဉ်တွင် မပါဝင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ဖြေရှင်းခဲ့သည်။ **(မေလှဲ့သင်း)**

## ရုပ်မြင်သံကြားအစီအစဉ်များ

၂၇ - ၁၀ - ၂၀၁၅ (အင်္ဂါနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် - ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ (မျိုးမြင့်လေး)
- ၆း၃၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၁၀)
- ၈း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၂၂)
- ၈း၄၅ ဟိုးတုန်းက. . . ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "ချစ်ရာရောက်ပါစေ" [စောမြတ်နှီး၊ ရှိုင်းဝေအောင်၊ ကိုရှမ်း၊ လှယဉ်ကျေး၊ ခိုင်သဇင်) (ဒါရိုက်တာ-သီတာလင်း(Laurel Art Academy)]
- ၉း၄၅ တေးဂီတအစီအစဉ်
- ၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "အဋ္ဌမမျက်နှာ" (အောင်ရဲလင်း၊ မိုးပြည့်ပြည့်မောင်၊ ဆုပန်ထွာ) (ဒါရိုက်တာ- ညွှန့်မြန်မာညီညီအောင်
- ၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ်ပြသပါမည်။**

### MRTV - 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်၊ မေတ္တာသုတ်
- ၉း၄၀ အနုပညာမိုးကောင်းကင်
- ၁၀း၅၅ ရန်ကုန်မြင်ကွင်းကျယ် (Biff & Bil Fashion Night Out)
- ၁၁း၀၅ သွားမယ်စားမယ် (Life Caf 'e)
- ၁၁း၃၀ Forever Music Tribute Hip Hop Show Time (အပိုင်း-၅) (ဒုတိယပိုင်း)
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၈၀)
- ၁း၀၀ "အားကိုးစရာဖြေဆည်ရာ" တရားတော် [ဆရာတော်အရှင်ဥတ္တရ (ကျိုက်ဒေးယျုံဆရာတော်)]
- ၂း၂၀ မြန်မာ့ရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterfies"
- ၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ"(အပိုင်း-၉၅)
- ၃း၄၅ မြန်မာ့ရွှေနဂါး စိုက်ပျိုးရေးစွမ်းအားစု (၁၁)နှစ်ပြည့် ဂုဏ်ပြုညစာစားပွဲ
- ၄း၀၅ Cartoon Series(English Playground)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၁၇)
- ၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၈၁)
- ၁၀း၁၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၄၅ MRTV-4 Stage
- ၄း၄၀ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ရွှေမြင်တင်စေတီတော်မြတ်ကြီး)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၆း၄၅ မှတ်တမ်း
- ၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၇း၂၅ သင့်အတွက်တစ်နေ့တာ
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၀၄ အမျိုးသားရေးတေးကဗျာ
- ၈း၁၀ စိုက်ပျိုးသုတ
- ၈း၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈း၃၅ ခရီးလည်းသွားစကားလည်းဆို
- ၈း၄၅ မြဝတီနေ့စဉ်သတင်း
- ၉း၀၀ တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
- ၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ အင်္ဂလိပ်စာသုတ
- ၄း၄၅ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ သာယာဦးကြွေးခေတ်ဆန်းတေး
- ၅း၁၅ သူတို့အကြောင်း
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂန္ထဝင်မြောက်အမုန်း အပိုင်း(၆၇)
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၀၅ အမျိုးသားရေးတေးကဗျာ
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂျောင်းဒိုဂွန်း အပိုင်း(၄၂) မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း ဟာသရုပ်စုံ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ခနတံတိုင်းရဲ့တစ်ဖက်တစ်ချက် အပိုင်း(၂၆)

### mitv

- 07:24 "Insight Myanmar "Manuscription (Episode-1)
- 07:51 " Philatelic Pleasure
- 08:26 "Moe Ne' Keeps Its Tradition Alive
- 08:50 "Today Myanmar "Food Safety"
- 09:26 "Archery Session (from Ramayana Play)
- 09:47 " Grow Back for Posterity "The dawn of development"
- 10:26 "MURAL PAINTING BAGAN
- 10:38 "Reflected Glory
- 07:26 "A Day Out With Sarah (Ep-3)
- 07:52 "Now in Yangon
- 08:03 "News
- 08:26 "Discovering Tribes "Lisu: Their Life and Customs" (Part- II)
- 08:48 "Director: Kyi Phyu Shin

**အားကစား**

# မန်ယူရဲ့ဗဟိုတိုက်စစ်မှူးအဖြစ်အသုံးမပြုသင့်တဲ့ ဝိန်းရွန်းနီ



မန်ယူနဲ့ မန်စီးတီးတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲမှာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် အားကစားကျွမ်းကျင်သူတွေက မန်ယူရဲ့တိုက်စစ်မှာ ရွန်းနီကို ဗဟိုတိုက်စစ်မှူးအနေနဲ့ ဆက်ပြီးအသုံးပြုနေရင် မန်ယူအနေနဲ့ မာကျောတဲ့ပြိုင်ဘက်တွေကိုရင်ဆိုင်ရာမှာ သေချာပေါက် အခက်တွေ့မယ်လို့ ဝေဖန်ခဲ့ပါတယ်။ မှန်ပါတယ်။ အခုမန်ယူ ကျင့်သုံးနေတဲ့ ၄-၂-၃-၁ ကစားကွက်က အွန်နရီ၊ ဘင်ဇီမာ၊ ရိုနယ်လ်ဒို (ဘရာဇီးတိုက်စစ်မှူး)တို့လို တိုက်စစ်မှူးစစ်စစ်တွေရှိတဲ့ အသင်းအတွက်တော့ တကယ်သင့်လျော်တဲ့ ကစားကွက်ဖြစ်ပေမယ့် ရွန်းနီရဲ့ ကစားပေါက်နဲ့ ဒီကစားကွက်က အံမဝင်ပါဘူး။

ရွန်းနီထက်ဆို ဘယ်တောင်ပံတိုက်စစ်နေရာမှာ ထွက်ကစားနေတဲ့ မာရှယ်လ်ကမှ ဒီနေရာနဲ့ ပိုပြီး အံဝင်လိမ့်မယ်လို့ ဒီပွဲမတိုင်မီကတည်းက ယခင်မန်ယူနောက်ခံလူဟောင်း ဂယ်ရီနဗီးလ်က ထောက်ပြခဲ့ဖူးပါတယ်။ ရွန်းနီနဲ့ အဆင်ပြေဆုံးနေရာက အခုဟာရဲရားကစားနေတဲ့ ကျောနံပါတ်(၁၀)ဝတ်ကစားသမားတွေ ကစားလေ့ရှိတဲ့ ကွင်းလယ်ဖန်တီးရှင်နေရာ ဖြစ်ပါတယ်။ ရွန်းနီကဘေးမှာ တွဲဖက်တိုက်စစ်မှူး(ဒါမှမဟုတ်)နေရာလွတ်ရှာပေးတာအားကောင်းတဲ့ ကစားဖော်ပါမလာရင် ဂိုးဧရိယာရှေ့မှာ ဘာလုပ်ရမှန်းမသိတဲ့ ပုံစံမျိုးတွေဖြစ်နေပါတယ်။ ပေါလ်စခိုးလ်က သူလည်းပဲ နေရာလွတ်ရှာပေးတတ်တဲ့ တွဲဖက်ကစားဖော်ပါမလာရင် ရွန်းနီလိုပဲ ဂိုးရအောင် စွမ်းဆောင်နိုင်ခြင်းမရှိပါဘူးလို့ ဆိုခဲ့တဲ့အတွက် အခု အချိန်မှာ ရွန်းနီအနေနဲ့ တိုက်စစ်မှူး နေရာထက် ကွင်းလယ်နေရာကသာ ပိုပြီးအဆင်ပြေနိုင်တယ် ဆိုတာ အချက်အလက်တွေ အများကြီးက ညွှန်းဆိုနေသလို ရှိပါတယ်။

မန်စီးတီးနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲမှာ ရွန်းနီဟာ ဘောလုံးနဲ့ ထိချက်ပေါင်း ၅၀ လောက်ရှိခဲ့ပေမယ့် ဂိုးပေါက်တည့်တဲ့ ကန်သွင်းချက် တစ်ကြိမ်သာပြုလုပ်နိုင်ပြီး ဒီကန်သွင်းချက်ကိုလည်း မန်စီးတီးနောက်တန်းလူတွေက အလွယ်တကူပဲ ဖျက်ထုတ်နိုင်ခဲ့ပါတယ်။ တိုက်စစ်မှူးတစ်ယောက်ရဲ့ အဓိကအရည်အသွေးမှာ လျင်မြန်မှုက အဓိကကျပြီး ပြိုင်ဘက်နောက်တန်းကစားသမားတွေထက် ပိုပြီးလျင်မြန်တဲ့ပြေးနှုန်းရှိရပါမယ်။ ဒါပေမယ့် ရွန်းနီက မန်စီးတီးနောက်တန်းက ကွန်ပနီနဲ့ အော့တမန်ဒီတို့လောက် ပြေးနှုန်းမမြန်တဲ့အတွက် ဒီနောက်ခံလူတွေက မန်ယူရဲ့တိုက်စစ်ကို အလွယ်တကူဟန့်တားနိုင်ခဲ့တာဖြစ်ပါတယ်။

ရွန်းနီဟာ အရင်က မန်ယူမှာရော အင်္ဂလန်မှာရော ၄-၄-၂ကစားကွက်နဲ့ အသားကျလာခဲ့သူဖြစ်တဲ့အတွက် တိုက်စစ်နေရာမှာ တစ်ဦးတည်းလှုပ်ရှားနေရတာက သူ့အတွက် အဆင်မပြေပါဘူး။ မန်ယူမှာ အရင်က နစ္စတယ်ရွိုင်း၊ ဆာဟာ၊ တီဗက်ဇ်၊ ဗန်ပါစီတို့လို တိုက်စစ်မှူးတွေနဲ့ တောက်လျှောက် တွဲဖက်ကစားလာပြီး အင်္ဂလန်မှာလည်း မိုက်ကယ်အိုဝင်၊ ပီတာခရော့ချ်၊ ဒီဖိုး၊ ဟယ်ရီကိန်းတို့လို တွဲဖက်တိုက်စစ်မှူးတွေနဲ့သာ တွဲဖက်ကစားနေကျဖြစ်ပါတယ်။ ဒါ့ကြောင့် တစ်ဦးတည်း တိုက်စစ်ကို ဦးဆောင်နေရတဲ့ ၄-၂-၃-၁ ကစားကွက်ကို ဗန်ဟားလ်က အထိုင်ချချင်တယ်ဆိုရင် ရွန်းနီကို မဖြစ်မနေ နေရာပြောင်းကစားခိုင်းသင့်ပါပြီ။

မန်ယူအတွက် ဝမ်းသာစရာကောင်းတာတစ်ခုက မာရှယ်လ်ရဲ့လျင်မြန်တဲ့ပြေးနှုန်း၊ တိုးအားနဲ့ နေရာလွတ်ရှာဖွေတတ်မှုတွေက မန်စီးတီးနောက်တန်းကို ခဏခဏပြိုဆင်းအောင်စွမ်းဆောင်နိုင်ခဲ့တဲ့အချက်ပါ။ တကယ်လို့ ဒီပွဲမှာ ဗန်ဟားလ်က ရွန်းနီကို ကွင်းလယ်ဖန်တီးရှင်နေရာမှာကစားခိုင်းပြီး မာရှယ်လ်ကို တိုက်စစ်နေရာမှာ ကစားခိုင်းခဲ့ရင် မန်ယူအနေနဲ့ အိမ်ကွင်းမှာ မန်စီးတီးကို အနည်းဆုံးသွင်းဂိုးတစ်ဂိုးလောက်တော့ သွင်းနိုင်ပါလိမ့်မယ်။ ဒါ့ကြောင့် ခေါင်းမာတဲ့ ဗန်ဟားလ်အနေနဲ့ နည်းဗျူဟာမပြောင်းချင်ရင်တောင် လူမှန်နေရာမှန်ချပြီးနောက်ပိုင်းပွဲတွေမှာ မန်ယူပြန်လာနိုင်မလား ဆိုတာ စောင့်ကြည့်ရပါမယ်။

**(မေလှဲ့သင်း)**

## အောက်တိုဘာ ၂၈ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ကက်ပီတယ်ဝမ်းဖလား(၁၆သင်းအဆင့်)**

| | | | |
|---|---|---|---|
| အဲဗာတန် | - | နော့ဝှစ်ချ် | နံနက်-၂း၁၅ |
| ရှက်ဖီး | - | အာဆင်နယ် | နံနက်-၂း၁၅ |
| ဟားလ်စီးတီး | - | လက်စတာ | နံနက်-၂း၁၅ |
| စတုတ်စီးတီး | - | ချယ်လ်ဆီး | နံနက်-၂း၁၅ |

## အောက်တိုဘာ ၂၆ ရက် အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် (၁၀)**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၁ | - | ၁ | ဆောက်သမ်တန် |

**လာလီဂါ ပွဲစဉ် (၉)**

| | | | | |
|---|---|---|---|---|
| အက်သလက်တီကို | ၂ | - | ၁ | ဗလင်စီယာ |
| လက်စ်ပဲမက်စ် | ၀ | - | ၀ | ဗီလာရီးယဲလ် |
| ဘာစီလိုနာ | ၃ | - | ၁ | အီဘား |

**စီးရီးအေ ပွဲစဉ် (၉)**

| | | | | |
|---|---|---|---|---|
| လာဇီယို | ၃ | - | ၀ | တိုရီနို |
| ချီယေဗို | ၀ | - | ၃ | နာပိုလီ |

**ဘွန်ဒက်လီဂါ ပွဲစဉ် (၁၀)**

| | | | | |
|---|---|---|---|---|
| မိုချင်ဂလက်ဘတ် | ၃ | - | ၁ | ရှောလ်ကေး |

**ပြင်သစ်လီဂူး ပွဲစဉ် (၁၀)**

| | | | | |
|---|---|---|---|---|
| ဘော်ဒိုး | ၁ | - | ၀ | ထရွိုင်ယက်စ် |
| လိုင်လီ | ၁ | - | ၂ | မာဆေး |
| ပီအက်စ်ဂျီ | ၄ | - | ၁ | စိန့်အက်တီယန် |

**မောင်မောင်ဇော်**

# အာဆင်နယ်အတွက် ပြည့်စုံသည့်ရက်သတ္တပတ်ဖြစ်ခဲ့ဟု အာစင်ဝင်းဂါး အဓိပ္ပာယ်ဖွင့်ဆို

အာဆင်နယ်သည် ပရီမီယာလိဂ်တွင် အဲဗာတန်အား နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ကစားပြီးသည့်နောက် မန်စီးတီးနှင့် ရမှတ်တူအနေအထားသို့ရောက်ရှိခဲ့ရာ နည်းပြဝင်းဂါးက ယခုရက်သတ္တပတ်မှာ အာဆင်နယ်အတွက် ပြီးပြည့်စုံသည့်ရက်သတ္တပတ်ဟု အဓိပ္ပာယ်ဖွင့်ဆိုလိုက်သည်။ အာဆင်နယ်သည် တိုက်စစ်မှူးဂျီရော့ဒ်နှင့် နောက်ခံလူ ကိုစီရယ်နီတို့၏ သွင်းဂိုးများဖြင့် အဲဗာတန်ကဲ့သို့ ခြေစွမ်းမာကျောသည့် အသင်းအားအနိုင်ယူနိုင်ခဲ့သလို ပြီးခဲ့သည့် အောက်တိုဘာ ၁၉ ရက်က ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင်လည်း ဘိုင်ယန်မြူးနစ်ကို အနိုင်ကစားကာ ချန်ပီယံလိဂ်အုပ်စုတက်ရေး မျှော်လင့်ချက်ရှင်သန်ခိုင်မာအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် ဝင်းဂါးက ယခုကဲ့သို့ ကျူးရင့်လိုက်ခြင်းဖြစ်သည်။

ယင်းနိုင်ပွဲကြောင့် အာဆင်နယ်သည် မန်စီးတီးနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားအဆင့်(၂) နေရာတွင် ရပ်တည်နေသည်။ အာဆင်နယ်သည် ချယ်လ်ဆီးနှင့် အိုလံပီယာကော့စ်တို့အား ရှုံးနိမ့်ခဲ့ပြီးနောက် ရလဒ်များပြန်လည်ကောင်းမွန်အောင် ထိန်းကျောင်းနိုင်ခဲ့ပြီး တိုက်စစ်မှူးဂျီရော့ဒ် ဂိုးသွင်းခြေတွေ့နေသလို ကွင်းလယ်ကစားသမား အိုဇေးလ်၏ ပဥ္စလက်ဆန်သည့် ခြေစွမ်းများကြောင့် ယခုကဲ့သို့ရလဒ်များ ပြန်လည်ကောင်းမွန်လာခြင်း ဖြစ်သည်။

"ဒီရက်သတ္တပတ်က အာဆင်နယ်အတွက် တကယ့်ကို ပြည့်စုံတဲ့ ရက်သတ္တပတ်ဖြစ်ခဲ့ပါတယ်။ ဘိုင်ယန်လိုအသင်းမျိုးကို အနိုင်ကစားပြီးတော့ ကျွန်တော်တို့အသင်းရဲ့ စိတ်ဓာတ်မာကျောမှုကို မှတ်ကျောက်တင်နိုင်ခဲ့တယ်။ ဒီနိုင်ပွဲတွေကို ခက်ခက်ခဲခဲနဲ့ ရယူခဲ့ရတာဖြစ်ပြီး ဒီ့အတွက်လည်း ကျွန်တော်ဂုဏ်ယူရပါတယ်" ဟု ဝင်းဂါးကဆိုခဲ့သည်။

ထို့ပြင် အိုဇေးလ်၏ ခြေစွမ်းတိုးတက်လာမှုက အာဆင်နယ်နိုင်ပွဲများတွင် အဓိကကျခဲ့ပြီး ဘောလုံးကို ချစ်မြတ်နိုးသည့်သူတိုင်း အိုဇေးလ်အား ချစ်ခင်ကြသည်ဟုလည်း ဝင်းဂါးက ဆိုလိုက်သည်။ အိုဇေးလ်အနေဖြင့် မကြာမီကာလကပင် ပိုမိုရင့်ကျက်လာခဲ့သလို "ကစားသမားများ၏အကောင်းဆုံးအသက်အရွယ်"ကို ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ အိုဇေးလ်သည် လက်ရှိတွင် အသက်(၂၇)နှစ်အရွယ်သို့ရောက်ရှိနေပြီး ကစားသမားတစ်ဦး၏ အကောင်းဆုံးအချိန်မှာ အသက်(၂၇)မှ (၃၂)နှစ်ကြားဖြစ်ကြောင်း၊ အသက်(၂၅)နှစ်အရွယ် ကစားသမားတစ်ဦး အနေဖြင့် ဘောလုံးလောကတွင်အမြဲတမ်းကျင်လည်နိုင်သည်ဟု တွေးထင်ထားခဲ့သော်လည်း (၂၇)နှစ်အရွယ်တွင် မိမိလေ့လာသင်ကြားလာသည်များကို အရင်းအနှီးပြု၍ နာမည်တင်ကျန်အောင် ကြိုးပမ်းရမည်ကို သဘောပေါက်လာကြောင်း ဝင်းဂါးက အိုဇေးလ်အား ချီးမွမ်းပြောကြားခဲ့သည်။

**(မေလှဲ့သင်း)**



# လီဗာပူးအားရှုံးနိမ့်ခဲ့လျှင် ထုတ်ပယ်ခံရတော့မည့် မော်ရင်ဟို

လာမည့်အောက်တိုဘာ ၃၁ ရက်တွင် ယှဉ်ပြိုင်မည့် ချယ်လ်ဆီးနှင့် လီဗာပူးတို့၏ ပရီမီယာလိဂ်ပွဲစဉ်၌ လီဗာပူးအား ရှုံးနိမ့်ခဲ့လျှင် ချယ်လ်ဆီးနည်းပြမော်ရင်ဟိုမှာ လက်ရှိရာထူးမှ ထုတ်ပယ်ခံရရန် သေချာနေပြီဖြစ်ကြောင်း မေရာဒေးလီးအွန်လိုင်းက ဖော်ပြသည်။ ချယ်လ်ဆီးအသင်းသည် ယခုတစ်ပတ်တွင် ဝက်စ်ဟမ်းအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သော်လည်း နည်းပြမော်ရင်ဟိုအား မထုတ်ပယ်သေးဘဲ လာမည့်ရက်သတ္တပတ်တွင် လီဗာပူးအား ထပ်မံအရေးနိမ့်ခဲ့လျှင်မူ အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်က သေချာပေါက်ထုတ်ပယ်တော့မည်ဖြစ်သည်ဟု အဆိုပါအွန်လိုင်းသတင်း၌ ဆက်လက်ဖော်ပြသည်။

မော်ရင်ဟိုသည် လောလောဆယ်တွင် အခက်ခဲဆုံး အနေအထားတစ်ရပ်ကိုရင်ဆိုင်နေပြီး တစ်ဖက်တွင် ကစားသမားများအား နိုင်နင်းအောင် မကိုင်တွယ်နိုင်သလို အခြား တစ်ဖက်တွင်လည်း ကိုယ်တိုင်စည်းကမ်းလိုက်နာမှုအားနည်းခြင်းကြောင့် အက်ဖ်အေနှင့် ပြဿနာများ ဆက်လက် ကြီးထွားနေဆဲဖြစ်သည်။ အသင်းပိုင်ရှင်မိုဗစ်ချ်က သူ၏မွေးနေ့ပွဲအမီ ချယ်လ်ဆီး၏ ရလဒ်ကောင်းကို ပြန်လည်စောင့်မျှော်နေသော်လည်း လောလောဆယ်အနေအထားအရ ပြန်လည်နာလန်ထူရန် မလွယ်ကူတော့ပေ။

ချယ်လ်ဆီးသည် ပရီမီယာလိဂ်ပွဲစဉ်(၁၀)ယှဉ်ပြိုင်အပြီးတွင် ငါးပွဲအထိရှုံးနိမ့်ခဲ့ပြီးနောက် အမှတ်ပေးဇယားအဆင့်(၁၅)အထိရောက်ရှိနေသည်။ **(မေလှဲ့သင်း)**

# ရီးယဲလ်ဆိုစီဒက်ကိုရှုံးနိမ့်ခဲ့ခြင်းကြောင့် လီဗန်တေးနည်းပြအဖြစ်မှ အယ်လ်ကာရက်ဇ်အား ထုတ်ပယ်

လီဗန်တေးအသင်းသည် ၎င်းတို့၏ ယခုနှစ်ဘောလုံးရာသီ လာလီဂါဖြတ်သန်းမှုသည် ထင်တိုင်းမပေါက်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၂၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ရီးယဲလ်ဆိုစီဒက်အသင်းနှင့် ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်း၏လက်ရှိနည်းပြဖြစ်သည့် အယ်လ်ကာရက်ဇ်အား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

လီဗန်တေးအသင်းသည် ရီးယဲလ်ဆိုစီဒက်အသင်းအား လေးဂိုးပြတ်ဖြင့် ရှုံးပွဲကြုံခဲ့သည့်အပြင် လက်ရှိတွင် လာလီဂါပွဲစဉ်ကိုးပွဲကစားအပြီးတွင် တစ်ပွဲသာနိုင်ပွဲရရှိခဲ့ပြီး လာလီဂါ အမှတ်ပေးဇယား၏ အောက်ခြေတွင် ရပ်တည်လျက်ရှိသည့်အသင်းဖြစ်သည်။ လီဗန်တေးအသင်းသည် နည်းပြ အယ်လ်ကာရက်ဇ်အား ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက နည်းပြအဖြစ် ခေါ်ယူခန့်အပ်ခဲ့ခြင်းဖြစ်ပြီး အယ်လ်ကာရက်ဇ်၏ လီဗန်တေးနည်းပြ သက်တမ်းတစ်နှစ်ပြည့်ချိန်တွင် အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

လီဗန်တေးအသင်းနည်းပြ အယ်လ်ကာရက်ဇ်သည် လာလီဂါတွင် နိုင်ပွဲရရှိရန် ရုန်းကန်ခဲ့သော်လည်း လီဗန်တေးအသင်းမှာ ကိုးပွဲကစားအပြီးတွင် ပေးဂိုးအများဆုံးအနေအထားသို့ ရောက်ရှိလာခဲ့သောကြောင့် နည်းပြ အယ်လ်ကာရက်ဇ်ကို အသင်းနည်းပြအဖြစ် ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ရီးယဲလ်ဆိုစီဒက်အသင်းနှင့် ပွဲစဉ်အပြီးတွင် လီဗန်တေးအသင်းမှ တရားဝင်ထုတ်ပြန်ကြေညာလိုက်ခြင်းဖြစ်သည်။ **(ငွေကြယ်)**

# အကောက်ခွန်မဲ့ သယ်ဆောင်လာသော တရားမဝင် ဂြိုဟ်တုစလောင်းပန်း၊ ထိပ်ဖူး၊ ဂြိုဟ်တုရုပ်သံဖမ်းစက်နှင့် စလောင်းဒေါက်များ သိမ်းဆည်းရမိ






**နေပြည်တော် အောက်တိုဘာ ၂၆**

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီကွပ်ကဲမှုအောက်ရှိ Mobile Team အဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှု တားဆီးရေး၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၆ ရက် ညနေ ၆ နာရီခွဲခန့်က မူဆယ်ကုန်သွယ်ရေးဇုန်ရှိ မူဆယ် Mobile Team မှ Asia World Toll Gate အနီးတွင် ယာဉ်အမှတ်၊ 9A/7951 (Toyota)အား စစ်ဆေးစဉ် အကောက်ခွန်မဲ့ DVD Player များ၊ ဂြိုဟ်တုရုပ်သံဖမ်းစက် Satellite Receiver ၁၀ခု၊ Antenna Cable ၄ ကီလိုနှင့် Satellite Receiver Head (၁၀)ခု စုစုပေါင်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀ ခန့်အား စစ်ဆေးတွေ့ရှိသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်သိမ်းဆည်း၍ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့သည်။

အလားတူ မြဝတီ-ရန်ကုန်လမ်းကြောင်းပေါ်ရှိ လှုပ်ရှား-၂(ညောင်ခါးရှည်) Mobile Team မှ ဇွန် ၂၃ ရက် ည ၁၁ နာရီခန့်က မြဝတီမှ ရန်ကုန်သို့ ထွက်ခွာလာသည့် မန္တလာထွန်းခရီးသည်တင်မှန်လုံယာဉ်ပေါ်မှ ခရီးသည်ပစ္စည်းများအတွင်း သို၀ှက်တင်ဆောင်လာသော ဂြိုဟ်တုစလောင်းဗန်းအခု ၁၀၀၊ စလောင်းဒေါက်အခု ၉၀၊ ဂြိုဟ်တုရုပ်သံဖမ်းစက် PSI Satellite Receiver (၁၀၀)ခုနှင့် စလောင်းထိပ်ဖူးအခု ၁၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၁၈၀၀၀၀ ခန့်အား စစ်ဆေးတွေ့ရှိသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်သိမ်းဆည်း၍ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့သည်။

စက်တင်ဘာလ ၄ ရက်က လှုပ်ရှား-၂(ညောင်ခါးရှည်) Mobile Team မှ ရတနာစိုး ခရီးသည်တင်မှန်လုံယာဉ်အမှတ်၊ 4G/3481 ယာဉ်ပေါ်မှ PSI စလောင်းအခု ၁၀ နှင့် စလောင်းဒေါက်အခု ၁၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ ခန့်အားလည်းကောင်း၊ အာကာသခရီးသည်တင်မှန်လုံယာဉ်အမှတ် 6C/2180 ယာဉ်ပေါ်မှ PSI ဂြိုဟ်တုစလောင်း ၁၀၀ ခု၊ ထိပ်ဖူး ၁၀၀ ခု၊ စလောင်းဒေါက်အခု ၁၀၀နှင့် ဂြိုဟ်တုရုပ်သံဖမ်းစက် Satellite Receiver အခု ၇၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀ ခန့်အားလည်းကောင်း လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်သိမ်းဆည်း၍ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ အမှတ်(၁)ဝင်/ထွက်စခန်းအခြေပြု ညဝတီရေတပ်စခန်း၏ ကွပ်ကဲမှုအောက်ရှိ အမှတ်(၁၆)စစ်ရေယာဉ်စုမှ စစ်သည်များနှင့် အမှတ်(၃)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက်က တပ်မတော်(ရေ) အမြန်တိုက်ခိုက်ရေးယာဉ် ငါးမန်း ၀၀၁၊ ၀၀၂ ရေယာဉ်နှစ်စင်းဖြင့် နတ်မြစ်တစ်လျှောက် လှည့်ကင်းဆောင်ရွက်ခဲ့ပြီးနောက် အမှတ်(၆)နယ်မြေကညင်ချောင်းဝအနီး၌ ကင်းပုန်းဝပ်နေစဉ် နံနက် ၄ နာရီ ၂၅ မိနစ်ခန့်တွင် မြောက်ဘက်မှတောင်ဘက်သို့ ကမ်းခြေကပ်၍ လှော်ခတ်လာသော လောင်းလှေတစ်စင်းအား တွေ့ရှိသဖြင့် မီးအချက်ပြခေါ်ရာ လာရောက်ခြင်းမရှိဘဲ နီးစပ်ရာကမ်းခြေသို့ လှော်ခတ်ထွက်ပြေးသွားခဲ့သည်။

ထွက်ပြေးသွားသူအား လိုက်လံဖမ်းဆီးရာ ဒီရေတောကြား ဆိုက်ကပ်ထားသည့် အလျား ၁၇ ပေ၊ အနံလေးပေ၊ ရေစူး သုည ဒသမ ၅ ပေခန့်ရှိ လောင်းလှေတစ်စင်းအားတွေ့ရပြီး လှေ၏ဦးပိုင်း သစ်သားအံ၀ှက်အတွင်းမှ အထုပ်နှစ်ထုပ်အားတွေ့ရှိရသဖြင့် အမှတ်(၁) ဝင်/ထွက်စခန်းသို့ ယူဆောင်စစ်ဆေးခဲ့သည်။

အမှတ်(၁) ဝင်/ထွက်စခန်းမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၄၆) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ အဆိုပါ အထုပ်နှစ်ထုပ်အားဖွင့်ဖောက်စစ်ဆေးရာ ပလတ်စတစ်ကပ်ခွာအိတ် ၁၅၀ အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၆၄၇ ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့် ၂ ဒသမ ၅ ဂရမ် စုစုပေါင်း အလေးချိန် ၂ ဒသမ ၉၆ ကီလိုဂရမ်အား တွေ့ရှိသဖြင့် တရားခံများ ဖမ်းဆီးရမိရေးစုံစမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

◆



# ယာဉ်မောင်းအိပ်ငိုက်၍ တစ်ဖက်ယာဉ်ကြောရောက်ကာထနောင်းပင်ဝင်တိုက်

**မြင်းမူ အောက်တိုဘာ ၂၆**

မုံရွာဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ကိုဝင်းဗိုလ် မြောက်စည်းရွာသစ်ကျေးရွာ ကလေးမြို့နယ် မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဖြိုးအောင် လိုက်ပါသည့် SGG-6I/--- (၁၂)ဘီးယာဉ်သည် ယနေ့နံနက်ပိုင်းက မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာနှင့် ဝမ်းပြည့်ကျေးရွာ အကြား မုံရွာ-မြင်းမူ-မန္တလေး ကားလမ်းမိုင်တိုင် (၅၂/၄နှင့်၅၂/၅)အကြား အရောက်တွင် ယာဉ်မောင်းမှာအိပ်ငိုက်သွားပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်တစ်ဖက်ယာဉ်ကြောရှိ ထနောင်းပင်အားဝင်တိုက်မိကာ ဖြိုးအောင်တွင် ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။

**(၆၂၄)**

**ချစ်ခင်ပွန်း'ကို'**
**'စိုးမိုး'**
**အတွက် မွေးနေ့ဆုတောင်း**

မွေးနေ့၊ မွေးလ၊ မွေးရက်တိုက်ဆိုင်တဲ့ ၂၇-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)မှာ ကျရောက်တဲ့ 'ကို့'ရဲ့ '၃၄'နှစ်မြောက် မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်၊ စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် လိုရာဆန္ဒတစ်လုံးတစ်ဝတည်းပြည့်စုံပါစေ ချစ်ဇနီး'ငယ်'နှင့် သာယာချမ်းမြေ့သောမိသားစုဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေ။ ဆန္ဒနှင့်ဘဝလည်း တစ်ထပ်တည်းကျပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။

**ချစ်ဇနီး'ငယ်'**
**သက်ထား**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးပြည့်ဖြိုးလှိုင် [၁၂/ကမရ(နိုင်)၀၅၅၉၂၂]၏ ကားသွင်းကုန်ပါမစ် (ISPIDV8 13-14 0755) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၂၃၅၀၉၆**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ ဘုရင့်နောင်(၁)လမ်း၊ အမှတ်(၄၁၄/ခ)တွင် တည်ရှိသော အကျယ်အဝန်း ပေ(အလျား ၅၅×အနံ ၁၀၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ထပ်ဆင့်ဝယ်ယူ၍ ပိုင်ဆိုင်လက်ရှိထားသူ ဒေါ်ဥမ္မာခင်[၁၂/မရက(နိုင်)၀၆၀၇၀၉]ထံမှ ဂရန်လျှောက်ထားဆဲ မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဌေးမောင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၉၈၄)**
**အမှတ်-၂၁၈၊ မြို့မ(၁၂)လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၃၁၈၄၆၀၁**





**နိုင်ငံရေးဆိုတာ**
ခေါင်းဆောင်ချင်တိုင်းလည်းမရ
ခေါင်းရှောင်ချင်တိုင်းလည်းမရ . . . .

**သက်ကြီးစကား**
**မောင်ဆွေသက်**

စိမ်းညက်ချမ်းသာစာပေ
၅၇၇၁၂၆၊ ၅၇၈၈၇၁၆၊ ၀၉-၈၆၃၂၅၇၃

ဟိန်း
01-293159
01-9000293
09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်
လချုပ်/နှစ်ချုပ်ကားများစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

COHABO
ချောင်းသာ/ငွေဆောင်
စရိုက်ငြိမ်း-80000
Ph-09 731 61773
09 516 1773




အတွဲ(၅)၊အမှတ်(၂၆)
၂၇-၁၀-၂၀၁၅ အင်္ဂါနေ့ထွက်ပြီ

● သမိုင်းကို ပြန်ပြောနေတဲ့ ဒီပဲယင်း ကြည်ရွာတစ်ဝိုက်က ကလေးငယ်များ
● အစိုးရသစ်အတွက် တရုတ်မူဝါဒအသစ်တွေ ဘယ်လိုဖြစ်မလဲ
● လာမယ့်ရွေးကောက်ပွဲမှာ မဲရုံမှူးနဲ့ မဲရုံကိုယ်စားလှယ်တွေ ဘာလို့ အရေးကြီးတာလဲ

## အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကော့မှူးမြို့နယ်၊ မြို့ရေပေးရေးလုပ်ငန်းများအတွက် အောက်ဖော်ပြပါ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ကော့မှူးမြို့နယ်၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီရုံး(ကော့မှူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး)တွင် ၁၃-၁၁-၂၀၁၅ရက် မွန်းတည့်၁၂နာရီမတိုင်မီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) ဂါလန်(၆၀၀၀၀)ဆံ့ သံကူကွန်ကရစ် ရေစုကန်(၁)ကန်တည်ဆောက်ခြင်း။
(ခ) ဂါလန်(၇၅၀၀၀)ဆံ့ သံကူကွန်ကရစ် ရေစုကန်(၁)ကန်တည်ဆောက်ခြင်း။
(ဂ) ဂါလန်(၁၂၀၀၀)ဆံ့ သံကူကွန်ကရစ် အမြင့်တင်ရေစင်(၃)စင်တည်ဆောက်ခြင်း။
(ဃ) ၆လက်မ PVC ပိုက်လုံး(၁၀၀၀)ဝယ်ယူခြင်း။

၂။ စိတ်ပါဝင်စားသူများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းလိုပါက ကော့မှူးမြို့နယ်၊ အထောက်အကူပြုကော်မတီရုံးတွင် ရုံးဖွင့်ရက်များအတွင်း တင်ဒါစည်းကမ်းအား ဆက်သွယ်ရယူနိုင်ပါသည်။

**(ကော့မှူးမြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ)**
**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၀၀၇၈၀၁၅၊ ၀၉-၄၃၀၃၉၂၅၆၊ ၀၉-၇၉၉၄၀၉၈၅၄**

# ဟားခါး–ဂန့်ဂေါကားလမ်းတွင် ယာဉ်ကြီး၊ ယာဉ်ငယ်များ သွားလာနိုင်ပြီ

**ဟားခါး အောက်တိုဘာ ၂၆**

လွန်ခဲ့သည့် ဇူလိုင်၊ ဩဂုတ်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုများကြောင့် တောင်ပြို၊ မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ချင်းပြည်နယ်ရှိ လမ်း၊ တံတားများ ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ဟားခါး-ဂန့်ဂေါကားလမ်း ဆက်သွယ်သွားလာမှု ပြတ်တောက်ခဲ့ရာမှ အောက်တိုဘာတတိယပတ်တွင် ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟားခါး-ဂန့်ဂေါကားလမ်း ပြန်လည်ပြုပြင်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ လမ်းအထူးအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူးဦးတင့်လွင်က "ဟားခါး-ဂန့်ဂေါ ကားလမ်းဟာ သဘာဝဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ပြီး ဩဂုတ် ၂ ရက်ကစ၍ ဆက်သွယ်သွားလာမှုပိတ်ဆို့ပြတ်တောက်ခဲ့ရပါတယ်။ ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကြီးကြပ်မှု၊ ကျွန်တော်တို့လမ်းအထူးအဖွဲ့နဲ့ ကုမ္ပဏီတွေ ပူးပေါင်းပြုပြင် ဆောင်ရွက်ခဲ့တာ စက်တင်ဘာ ၁၉ ရက်မှစပြီး ယာဉ်ငယ်တွေ၊ နောက် အောက်တိုဘာလ ၂၀ ရက်ကနေစပြီး မော်တော်လိုင်းကားတွေနဲ့ ယာဉ်ကြီးယာဉ်ငယ်တွေ စတင်သွားလာနိုင်ခဲ့ပါတယ်။ ဒီလမ်းအတွက် နိုင်ငံတော်အစိုးရက ရန်ပုံငွေခွဲဝေချထားပေးခဲ့ပါတယ်။ လာမယ့် ဖေဖော်ဝါရီလလောက်မှာ နဂိုမူလအနေအထားရောက်အောင် ကြိုးစားပြုပြင် ဆောင်ရွက်နေပါတယ်" ဟု ပြောကြားခဲ့သည်။



ဆက်လက်ပြီး ဟားခါးခရိုင်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထလာပဲန်းကလည်း "ဟားခါး-ဂန့်ဂေါကားလမ်းမှာ ဆိုးဆိုးရွားရွားပျက်စီးခဲ့တဲ့နေရာ ကိုးနေရာလောက်ရှိပါတယ်။ ကျွန်တော်တို့နဲ့အတူ လမ်းအထူးအဖွဲ့ရယ်၊ ကုမ္ပဏီတွေရယ်ပူးပေါင်းပြီးတော့ သွားလာမှုမပြတ်အဆင်ပြေစေရေးအတွက် ပြုပြင်ဆောင်ရွက်နေပါတယ်" ဟု ပြောကြားခဲ့သည်။

ဟားခါး-ဂန့်ဂေါကားလမ်းအပိုင်းများတွင် တောင်ပြို၊ မြေပြိုမှုများကြောင့် ပြိုကျပျက်စီးခဲ့သောနေရာနှင့် လမ်းသားပဲ့ကျသောနေရာများတွင် လမ်းအထူးအဖွဲ့၊ တာဝန်ရှိသူများနှင့် ကုမ္ပဏီများက စက်ယန္တရားများဖြင့် လမ်းတာချဲ့ခြင်း၊ မြေကာ၊ မြေထိန်းနံရံ၊ သံကူကွန်ကရစ်တံတားငယ်များ၊ ရေပြွန်များဖောက်လုပ်ခြင်း စသည့်အသေးစိတ်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဟားခါးခရိုင် ပြန်/ဆက်)**

# ရေစီးရေလာကောင်းမွန်ရေး လမ်းတံတားလုပ်ငန်းများ အလေးထားဆောင်ရွက်

**မကွေး အောက်တိုဘာ ၂၆**

မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် အများပြည်သူသွားလာမှု လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် လမ်းတံတားများအဆင့်မြှင့်တင်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ပြုပြင်ခြင်းလုပ်ငန်းများအား ပြည်သူ့အခွန်ငွေများဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အဆိုပါလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူကပြောသည်။

အောက်တိုဘာလ တတိယပတ်အတွင်း အလျား ၁၈ ပေ၊ အနံ ၆ ပေ၊ အမြင့် ၃ ပေ အတိုင်းအတာရှိ ကွန်ကရစ်တံတားတစ်စင်းအား သုံးစွဲငွေ ၂၄ သိန်းဖြင့် မေတ္တာလမ်းနှင့် ကန်သာ(၅)လမ်းထောင့်၌ ဆောင်ရွက်ပြီးစီးခဲ့ရာ ကျောင်းသားဘော်ဒါဆောင်များ တည်ရှိရာရပ်ဝန်းဖြစ်သည့်အတွက် အခြေခံပညာနှင့် တက္ကသိုလ်ကျောင်းသားများ၊ ရပ်ကွက်နေပြည်သူများအတွက် သွားလာမှုအဆင်ပြေလျက်ရှိသည်။

မကွေးဒေသခံများအနေဖြင့် မိုးရာသီကာလအတွင်း ရေစီးရေလာမကောင်းမှုကြောင့်လမ်းပျက်စီးမှုများ ကြုံတွေ့နေမှုအပေါ်တွင်လည်းကောင်း၊ မကြာမီကာလအတွင်းပျက်စီးသွားကြသော လမ်းအရည်အသွေး (Quality) များနှင့်ပတ်သက်၍လည်းကောင်း အလိုမကျမှုများ၊ ဝေဖန်မှုများထွက်ပေါ်လျက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့်လည်း ပြည်သူများထံမှ ကောက်ခံရရှိသော အခွန်ငွေများအပေါ်တွင် လမ်း၊ တံတား၊ ရေလျှပ်စစ်လမ်းမီး၊ မြို့တော်သာယာလှပရေးလုပ်ငန်းစဉ်များ၊ ဝန်ထမ်းလစာများ ဆောင်ရွက်ပေးနေရခြင်းဖြစ်ကြောင်း၊ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းတံတားလုပ်ငန်းများ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်/စည်ပင်အမှုဆောင်အရာရှိကပြောသည်။

**ဇေယျာတု(မကွေး)**

# သံတောင်ကြီးတောင်စခန်းမြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်လှစ်

**ဘားအံ အောက်တိုဘာ ၂၆**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီး တောင်စခန်းမြို့တွင် ပြည်သူများအတွက် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ရရှိခံစားနိုင်ရန်အတွက် မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ်ကို ဆောက်လုပ်ပြီးစီးသွားပြီဖြစ်သဖြင့် အောက်တိုဘာ ၂၂ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့က ဘဏ်ခွဲအဆောက်အအုံသစ်အား ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာနှင့် မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အထွေထွေမန်နေဂျာ ဦးကျော်ကျော်တို့က ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ အခမ်းအနားတွင် ပြည်နယ်ခေတ္တဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အထွေထွေမန်နေဂျာက ဘဏ်လုပ်ငန်းဆိုင်ရာများနှင့် ဘဏ်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တာဝန်ယူ တည်ဆောက်သော ချမ်းမြဝေဆောက်လုပ်ရေးကုမ္ပဏီ ဒါရိုက်တာ ဦးစောခါမောင်က အဆောက်အအုံသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများအား မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာထံသို့ လွှဲပြောင်းပေးအပ်ပြီး ဒေသခံပြည်သူများကိုယ်စား ဦးစောကီးဒိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ မြန်မာ့စီးပွားရေးဘဏ်ခွဲအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် သံတောင်ကြီး တောင်စခန်းမြို့ အမှတ်(၅)ရပ်ကွက်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သံတောင်ကြီးမြို့တွင် ၁၉၈၀ ပြည့်နှစ်၌ သံတောင် ငွေတိုက်ခွဲအဖြစ်လည်းကောင်း၊ သံတောင်မြို့နယ်အဆင့် သတ်မှတ်ချိန် ၂၀၀၇ ခုနှစ်တွင် ဘုရင့်နောင်တပ်မြို့တွင် မြို့နယ်ရုံးအဆင့်အဖြစ် အဆင့်ဆင့် ဖွင့်လှစ်ခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**


## အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူ ဦးအောင်သန်း(MTTA-၀၀၅၈၀၅)၊ [၉/သစန(နိုင်)၀၀၃၆၃၁]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂)၊ မြို့ဝန်ဦးအောင်သူလမ်းနှင့် ဦးရွှေရိုးလမ်းထောင့်၊ အမှတ်(၁၅၀) ဟုခေါ်တွင်သော လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-ဇုန်(၂)မှ မြေကွက်အမှတ်- ၁၅၀၊ အကျယ်အဝန်း(၄၇၄၁၆)စတုရန်းပေ၊ ဧရိယာ(၁. ၀၈၉)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား၊ စက်မှုဇုန်မြေကွက်+ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ+ တပ်ဆင်ထားရှိသောပစ္စည်းအရပ်ရပ်တို့ကို ဦးအောင်သန်း (MTTA-၀၀၅၈၀၅)၊ [၉/သစန (နိုင်)၀၀၃၆၃၁]+ဦးစိန်လွင်[၉/သစန(နိုင်) ၀၉၇၀၉၀]+ဦးကျော်ထင်(TZI-၁၁၄၁၀၆][၉/သစန (နိုင်)၀၉၀၅၁၄]တို့က တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြပါသည်။

ယင်းအမည်ပေါက်ပိုင်ရှင်များဖြစ်ကြသည့် ဦးအောင်သန်း+ဦးစိန်လွင်+ဦးကျော်ထင်တို့ (၃)ဦးစလုံးက သဘောတူညီခြင်း၊ ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်းမပြုပါဘဲ တစ်ဦးတစ်ယောက်တည်း၏ သဘောဆန္ဒတစ်ခုတည်းဖြင့် လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အငှားချထားခြင်း၊ ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း တို့ကိုလည်းကောင်း၊ ဖော်ပြပါစက်မှုဇုန်မြေကွက်ပေါ်ရှိ အဆောက်အအုံ၏ ပုံသဏ္ဌာန် ပြောင်းလဲခြင်း၊ အဆောက်အအုံအားခွဲစိတ်ခြင်းတို့ကိုလည်းကောင်း၊ ပြုလုပ်ပိုင်ခွင့်လုံးဝမရှိပါကြောင်းနှင့် ယင်းကဲ့သို့ပြုလုပ်ဆောင်ရွက်ခဲ့ပါလျှင် ယင်းလုပ်ရပ်သည် တရားဝင်အတည် မဖြစ်ပါကြောင်း၊ ပြုလုပ်ဆောင်ရွက်သူ၏ တာဝန်သာဖြစ်ပါကြောင်း၊ ကျန်အမည်ပေါက် ပိုင်ရှင်များက ပြုလုပ်ဆောင်ရွက်သူအပေါ် ဥပဒေနှင့်အညီ တရားစွဲဆိုကာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းအေး**(B.Ag,H.G.P)**
အထက်တန်းရှေ့နေ(စဉ်-၁၂၅၉၅)
အမှတ်-၅၀၊ အခန်း(**A**/၅) ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆ BB၁၊ မြေကွက်အမှတ်-၁၂၁၊ မြေကွက်တည်နေရာအမှတ်- အမှတ်-၂၆၀၊ ကမ်းနားလမ်းနှင့်ဦးကြွယ်ဟိုးလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်(မောင်ခွေးအို)အမည်ပေါက် မြေပိုင်မြေအား ဘီလစ်ဒေါ်စောယုမွန် [၁၂/သကတ (နိုင်)၁၄၅၁၁၇]မှ မြေကွက်ပေါ်ရှိ မြေညီထပ်ခေါင်းရင်းခန်းနှင့်မြေပိုင်ဆိုင်မှုအား ကြည့်မြင်တိုင်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၃၉၉/၁၄(၇-၁၁-၂၀၁၄)ရက်စွဲပါ စီရင်ချက်တရားမဇာရီမှုအမှတ် (၁၆၈/၂၀၁၄)တို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## စုမြတ်သူ

small & medium
လုပ်ငန်းများအတွက် စာရင်း
လချုပ် နှစ်ချုပ် ရေးဆွဲခြင်း
ဖုန်း-၀၉-၈၆၃၆၇၁၂၊ ၀၉-၂၅၂၄၂၆၃၂၀



၂၀၁၅ – နိုဝင်ဘာအတွက်
'နိုဝင်ဘာ၊ ဒီဇင်ဘာ' အထူးဟောစာတမ်းနှင့်အတူ
တစ်နှစ်တာ အိတ်ဆောင်ဗေဒင်စာအုပ် –
၂၀၁၆–ခုနှစ်
စံ-ကာလီတို
၁၂–ရာသီဟောကိန်း
မိမိတို့၏ ရာသီခွင်အလိုက် တစ်အုပ်ချင်းထုတ်ဝေထားပါသည်။
ထွက်ပြီ

ပင်ရင်းဖြန့်ချိရေး
အမှတ်(၂၈၆)၊ မြေညီထပ်
လမ်း– ၄၀ (အထက်)၊ ရန်ကုန်မြို့။
ဖုန်း– ၇၀၉၀၃၂၊ ၃၉၁၁၆၉၊
၀၉–၈၆၁၀၄၈၈၊ ၀၉ ၅၀၄၄၅၇၉

မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက်
အမှတ်(၂၂၁)၊
၈၄လမ်းနှင့်၃၃လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း–၀၂–၃၉၇၁၇၊ ၆၀၁၃၆



## ၁၉-၁၀-၂၀၁၅ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၆)တွင် ကြော်ငြာခဲ့သော "အမြန်ပြန်လာပါ" ကြော်ငြာချက်ကို ပြန်လည်ရုပ်သိမ်းခြင်းနှင့် အမွေပြတ်စွန့်လွှတ်ခြင်း

သမီးဖြစ်သူ မနေခြည်အောင်[၇/သနပ(ပြု)၀၀၀၀၁၉]အား အိမ်သို့ဆက်သွယ်ရန်ကိစ္စများကို ကြော်ငြာခဲ့ပါသည်။ ယခုအချိန်တွင် မနေခြည်အောင်၏ အိမ်မှဆင်းသွားသည့် အပြုအမူများကို အလုံးစုံသိရှိခဲ့ပြီးဖြစ်ပါ၍ မိဘကခွင့်မလွှတ်နိုင်ခြင်းကြောင့် ၁၉-၁၀-၂၀၁၅ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၆)တွင်ကြော်ငြာခဲ့သော "အမြန်ပြန်လာပါ" ဟူသောကြော်ငြာချက်ကို ဤကြော်ငြာချက်ဖြင့် ပြန်လည်ရုပ်သိမ်း၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ဖြစ်ပေါ်လာသော မနေခြည်အောင်၏ကိစ္စများအား လုံးဝတာဝန်မယူပါ။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)
ဦးအောင်သိန်း-ဒေါ်ခင်မြင့်



✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု ဇွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ
ဖျံ-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၂၆၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၅၉၄



BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁)-အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂)-တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ပညာဒလလမ်း။
Ph : 09-5425251, 09-73225484




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



## မြတ်နိုးကြည်ညိုဖွယ်ရာဘဝပုံရိပ်များ

နန္ဒာမောင်(သံဖြူဇရပ်) ရေးသားပြုစုသည့် “မြတ်နိုးကြည်ညိုဖွယ်ရာဘဝပုံရိပ်များ” ဘာသာတရားကို အခြေခံသော စာအုပ်သစ် ထွက်ရှိလာသည်။

ထိုစာအုပ်သည် နန္ဒာမောင်(သံဖြူဇရပ် ပထမဆုံးလုံးချင်းစာအုပ်ဖြစ်သော်လည်း လွန်ခဲ့သောနှစ်များစွာကတည်းက စာနယ်ဇင်းများ၊ မဂ္ဂဇင်းများတွင် ရေးသားဖော်ပြပြီးခဲ့သည့် ဆောင်းပါးများအနက်မှ စိတ်ကြိုက်ဆောင်းပါးများကို စုစည်းဖော်ပြထုတ်ဝေထားခြင်းဖြစ်သည်။ သူတော်ကောင်းတို့၏ သတ္တိကိုဖော်ကျူးထားသည့်“ကျောက်စာက ပြောသော အာသောက၏ ဘဝပုံရိပ်တစ်စိတ်တစ်ပိုင်း” မှစ၍ ဂုဏ်ယူအားကျဖွယ်၊ ကြည်ညိုလေးစားဖွယ်၊ သံဝေဂဖြစ်ဖွယ်“အာသောက၏ဘဝနိဂုံး”အထိ စာမူ(၃၁)ပုဒ်ကို စုထားသည်။ အာသောကကို အခြေခံထားသကဲ့သို့ မြန်မာနိုင်ငံမှ မြတ်နိုးဖွယ်ရာ၊ ကြည်ညိုဖွယ်ရာများကိုလည်း ထည့်သွင်းဖော်ပြထားသည့်အပြင် ဓမ္မကိုအခြေခံသည့် ဘဝအသိများကိုလည်းပေးထားသည်။ စာရေးသူ၏ စေတနာ၊ သဒ္ဓါ ထက်သန်စွာဖြင့် အားထုတ်ထားသည့် လူမှုဘဝရေးရာ သုတ၊ ဓမ္မ၊ ရသ၊ ဒဿန၊ သမိုင်းသင်ခန်းစာများကို ဤစာအုပ်ကိုဖတ်ရှုခြင်းအားဖြင့် ကောင်းစွာထိတွေ့ခံစားနားလည်နိုင်မည်ဖြစ်သည်။

ထိုစာအုပ်ကို အရှေ့ဘက်ကောင်းကင်စာပေ၊ အမှတ်-၂၉၀၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၇၃၁၇၁၃၈၃က တန်ဖိုးကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိထားသည်။




## သဒ္ဒါနည်းကျအင်္ဂလိပ်စကားပြောအမှတ်(၁)

အောင်နိုင်သူအယ်ဒီတာအဖွဲ့မှ စီစဉ်သည့် “သဒ္ဒါနည်းကျအင်္ဂလိပ်စကားပြောအမှတ်(၁) စာအုပ်ကို လူငယ်လူရွယ်များ ဖတ်ရှုလေ့လာနိုင်ရန် ထွက်ရှိလာသည်။

အင်္ဂလိပ်စကားပြောစာအုပ်များ စဉ်ဆက်မပြတ်ထွက်ရှိနေသည့်အနက် ယခုစာအုပ်သည် လူငယ်လူရွယ်ကလေးငယ်များ အင်္ဂလိပ်ဘာသာစကားကို စတင်လေ့လာရာ၌ စနစ်တကျရှိစေရန်အတွက် သဒ္ဒါနည်းကျသော အင်္ဂလိပ်စကားပြောစာအုပ်အဖြစ် စီစဉ်ထားခြင်းဖြစ်သည်။ ထိုစာအုပ်တွင် သင်ခန်းစာ ၁၀ မျိုးဖြင့်အကျဉ်းရုံးပြုစုထားသည်။ အခြေခံဖြစ်သည့် မိတ်ဆက်ခြင်း၊ မေးမြန်းခြင်းနှင့် ဖြေဆိုခြင်း၊ ဝေါဟာရများ၊ စာလုံးဖွဲ့စည်းမှု အစီအစဉ်၊ ဝါကျတည်ဆောက်ပုံ၊ ကံလိုအပ်သော ကြိယာများနှင့်အသုံးအနှုန်း၊ ကံမလိုအပ်သော ကြိယာများနှင့် အသုံးအနှုန်း၊ ကံလိုအပ်သော သို့မဟုတ် ကံမလိုအပ်သော ကြိယာများနှင့်အသုံးအနှုန်း၊ ကံ၊ သွယ်ဝိုက်ကံ၊ တိုက်ရိုက်ကံ၊ နေ့စဉ်သုံးအင်္ဂလိပ်စကားပြောအသုံးအနှုန်းများစသည်တို့ကို နည်းနည်းနှင့် ကျဲကျဲဝိုင်း တင်ဆက်ထားသည်။ အင်္ဂလိပ်ဘာသာကို လေ့လာလိုက်စားရာ၌ အရေး၊ အဖတ်၊ အပြောနှင့် နားထောင်မှုစွမ်းရည်အဆင့်လေးမျိုးစလုံး နားလည်တတ်မြောက်စေရန် အသံထွက်၊ သရုပ်ဖော်စီဒီချပ်ပါထည့်ပေးထားသဖြင့် အသုံးပြုရန် လွယ်ကူသည့် စာအုပ်ဟုဆိုနိုင်သည်။

စာအုပ်ကို မစ္ဆိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ ၃၉ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၂၈၃၅ က တန်ဖိုးကျပ် ၁၀၀၀ ဖြင့်ဖြန့်ချိထားသည်။




## သံအမတ်ကြီးဦးသက်ထွန်းအမှတ်တရစာစုများ

မြန်မာစာပေလောကမှ နာမည်ကျော်စာရေးဆရာများ ပါဝင်ရေးသားထားသည့် “သံအမတ်ကြီး ဦးသက်ထွန်း အမှတ်တရစာစုများ” စာအုပ်ထွက်ရှိလာသည်။

သံအမတ်ကြီးဦးသက်ထွန်း ကွယ်လွန်ခြင်း သုံးနှစ်ပြည့် အမှတ်တရအဖြစ် ဆရာကြီးနှင့် စာလောကတွင် ခင်မင်ရင်းနှီးခဲ့သော နာမည်ကျော်စာရေးဆရာကြီးများဖြစ်ကြသည့် စည်သူ ဒေါက်တာခင်မောင်ညွန့်၊ အောင်သန့်၊ မောင်ခင်မင်(ဓနုဖြူ)၊ တိုးလှ၊ မြဟန်၊ ခင်စောတင့်၊ တက္ကသိုလ်ရွှေရည်ဝင်း၊ မောင်ဝံသ၊ ဘိုးလှိုင်၊ ဟံသာဝတီဦးဝင်းတင်၊ မော်လင်း၊ ဦးထွန်းအောင် ချိန်၊ ပန်းချီလှတင်ထွန်း၊ ခင်မောင်ညို(ဘောဂဗေဒ)၊ တိုးတက်နှင့်ဆရာကြီး၏သားဖြစ်သူကိုစိုးမင်းထွန်းတို့က အမှတ်တရ ပါဝင်ရေးသားထားသည်။ ဆရာကြီး၏ ဘဝတစ်လျှောက် ကြုံတွေ့ခဲ့ရသည့် အကြောင်းအရာများကို သိရှိရမည်ဖြစ်သည်။ စာပေကိုချစ်မြတ်နိုးသူဖြစ်သဖြင့် မကွယ်လွန်မီရေးသားခဲ့သောစာပေများမှာမြောက်မြားစွာရှိခဲ့သည်။ ထိုစာစုများအနက် အမှတ်တရစာစုများကိုရွေးထုတ်ကာအသိအမြင်ဗဟုသုတများကို ဆက်လက်ပေးဝေထားခြင်းဖြစ်သည်။ ၁၉၂၆ ခုနှစ်တွင်မွေးဖွားပြီး ၂၀၁၂ ခုနှစ်တွင် ကွယ်လွန်ခဲ့သည့် ဆရာကြီး၏စာပေများမှာ မမေ့နိုင်ဖွယ်ဖြစ်သည်။

စာအုပ်ကို ရန်အောင်စာပေ၊ အ. ထ. က(၁)ကျောင်းရှေ့၊ ဆိုင်အမှတ်(အိပ်ချ်) ၁၂ လုံးတန်းမှတ်တိုင် အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၁၇၉၃၉၈ က တန်ဖိုးကျပ် ၃၀၀၀ ဖြင့်ဖြန့်ချိထားသည်။



## ဆေးစွမ်းကောင်းတစ်လက်

မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)ရေးသားပြုစုသည့် နှလုံးသွေးကြောကျဉ်းရောဂါဝေဒနာခံစားနေရသူများ လွယ်လင့်တကူ ကုသမှုပြုနိုင်ရန်အတွက် “ဆေးစွမ်းကောင်းတစ်လက်” တိုင်းရင်းဆေးစာအုပ်ကို ထုတ်ဝေလိုက်သည်။

လက်ရှိအခြေအနေ၌ လူအများမှာ နေထိုင်စားသောက်မှုပုံစံသစ်များကြောင့် နောက်ဆက်တွဲဆိုးကျိုးအဖြစ် ခံစားကြရသောရောဂါများတွင် နှလုံးသွေးကြောကျဉ်းရောဂါမှာ ခေတ်စားလာရာ ထိုရောဂါကို ငွေကြေးအကုန်အကျများပြီး အချိန်ကုန်ခံကုသနေရမှုမှ သက်သာစေရန်ရည်ရွယ်ပြီး မြန်မာ့အိမ်သုံးသီးနှံများနှင့်ဖော်စပ်ထားသည့် ဆေးစွမ်းကောင်းတစ်လက်ကို အလွယ်တကူသုံးစွဲနိုင်ကြောင်း တင်ပြထားသည်။ သဘာဝသစ်သီး၊ သစ်မြစ်၊ သစ်ဖုအရည်များ ရောသမမွှေထားသော သဘာဝအစာ၊ သဘာဝဆေးဟုလည်း ဆိုနိုင်သည်။ အင်တာနက်လူမှုကွန်ရက်စာမျက်နှာများတွင် ခေတ်စားနေသည့် ဆေးတစ်မျိုးလည်းဖြစ်သည်။ သဘာဝသစ်သီးများဖြစ်သည့် ချင်း(ဂျင်း)၊ ကြက်သွန်ဖြူ၊ ရှောက်သီး၊ သံပရာသီး၊ ပန်းသီး၊ ပျားရည်တို့၏ ဆေးဖက်ဝင်အာနိသင်များကို အသေးစိတ်တင်ပြထားသည်။ မြန်မာ့ရိုးရာတိုင်းရင်းဖြစ် မီးဖိုချောင်သုံး သစ်သီး၊ သစ်ဥအရည် ဘာဝဆေးလည်းဖြစ်သည်။ ဝယ်ယူသောက်သုံးနိုင်သလို ကိုယ်တိုင်လည်းဖော်စပ်နိုင်သည့် လွယ်ကူရှင်းလင်းသော ဆေးနည်းဖြစ်သည်။

စာအုပ်ကို ပျဉ်းမမြိုင်စာစဉ်-၁ ဦးဌေးလွင်၊ ဖိုးသက်ရှည်ဆေးတိုက်၊ အမှတ်(၂၀၈)၊ မြင်တော်သာ(၁)လမ်း၊ နန်း တော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း-၀၉၂၅၀၁၁၀၆၉၈ က တန်ဖိုးကျပ် ၃၀၀၀ ဖြင့်ဖြန့်ချိထားသည်။




## မြန်မာ–ဂျပန်စကားပြောလက်စွဲ

အာရှ-အာဖရိကဘာသာစကားနှင့်ယဉ်ကျေးမှုသုတေသနဇိမာန် တိုကျိုနိုင်ငံခြားဘာသာတက္ကသိုလ်မှ ဂျပန်အမည် ယာသူ-ရှိုရို၊ မြန်မာအမည် လှဝေ ရေးသားပြုစုသည့် “မြန်မာ-ဂျပန်စကားပြောလက်စွဲ” ဘာသာစကားစာအုပ်ကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဦးထိန်လင်းက စီစဉ်ထုတ်ဝေလိုက်သည်။

ပြောင်းလဲတိုးတက်လာသောခေတ်ကာလတွင် နိုင်ငံတကာနှင့်ဆက်ဆံမှုများတိုးတက်လာသောကြောင့်ဘာသာစကားစာအုပ်များ ဆက်တိုက်ပေါ်ထွက်နေရာတွင် ယခုမြန်မာ-ဂျပန်စကားပြောလက်စွဲစာအုပ်ကတစ်မူထူးခြားသည်ဟု ဆိုရမည်ဖြစ်သည်။ ဘာသာစကားစာအုပ်များကို များသောအားဖြင့် ဘာသာစကားကျွမ်းကျင်သော မြန်မာလူမျိုးများက ထုတ်ဝေလေ့ရှိသော်လည်း ယခုစာအုပ်ကိုမူ မြန်မာစကားနှင့်ရင်းနှီးကျွမ်းဝင်သော ဂျပန်လူမျိုးတစ်ဦးရေးသားပြုစုထားသည့် ဘာသာစကားကို မြန်မာမှုပြုလိုက်ခြင်းဖြင့် ပိုမိုထိရောက်မှုရှိလာမည်ဟုယူဆပါသည်။ ထိုစာအုပ်သည် အင်္ဂလိပ်- ဂျပန်စကားပြောလက်စွဲစာအုပ်အပေါ်မူတည်၍ ကမ္ဘာလှည့်ခရီးသည်များ မြန်မာဘာသာစကားပြောဆိုရာ၌လည်းကောင်း၊ ဂျပန်စကားပြောဆိုရာတွင်လည်းကောင်းလွယ်ကူစွာအသုံးပြုနိုင်စေရန် ပြုစုထားခြင်းဖြစ်သည်။ ရက်တိုတိုနှင့်အစဉ် လက်ကိုင်အသုံးပြုနိုင်သောစာအုပ် တစ်အုပ်ဟု ဆိုနိုင်သည်။ မြန်မာဘာသာအသံထွက်ကို သံရင်းဗေဒသင်္ကေတများဖြင့် ရေးသားဖော်ပြထားသည်။

၁၉၈၂ ခုနှစ်က ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ ဒိုင်းဂကူ-ရှိုးရင်စာအုပ်တိုက်က ထုတ်ဝေခဲ့သည့်စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ၃၉ လမ်း၊ ပထမထပ်-ဝဲ၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့က တန်ဖိုးကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိထားသည်။



## ကောင်းကင်သစ်အတွက်မက်တဲ့အိပ်မက်နှင့်မဂ္ဂဇင်းဝတ္ထုရှည်များ


စာရေးဆရာမမခင်လေးခံစားတင်ပြသည့် “ကောင်းကင်သစ်အတွက် မက်တဲ့အိပ်မက်နှင့် မဂ္ဂဇင်းဝတ္ထုရှည်များ”စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်ကို ဒုတိယအကြိမ်ထုတ်ဝေခြင်းဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် မဟေသီမဂ္ဂဇင်းတွင်ဖော်ပြခဲ့သော ကောင်းကင်သစ်အတွက် မက်တဲ့အိပ်မက်နှင့် ကလျာမဂ္ဂဇင်းတွင်ဖော်ပြခဲ့သည့် ချောင်းရေသောက်တဲ့လဝတ္ထုများကို အဓိကဖော်ပြထားသည်။ ထိုစာစုများသည် ထိုမဂ္ဂဇင်းများတွင် ပုံနှိပ်ပြီးမှ စာဖတ်ပရိသတ်လက်ဝယ်သို့ မရောက်ရှိခဲ့သဖြင့် ယခုမှ ပြန်လည်ဖော်ပြလိုက်သည်။ ထိုစာစုများမှာ လွန်ခဲ့သည့် ၁၅ နှစ်မှ အကြောင်းအရာများဖြစ်သော်လည်း ဟောင်းသော်လည်း ကောင်းသေးသည့် ခေတ်မီနေဆဲစာများဖြစ်သည်။ နွေရာသီတွင်မီးပျက်ခြင်း၊ ပလတ်စတစ်ဆန် စသည့်အကြောင်းအရာများမှာ ယခုထက်တိုင်ကြားယောင်နေဆဲဖြစ်၍ စာဖတ်သူများအတွက် အချိန်အခါကိုက်စာစုများဟုလည်းဆိုချင်ပါသည်။ ဖတ်သူမဲ့စာ၊ အိပ်မက်ခဏမက်ပါရစေ၊ ပန်းအိုးနဲ့ပန်း၊ ဂေါက်ကွင်းသီအိုရီ စသည့်စာစုများကို ဖတ်ရှုခြင်းဖြင့် လူ့ဘဝ၊ လူ့အကြောင်းများမှ သိမှတ်ဖွယ်ရာများကို ရသမြောက်စွာဖတ်ရှုရမည်ဖြစ်သည်။

စာအုပ်ကို လင်းလွန်းခင်စာပေ၊ တိုက်(ဒီ)၊ ပထမထပ်(အလယ်)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၂၂၀၁၇၃၀ ကတန်ဖိုးကျပ် ၂၅၀၀ ဖြင့်ဖြန့်ချိထားသည်။




ရွှေသီရိ



သံတိုင် နှင့် သံငြမ်းပစ္စည်းများငှားရမ်းရောင်းဝယ်ရေး

Ph : 09-5146732, 09-5020103, 09-5048521

အမှတ်(၅၃)၊ ပြည်လမ်း၊ မြောက်ပိုင်းရပ်ကွက်၊ ထောက်ကြန့်မြို့

ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သံတိုင် နှင့် သံငြမ်းများအား ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူငှားရမ်းနိုင်ပါသည်။

သင့်သွေးဖြင့် အသက်ကယ်ပါ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပညာဝတီအိမ်ရာ၊ တိုက်အမှတ်(C)၊ အခန်းအမှတ်(၄၀၁)ကို ရွှေသံလွင်ကုမ္ပဏီမှ ဒေါ်စည်သူမေ(ခ)ဒေါ်စန္ဒာမင်းအား ရောင်းချခဲ့ပါသည်။ ဒေါ်စည်သူမေ(ခ)ဒေါ်စန္ဒာမင်းထံမှ ဦးအောင်ထွန်းကလည်းကောင်း၊ ဦးအောင်ထွန်းထံမှ ဦးစောထွန်း-ဒေါ်ခင်ဝေလှကလည်းကောင်း၊ ဦးစောထွန်း-ဒေါ်ခင်ဝေလှထံမှ ဦးသိန်းထွန်းဝင်း-ဒေါ်ဖြူဖြူအေးကလည်းကောင်း အဆင့်ဆင့်ဝယ်ယူခဲ့ပြီး ဦးသိန်းထွန်းဝင်း[၁၂/ရကန(နိုင်)၀၂၇၄၁၈] မှ ၎င်းအမည်ဖြင့် Owner Book ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄) ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

**ရောင်းမည်**

သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၃)လမ်း၊ (၆)လမ်း၊ (၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ (B.C.C ရရှိပြီး)

ဖုန်း-၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇၊ ၀၉-၅၀၀၂၉၃၁

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(7-B)၊ မြေကွက်အမှတ် (၁၃/င၁၁)၊ လူနေရပ်ကွက်အမှတ်-နံ့သာကုန်း၊ ဧရိယာ-၀. ၀၆၃ဧကရှိ မြေပိုင်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၂၄)၊ အဝေရာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက် လက်ရှိပိုင်ဆိုင်သူ ဦးစခင်နိုင်[၁၂/အစန(နိုင်)၀၄၆၁၇၈]မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်လဲ့ရည်မွန် (LL.B, DBL) အထက်တန်းရှေ့နေ(စဉ်-၃၆၉၀၆)
အမှတ်(၅၅)၊ အခန်း(၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၄၅၅၈၃၊ ၀၉-၂၅၄၆၁၇၇၇၂

# မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း (၂၃) ကြိမ်မြောက် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း (၂၃)ကြိမ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် (၂၉) UMFCCI တွင် အောက်တိုဘာ ၂၄ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ UMFCCI ဥက္ကဋ္ဌ ၊ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း အကြံပေး၊ နာယက၊ ဥက္ကဋ္ဌ၊ CEC ၊ EC ၊ အလုပ်အမှုဆောင်များ၊ အသင်းသူ၊ အသင်းသားများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ သဘာပတိအသင်း နာယကကြီး ဦးသိန်းဟန်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းလမ်းညွှန်အမှာစကားပြောကြားခဲ့သည်။ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်က အမှာစကား ဆက်လက်ပြောကြားခဲ့သည်။

ယင်းနောက် ၂၀၁၄ ခုနှစ်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းစစ်ချက် အစီရင်ခံစာကို အခမ်းအနားမှူးက တင်ပြဖတ်ကြား၍ အတည်ပြုချက်ရယူပြီး ၂၀၁၃-၂၀၁၅ အလုပ်အမှုဆောင်အဖွဲ့ သက်တမ်းကုန်ဆုံးကြောင်းနှင့် နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ၂၀၁၅-၂၀၁၇ ခုနှစ်အတွက် ရွေးချယ်တင်မြှောက်ခံရသော စီမံခန့်ခွဲရေးကော်မတီ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်အဖွဲ့ အမည်စာရင်းများဖြစ်သည့် ဥက္ကဋ္ဌဦးမြင့်ကြူ၊ ဒုဥက္ကဋ္ဌဦးစန်းလင်း၊ အတွင်းရေးမှူး ဦးအောင်မြင့်ဦး၊ ဘဏ္ဍာရေးမှူး ဦးစိန်လင်းအပါအဝင် ဗဟိုအလုပ်အမှုဆောင်နှင့် အမှုဆောင် ၈၃ ဦး၏ အမည်များကို ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်က အသင်းသူ၊ ကျောင်းသားများ၏ သဘောတူညီမှုအရ ဖတ်ကြားကြေညာအတည်ပြု၍ အသင်းဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ အစည်းအဝေးကျင်းပရေးအတွက် လူအား၊ ငွေအား၊ ပစ္စည်းအားတို့ဖြင့် အဘက်ဘက်မှ ကူညီပံ့ပိုးကြသည့် ဆီလုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်၍ အသင်းသဘာပတိ ဦးသိန်းဟန်က နိဂုံးချုပ်စကားပြောကြားခဲ့သည်။ **သန်းဦးလှိုင်**

# ပအိုဝ်းတို့တည်ထားသည့် သူရိယစန္ဒစေတီ ဌာပနာထည့်သွင်း

**သထုံ အောက်တိုဘာ ၂၆**

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် ရွှေစာရံစေတီတော်မြတ်ကြီး ရင်ပြင်တော် စနေထောင့်ရှိ ဗောဓိညောင်ပင်အနီးတွင် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ဦးဆောင်မှုဖြင့် 'သူရိယစန္ဒ' လိုတရစေတီတော်ကို ပအိုဝ်းတိုင်းရင်းသားများစုပေါင်းတည်ထားပြီး အဆိုပါ စေတီတော်အား အလှူငွေများပေးအပ်ခြင်းနှင့် ဌာပနာသွင်းပိတ် ပူဇော်ခြင်းများကို အောက်တိုဘာ ၂၄ ရက် ညနေ ၃ နာရီက စည်ကားစွာပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေစာရံစေတီတော်ဝင်း အတွင်းရှိ သာသနာ့ဗိမာန်တော်ကြီးတွင် ပအိုဝ်းနာယက ဆရာတော်ကြီးများအား အမှူးထား၍ အလှူရှင်အသီးသီးတို့က အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး ဆရာတော်များထံမှ အနုမောဒနာတရားနာယူခဲ့ကြသည်။

ယင်းနောက် ဆရာတော်ကြီးများ၊ ပြည်နယ်၊ မြို့နယ်၊ ကျေးရွာပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပအိုဝ်းအဖွဲ့အစည်းအသီးသီးမှ တိုင်းရင်းသားခေါင်းဆောင်များနှင့် သထုံမြို့နယ်နှင့် အနီးဝန်းကျင် မြို့နယ်များရှိကျေးရွာ ၃၀ ကျော်မှ ပအိုဝ်းတိုင်းရင်းသားများက စေတီတော်၏ အထက်ပစ္စယံနှင့် အောက်ခြေရှိဌာပနာတိုက်အတွင်းသို့ ဌာပနာပစ္စည်းများ ထည့်သွင်းပူဇော်ခဲ့ကြသည်။

အဆိုပါ 'သူရိယစန္ဒ' လိုတရစေတီတော်ကို စက်တင်ဘာ ၂၆ ရက်က စတင်တည်ထားခဲ့ပြီး လာမည့်အောက်တိုဘာ ၂၈ ရက် (သီတင်း ကျွတ်လပြည့်)နေ့တွင် ထီးတော်တင်ပွဲကို စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပအိုဝ်းတိုင်းရင်းသားများ၏ပြောပြချက်အရ သိရသည်။

**သက်ဦး(သထုံ)**



# ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်းပိုင်းမှ ပေ ၄၉၀ ရှိ ယွန်းစလင်းချောင်းကူးတံတားဖွင့်လှစ်

**ဖာပွန် အောက်တိုဘာ ၂၆**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်းပေါ်ရှိ ယွန်းစလင်းချောင်းကူးတံတားအား တည်ဆောက်ပြီးစီးသွားပြီဖြစ်သဖြင့် ဖွင့်ပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်ခဲ့သည်။

ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က အဖွင့်အမှာစကား ပြောကြားပြီး တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ဦးက တံတားဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောခင်မောင်မြင့်၊ တံတားဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်၊ ငြိမ်းချမ်းရေး ကိုယ်စားလှယ်နှင့် ဒေသခံပြည်သူ တစ်ဦးတို့က ယွန်းစလင်း ချောင်းကူးတံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးကိုယ်စားလှယ်များ၊ တံတားဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက ယွန်းစလင်းချောင်းကူးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး တံတားကြီးပေါ်သို့ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

အဆိုပါ ယွန်းစလင်း ချောင်းကူးတံတားကြီးအား နိုင်ငံတော်မှ စီမံကိန်းတန်ဖိုး ၁၂၅၅ ဒသမ ၀၈ သန်းဖြင့်တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူး အဖွဲ့(၁၀) မှ တာဝန်ယူတည်ဆောက်ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်တည်ဆောက်ခဲ့ပြီး တံတားအရှည်ပေ ၄၉၀ တွင် ခန်းဖွင့်ဖွဲ့စည်းပုံ ၄၅ ပေနှစ်ခန်း၊ ပေ ၁၀၀ လေးခန်း၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် နှစ်ပေခွဲစီရှိ သံကူကွန်ကရစ်တံတားကို တည်ဆောက်ပြီးစီးသွားသောကြောင့် ဖာပွန်မြို့တွင်း အရှေ့ခြမ်းနှင့် အနောက်ခြမ်းကိုလည်းကောင်း၊ ဝါးဘိုးတော-ကမမောင်း-ဖာပွန်လမ်းမကြီးသို့လည်း ကောင်းမွန်စွာသွားလာနိုင်ပြီဖြစ်သောကြောင့် ဘားအံမှ ဖာပွန်၊ ဖာပွန်မှတစ်ဆင့် မွန်ပြည်နယ် ဘီးလင်းမြို့သို့လည်းကောင်း လွယ်ကူစွာသွားလာနိုင်ပြီဖြစ်သည်။**နေမျိုးလွင်(ပြန်/ဆက်)**


SMI ရွှေမင်းသားအကျိုးဆောင်ကုမ္ပဏီ

Open daily မှ တိုက်ခန်း/Condoငှားမည်

| | | | |
|---|---|---|---|
| ၁။ | ကတတ၊ မဟာဗန္ဓုလလမ်း | $12^1/_2$x50 1F, 1B,ကြွခင်းပြင်ပြီး | 3.5Ls |
| ၂။ | စမ်းချောင်း၊ ဗဟိုလမ်း | 16x50 GF, Hall | 5Ls |
| ၃။ | လှိုင်ရွှေစံပယ်ရိပ်မွန် | 25x45 4F, 1M,2B | 8Ls |
| ၄။ | လမ်းမတော်လမ်း | 25x60, 7F, 2M,1B,3A/C | 8Ls |
| ၅။ | ရတနာမြိုင်Condo | 1000Sq, Lift, 2B,A/Cပြင်ပြီး | 10Ls |
| ၆။ | လမတ(ဘုန်းကြီးလမ်း) | 13x50 GF+1F Hall,RC | 12Ls |
| ၇။ | တာမွေ၊ချမ်းသာဂုဏ်ရောင်Condo | 1650Sq, Lift, 1M,3BR,A/C | 15Ls |
| ၈။ | (ကတတ)မဟာဗန္ဓုလလမ်းမပေါ် | $12^1/_2$x50 Gထပ်ခိုးHall,Rc | 16Ls |
| ၉။ | တက္ကသိုလ်ရိပ်သာလမ်းမပေါ် | 17x60 1F, Hall,Rc | 16Ls |
| ၁၀။ | လမတ(လှည်းတန်းလမ်း) | 25x50 GF, 3BR,ပြင်ပြီး | 17Ls |
| ၁၁။ | မရက၊ မင်းဓမ္မလမ်းမပေါ် | 1250Sq 1F, 1M,2B,ပြင်ပြီး | 18Ls |
| ၁၂။ | တော်ဝင်သီရိCondo | 1750Sq, Lift, 2M,1B,F.Fပြင်ပြီး | 18Ls |
| ၁၃။ | ကတတ၊ မဟာဗန္ဓုလပန်းခြံလမ်း | 25x60 GF, Hall,RC | 20Ls |
| ၁၄။ | MACTowerII(ဝါးတန်းလမ်း) | 2000Sq, Lift, 1M,2B,5A/C | 20Ls |
| ၁၅။ | ကန်ရိပ်မွန် Condo | 1300Sq Lift 1M,1B,ပြင်ပြီး | US2500 |

Ph-01-2300332, 2300329, 09-5103725, 09-785103725



ဝမ်းတော်ပြည့်ပညာဒါန

L.C.C.I Level I & II စာရင်းကိုင်သင်တန်း

စာရင်းကိုင်ပညာကို အခြေခံမှစ၍ အင်္ဂလန်စာမေးပွဲကို ထူးချွန်စွာအောင်မြင်သည်အထိ သင်ကြားပေးမည်။
သင်တန်းဖွင့်မည့်နေ့ ။ ၁၀ ၁၁ ၂၀၁၅(အင်္ဂါနေ့)ဖွင့်မည်။ (တန်းခွဲ-၇)
သင်တန်းချိန်။ ။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး နံနက်(၇း၃၀)မှ(၉း၃၀)ထိ။

သင်တန်းတက်ရောက်လိုသူများသည် ဝမ်းတော်ပြည့်ဘုန်းတော်ကြီးကျောင်း၊ တောင်ဥက္ကလာပမြို့နယ်၊ပင်းယမှတ်တိုင်၊ ပါရမီလမ်း၊ အမှတ်(၃)ဝိုင်း။ဖုန်း-၀၉၅၄၁၀၉၀၉၊ ၀၉၅၀၈၈၂၆၄ သို့ ဆက်သွယ်မေးမြန်း၍ ကြိုတင်စာရင်းသွင်းတက်ရောက်သင်ယူနိုင်ပါသည်။



ကျွမ်းကျင် ဆောက်လုပ်ရေးလုပ်သားအဖွဲ့ ခေါ်ယူခြင်း

ဧရာဝဏ်-ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းတွင် အထပ်မြင့် သံချည်၊ သံကွေး၊ လက်သမား၊ သံပန်း၊ ရေနှင့် မီလ္လာလုပ်ငန်းများလုပ်ကိုင်ရန် ကျွမ်းကျင်အဖွဲ့များ လိုအပ်လျက်ရှိပါသည်။ ထို့ကြောင့်စိတ်ပါဝင်စားသူများသည် ဧရာဝဏ်-ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်း Parcel B-7 (ရုံးခန်း)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လိပ်စာ
Parcel B-7ရုံးခန်း၊ စာဥမှတ်တိုင်အနီး၊ ဧရာဝဏ်လမ်းမကြီးဘေး၊ ဒဂုံဆိပ်ကမ်းမြို့နယ်။ ဖုန်း - ၀၉-၇၈၀၀၀၄၅၉၉၊ ၀၉-၃၁၂၄၂၈၇၂



Budget Tour ● အင်းလေးဖောင်တော်ဦးဘုရားပွဲခရီးစဉ်

အင်းလေး-တောင်ကြီး-ထမ်စမ်းဂူ (၃ည/၄ရက်)

အောက်တိုဘာလ (၃၀) ရက်မှ နိုဝင်ဘာလ (၂)ရက်နေ့အထိ

Tel : 09264450022, 09264450033, 09262995100



ပြည်တွင်းအခွန်များဦးစီးဌာန

ဝန်ထမ်းဟောင်းများအသင်း

တတိယအကြိမ် ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း၏ တတိယအကြိမ် ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၇ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ရက်) ၄-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ အမှတ်(၁၄)ရှိ တိပိဋကနိကာယကျောင်းတိုက် ရွှေရတုသဘင်ခန်းမ တွင် ကျင်းပသွားမည်ဖြစ်ရာ ဝန်ထမ်းဟောင်းများအားလုံးဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကထိန်သင်္ကန်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ရွှေတိဂုံဘုရား မြောက်ဘက်မုခ်အနီးရှိ ပြည်တွင်းအခွန်များဦးစီးဌာန ဓမ္မာရုံတွင် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ၃နာရီအထိလည်းကောင်း၊ ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည့် နေရာတွင် ၄-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက်၉နာရီမတိုင်မီလည်းကောင်း ကြွရောက် ပေးပို့လှူဒါန်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ဝန်ထမ်းဟောင်းများအသင်း
ပြည်တွင်းအခွန်များဦးစီးဌာန



စိတ်ချမ်းသာမှု အပြည့်အဝရရှိစေမည့် 24 Hours Service နှင့် အရစ်ကျငွေပေးချေမှုစနစ်များစွာဖြင့် ဝယ်ယူနိုင်ပါပြီ...

KONICA MINOLTA

bizhub 165
(A3 B/W Copier)
Multifunction
Myanmar BEST SELLER
$48/Month

bizhub 195
(A3 B/W Copier)
Multifunction
$90/Month

bizhub C221
(A3 Color Copier)
Multifunction
$184/Month

bizhub C224e
(A3 Color Copier)
Multifunction
Worldwide BEST SELLER
$235/Month

Gandamar O.A. & Business Solutions

01-383932, 01-383934, 09-253547980, 09-253547981

# ပုလောမြို့နယ်တွင် ပုလောကုန်း-ဝက်တိုးတံတား ဖွင့်ပွဲအခမ်းအနားကျင်းပ

**မြိတ် အောက်တိုဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ပုလောကုန်းကျေးရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့်ဆောက်လုပ်ပြီးစီးခဲ့သော ပုလောကုန်း-ဝက်တိုးတံတားဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီက အဆိုပါတံတားမုခ်ဦး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး (နည်းပညာ) ဦးအေးချိုက တံတားနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပုလောကုန်းကျေးရွာနေ ရပ်မိရပ်ဖ ဦးစံဝင်းက ကျေးဇူးတင်စကားပြောကြားကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှစိုး၊ ပုလောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်းနှင့် ပုလောမြို့နယ်မှ လူရည်ချွန်ကျောင်းသူ မအေးသဥ္ဇာခိုင်တို့က ပုလောကုန်း-ဝက်တိုးတံတားအား ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် တိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးအေးချိုတို့က တံတားကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်ဖြင့်ပက်ဖျန်းပြီး တက်ရောက်လာသူများမှ ပုလောကုန်း-ဝက်တိုးတံတား ဆောက်လုပ်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆိုပါပုလောကုန်း-ဝက်တိုးတံတားကြီးကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၃၀ ဖြင့် တည်ဆောက်ထားပြီး အလျားပေ ၂၄၀၊ အကျယ် ၁၄ ပေ၊ အမြင့်ပေ ၂၀၊ ဘိုးပိုင် သံမဏိရက်မ သံကူကွန်ကရစ်ခင်းတံတားအမျိုးအစားဖြစ်သည်။ ယင်းတံတားကို တင်ဒါအောင်မြင်သည့် နေတိုင်းကျော် ကုမ္ပဏီလီမိတက်က ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ် မေ ၃၀ ရက်တွင် ပြီးစီးခဲ့ကြောင်းသိရသည်။

**မြင့်ဦး(မြိတ်)**

# ၂၀၁၅ ရွေးကောက်ပွဲအလွန် မြန်မာ့နိုင်ငံရေးလားရာများ စကားဝိုင်းဆွေးနွေး

**မန္တလေး အောက်တိုဘာ ၂၆**

ယုံကြည်ရာ အသိပညာပြန့်ပွားရေးအသင်းမှ ကြီးမှူး၍ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအလွန် မြန်မာ့နိုင်ငံရေးလားရာများ စကားဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်(၂၆) လမ်း (၅၅) လမ်းနှင့် (၅၆) လမ်းကြား Triumph Hotel Ballroom တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနေ့ဆွေးနွေးပွဲတွင် ယုံကြည်ရာ အသိပညာပြန့်ပွားရေးအသင်းမှ ဒေါက်တာတေဇာစန်းက ယုံကြည်ရာ အသိပညာပြန့်ပွားရေးအသင်းအကြောင်း မိတ်ဆက်ခြင်းနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအလွန် မြန်မာ့နိုင်ငံရေးလားရာများ စကားဝိုင်း ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ချင်းအမျိုးသား တပ်ဦးမှ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ I.P.S.J မှ ဒေါက်တာသောင်းထွန်း၊ M.I.P.S.S မှ ဒေါ်မမမျိုးတို့က ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအလွန် စကားဝိုင်းဆွေးနွေးခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ပရိသတ်များက ပါဝင်ဆွေးနွေးခြင်း၊ အမေးအဖြေကဏ္ဍများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မန္တလေးမြို့ရှိ နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်များ၊ မန္တလေးတက္ကသိုလ် နိုင်ငံရေးသိပ္ပံဘွဲ့လွန်ဒီပလိုမာ ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာ့နိုင်ငံရေး စိတ်ဝင်စားသူများ၊ မီဒီယာများတက်ရောက်ခဲ့သည်။ **သီဟကိုကို(မန္တလေး)**

# မိုင်းဖြတ်မြို့တွင် မဲရုံသရုပ်ပြသပွဲကျင်းပ

**မိုင်းဖြတ် အောက်တိုဘာ ၂၆**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် တိုင်းရင်းသားပြည်သူများ ဆန္ဒမဲပေးစနစ် အဆင့်ဆင့်ကို သိရှိနားလည်ပြီး အခက်ခဲမရှိ အဆင်ပြေစွာဖြင့် ဆန္ဒမဲပေးနိုင်ရန်အတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ ဦးဆောင်၍ မဲရုံသရုပ်ပြသပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီက မိုင်းဖြတ်မြို့ ပြည်သူ့ပန်းခြံကွင်းပြင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မဲရုံသရုပ်ပြသရာတွင် မဲရုံမှူး၊ဒု မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်လုပ်ငန်းစဉ် အသိပညာသင်တန်းတက်ရောက်ခဲ့သော နည်းပြဆရာ၊ ဆရာမများက မဲရုံတည်ဆောက်ထားရှိရမည့် အနေအထားနှင့် ဆန္ဒမဲပေးစနစ်အဆင့်ဆင့် ဆောင်ရွက်ရပုံများကို လက်တွေ့သရုပ်ပြသ၍ ရှင်းလင်းပေးခဲ့ကြသည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်နှင့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်မဲပုံးများတွင် တိုင်းရင်းသားပြည်သူများမှ ဆန္ဒမဲပေးစနစ်ကို လက်တွေ့သရုပ်ပြ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါသရုပ်ပြသပွဲသို့ တပ်ရင်းတပ်ဖွဲ့နှင့် စစ်သည်မိသားစုများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီဝင်များ၊ မဲရုံမှူး၊ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်ရှိ ရပ်ကွက်(၃) ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ဒေသခံတိုင်းရင်းသားပြည်သူများ စိတ်ဝင်တစား လာရောက်လေ့လာကြည့်ရှုကြသည်။



ယင်းနောက် လာရောက်လေ့လာကြည့်ရှုသူများမှ သိရှိလိုသည့်မေးမြန်းချက်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက လိုက်လံပျူငှာစွာ ပေါင်းစပ်ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။ **ရှောလမွန်**(iprd)

# ချင်းရိုးရာနှစ်သစ်ကူး ပွဲတော်အခမ်းအနား ဖလမ်း၌ကျင်းပ

**ဖလမ်း အောက်တိုဘာ ၂၆**

၂၀၁၅ ခုနှစ် ချင်းရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ မြို့နယ်ခန်းမ၌ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒေါ်မိုင်စိမ်းချင်ထန်းနှင့် သိက္ခာတော်ရဆရာတော် ဒေးနီးယားလ်ဗိုင်းလျန်ဇူမ်တို့က ချင်းရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် နှစ်သစ်ကူးပွဲတော်အတွက် သိက္ခာတော်ရဆရာတော်ထန်းဇခုမ်က ဆုတောင်းပေးခဲ့သည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ချင်းရိုးရာဝတ်စုံအလှကို ဖလမ်းလူငယ် စုံတွဲခြောက်တွဲက သရုပ်ပြသပြီး ချင်းရိုးရာ အကငါးမျိုးဖြင့် လူငယ်အဖွဲ့များက ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ခရိုင် ပြန်/ဆက်**


# ဝန်ထမ်းအမြန်အလိုရှိသည်

၁။ M & E Engineer ကျား/မ-(၂)ဦး
- ME, BE (Civil)ဘွဲ့ရရှိပြီး ပြည်တွင်း/ပြည်ပ အထပ်မြင့် ဆောက်လုပ်ရေးအတွေ့အကြုံအနည်းဆုံး(၅)နှစ် ရှိရမည်။
- CAD Drafter:skilled in using CAD drawing and able to provide draft drawing.

၂။ Accountant မ(၁)ဦး
- B.Com, B.A (Eco), Any Graduate (LCCI III)အောင်မြင်ပြီးသူ၊ အစမ်းရှင်းတမ်းရေးဆွဲတတ်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။ အသက်(၂၅)နှစ် အထက်ဖြစ်ရမည်။

၃။ Site Office Staff ကျား(၂)ဦး
- Any Graduate, Construction Site အတွေ့အကြုံအနည်းဆုံး(၂)နှစ် ရှိရမည်။
- Construction Safety Training တက်ရောက်ဖူးသူဖြစ်ရမည်။

၄။ Sale Executive မ-(၂)ဦး
- ဘွဲ့ရ၊ အရောင်းလုပ်ငန်း အတွေ့အကြုံ(၃)နှစ်ရှိသူ ဖြစ်ရမည်။
- ရုပ်ရည်ပြေပြစ်ကာ စကားပြောချိုသာပြီး ဆက်ဆံရေးကောင်းမွန်သူ ဖြစ်ရမည်။
- Location @ Hlaing TSP

၅။ Receptionist မ-(၂)ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ၊ ရုပ်ရည်ချောမောပြေပြစ်ကာ သွက်လက်ထက်မြက်မှုရှိရမည်။
လူမှုဆက်ဆံရေး ကောင်းမွန်သူဖြစ်ရမည်။

၆။ Driver ကျား(၂)ဦး
အတွေ့အကြုံ(၅)နှစ်ရှိသူ ဖြစ်ရမည်။

၇။ Translator(Chinese) ကျား/မ(၂)ဦး
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။ အသက်(၂၅)နှစ် အထက်ဖြစ်ရမည်။
- Knowledge in Construction will be favourable.

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် CV Form၊ ပညာအရည်အချင်း ထောက်ခံစာမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ တစ်လအတွင်း ရယူထားသော ရပ်ကွက်ထောက်ခံစာမူရင်း၊ ကာလာဓာတ်ပုံ(၁)ပုံ၊ အခြားတင်ပြလိုသော အထောက်အထား စာရွက်များနှင့်တကွ လူကိုယ်တိုင် (သို့) Email ဖြင့် ၂၆-၁၀-၂၀၁၅ မှ ၉-၁၁-၂၀၁၅ရက်အတွင်း လာရောက်လျှောက်ထားနိုင်သည်။


လျှောက်ထားရမည့်လိပ်စာ

**Htun Myat Aung Co.,Ltd.**

အမှတ်(၅/၆)၊ ရွှေကိန္နရီအိမ်ရာ၊ လေးဒေါင့်ကန်လမ်းမကြီး၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်းနံပါတ်-၀၁ ၅၇၂၄၅၆၊ ၀၁-၅၆၄၅၃၀

**Email address: info@htunmyataung.com**



# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူး သူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၇-၉-၂၀၁၅** ရက်နေ့မှ စတင်၍ **၂၁-၁၁-၂၀၁၅** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ မွန်းလွဲ ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့ (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည် အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၇-၁၂-၂၀၁၅** မှ **၂၈-၁၂-၂၀၁၅** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၄၀၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၄၅၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၅၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထား သည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ရမည်။




# Designing a more valuable world

Hanwha, growing as a global top player through the development of a mega city in Bisyama and the construction of a global landmark, builds another special landmark 'TRITONE' in Myanmar, based on the state-of-the-art technology and enterprise capability.

Hanwha's Affiliated Companies

[ MANUFACTURING & CONSTRUCTION ] • Hanwha Corporation • Hanwha Techwin • Hanwha Thales • Hanwha Chemical • Hanwha General Chemical • Hanwha TOTAL Petrochemical • Hanwha Engineering & Construction • Hanwha Fine Chemical • Hanwha Q CELLS • Hanwha Q CELLS Korea • Hanwha Advanced Materials • Hanwha Energy • Hanwha City Development

[ FINANCE ] • Hanwha Life • Hanwha General Insurance • Hanwha Investment & Securities • Hanwha Asset Management • Hanwha Investment • Hanwha Savings Bank

[ SERVICES & LEISURE ] • Hanwha Hotels & Resorts • Hanwha Galleria • Hanwha Galleria Timeworld • Hanwha 63 City • Hanwha S&C • Hanwha Station Development

ကြော်ငြာ




Enquiry Hotline : 09-264554707

# TRITONE Same Sky, Exclusive World

TRITONE Features
- Located at the 8 Mile Junction, Yangon, alongside Pyay Road
- Freehold Land
- Unobstructed panorama views
- Bespoke interiors to the highest specifications
- Pair-glass & stone finishing for energy efficiency
- World class 5-story shopping complex with cinema

- Full range of amenities
  - 25M lap swimming pool (4 lane) and children's pool
  - Gym and G/X room
  - Indoor golf range with screen play
  - Private lobby and business lounge




Hanwha
Living Square

https://facebook.com/TRITONE.8mile
https://tritone8mile.com

# သီတင်းကျွတ်အထူးအစီအစဉ်

အောက်တိုဘာ (၃၁)ရက်နေ့အထိ

Vibe X2 Smartphone ဝယ်ယူသူများအတွက် လက်ဆောင်

• 16GB Micro SD • Lenovo Powerbank



Lenovo



၂၉၉,၀၀၀ကျပ်

## VIBE X2 Dual SIM

ကမ္ဘာ့ပထမဦးဆုံး သုံးရောင်ခြယ် Smartphone

Amazing Camera

4G / 3G

5" Display 1.2GHz Octa Core(CPU) 2GB(Memory) 32GB(Storage) 13MP(Camera)

**Available at**

**Yangon :** KMD (MNG), KMD (PSD), Innwa Premium Shop, City Star, Eastern (SKT Middle Block), KMD(ChinaTown), H.H Mobile, Global Light (North Okkalapa), Technoland, Linn Latt Mobile (TMW), Point Mobile, Touch Republic (San Chaung),i Feel Mobile (Latha), Easy One, Idea Link, Tech Republic (San Chaung), IT Box Mobile, Unique PSD, Unique (SKT), King Power (Seikkanthar Lower Block), Unique (Tamwe), Choice Mobile, KMD Tamwe, J Mobile. **Mandalay :** 77 Mobile, SS Computer (MDY), Shwe Na Gar (Naung Shwe), Orange Mobile (MDY), N.Star Electronic (MDY), Kyal Sin Mobile, Ngwe Sandar Electronic (MDY), Mobile Like (MDY), T.No Mobile (MDY), National Mobile (Bamaw) C/O, One Mobile (Kyaukpadaung) C/O MDY. **Naypyitaw :** KMD NPT II, **Larsho :** KMD Larsho II, **Myeik :** C4E, **Meikhtila :** KMD Mobile Retail, **Kalay :** Hello Mobile,**Tharyarwadi** : Home Mobile, **Kyan Khin :** Evasion Mobile, **Sittway :** N.X Mobile, **Loi Kaw :** J & K Mobile, **Pyin Ma Nar** Lu Gyi Min

**Authorised Distributor**

DCD (လိုင်းခွဲ ၁၄၂)

၃၈၅၀၇၇၊ ၂၄၁၁၉၆၊ ၃၈၁၀၃၅၊ ၃၈၁၁၂၉



**Kinetic Myanmar Technology Co.,Ltd မှ**

**Telecom/Power Engineer အလိုရှိသည်**

Telecom Engineer,Power Engineer,Telecom Project Assistant

BE, B-Tech, AGTI (EC, EP, Mechatronic, IT, MC) Male(50)Posts

အတွေ့အကြုံမရှိသူများကို Training စီစဉ်ပေးမည်။ လူကိုယ်တိုင် (သို့) E-mail ဖြင့် လျှောက်ထားနိုင်ပါသည်။

No.(797/A), Room (702), MAC Tower II, Corner of Bogyoke Aung San Road & Wardan Street, Lanmadaw Township,Yangon,hrm.kinetic@gmail.,com

**Ph:09-422490274**



**မိုးသု (မန္တလေး)**

၏

လက်ကျန်သက်တမ်းမကုန်ခင်နှင့် ရာဇဝင်ဝါ စာအုပ်များထွက်ပြီ။ ဖြန့်ချိရေး - ပါရမီစာပေ၊ အမှတ် (၂၃၀)၊ ၂၉ လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အမြို့မြို့အနယ်နယ် ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။ တန်ဖိုး- ၂၀၀၀ ကျပ်။



**ဘိုးဘွား မိဘများအတွက် ဝါကျွတ်လက်ဆောင်**

ဝေချွမ် WEI CHUAN

ဟင်းရွက်ဟင်းချိုမှုန့်

သာမန်အချိုမှုန့်ကဲ့သို့ အာခေါင်ခြောက်ခြင်း၊ ရင်ပူခြင်း ရောဂါခြင်းမရှိစေဘဲ ကျန်းမာရေးအတွက် မထိခိုက်စေရန် အထူးစီမံထားပါသည်။

သဘာဝအသီးအရွက်များမှ စီမံထုတ်လုပ်ထားပါသည်။

ထိုင်ဝမ် ဝေချွမ် စားသောက်ကုန်လုပ်ငန်းကုမ္ပဏီမှ ထုတ်လုပ်သည်။

ဆက်သွယ်ရန် 01-210271, 09-5139916

ညောင်ပင်လေးဈေး (B-250) ☎ : 01-707 721, 01-211 233 (Ext : 513)

• City Mart • Ocean • Capital • Sein Gay Har • Super One • Ga Mone Pwint • Star Mart • Orange • Myanmar Big Shop • Asia Light • Mi Tha Su Mart United Living Mall • Victoria • abc Convenience Store • g&g Convenience Store

နယ်မှတစ်ဆင့် ရောင်းချလိုသူများ ဆက်သွယ်နိုင်ပါသည်။



သင့်အိမ်မှာသွေးတိုးသမားရှိနေပြီလား

မိသားစုကုန်ကျစရိတ်အလွန်သက်သာစေတဲ့ အစွမ်းထက်တိုင်းရင်းဆေး သွေးတိုးကျဆေး

# အာသာဝတီ

(အမှတ်တံဆိပ်)

## သွေးတိုးကျဆေး



၁။ တိုင်းရင်းဆေးပါမောက္ခဆရာကြီး၏ အောင်မြင်သော သုတေသနကို အခြေခံထားသည်။

၂။ Acute Toxicity အဆိပ်အတောက် အာနိသင် ကင်းရှင်းကြောင်း စမ်းသပ်ပြီးဖြစ်သည်။ နိုင်ငံတကာစံချိန်ညီ OECD (423) Guide Line ဖြင့်ပြုလုပ်သည်။

၃။ ကုန်ကျစရိတ် အလွန်သက်သာစေသည်။ ဆေးလုံး ၃၀၀ ပါဆေးတစ်ဘူး ၁၅၀၀/- ကျော်ခန့်ကို တစ်လမှ နှစ်လစာ သုံးစွဲနိုင်ပါသည်။ ဆေးလုံး ၇၅ လုံးပါ ဆေးဘူးသေးတစ်ဘူး ၅၀၀/- ခန့်ကို တစ်ပတ်(သို့)နှစ်ပတ်စာ သုံးစွဲနိုင်ပါသည်။

၄။ သွေးတိုးကျစေသည့်အပြင် သွေးတိုးကို ပုံမှန်သွေးချိန်တွင် ထိန်းထားနိုင်သည်။ ခေါင်းကြည်လင်ပေါ့ပါးစေခြင်းဖြင့် အလုပ်ခွင်တွင် လန်းဆန်းစွာ လုပ်ကိုင် နိုင်သည်။

၅။ Reference :- Win Naing, paper read at the 4th Traditional Medicine Research Congress. (2013)
- Lab. report, Department of Medical Research (LM)

ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။



စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက် ၏ နိုင်ငံတကာ အဆင့်မြင့်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချ သည့်လုပ်ငန်းတွင်အလုပ်လုပ်ကိုင်နိုင်ရန် တက်ကြွသွက်လက်သောဝန်ထမ်းများ အလိုရှိပါသည်။

(၁) အရောင်းဝန်ထမ်း( Electronic ) - ကျား/မ (၅) ဦး
(၂) အရောင်းဝန်ထမ်း( Lubricant ) - ကျား (၅) ဦး

လျှောက်ထားလိုသူများအနေဖြင့် -အသက် (၁၈) မှ (၂၈) နှစ်အတွင်း ရှိသူဖြစ်ရမည်။ အခြေခံပညာအဆင့်မြင့်တန်းအောင်ပြီးသူ ၊ဘွဲ့ရရှိပြီးသူများလည်း လျှောက်ထား နိုင်ပါသည်။ရုပ်ရည်ပြေပြစ်ပြီး ကျန်းမာရေးနှင့်ဆက်ဆံရေး ကောင်းမွန်သူ ဖြစ်ရမည်။ အမှတ်စဉ်(၁)အတွက်-Electronic Products များအရောင်း ကျွမ်းကျင်သူများ ပိုမိုဦးစားပေးမည်။ အမှတ်စဉ်(၂)အတွက် - နယ်ခရီးစဉ် သွားလာနိုင်ရမည်။ယာဉ်မောင်းလိုင်စင်ရှိ၍ မော်တော်ယာဉ် မောင်းနှင်နိုင်ပြီး၊နိုင်ငံတကာ စက်ဆီချောဆီ အရောင်းအတွေ့အကြုံရှိသူများကို ဦးစားပေးပါမည်။

လျှောက်ထားလိုသူများသည်- (၁)လအတွင်းရိုက်ထားသည့် ဓါတ်ပုံ(၂)ပုံ၊မှတ်ပုံတင်(မိတ္တူ)၊ ပညာအရည်အချင်း (မူရင်း၊မိတ္တူ) (ဘွဲ့ရရှိပြီးသူဖြစ်ပါက အခြေခံပညာအဆင့်မြင့်တန်း အောင်မြင်ပြီးကြောင်း မြန်မာနိုင်ငံစာစစ်ရုံး၏ ထောက်ခံချက် (မူရင်း၊မိတ္တူ) တို့ကိုပါ ပူးတွဲတင်ပြရမည်။) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် (မူရင်း)၊ ယာဉ်မောင်းလိုင်စင်(မူရင်း၊ မိတ္တူ) ၊ လေဘာကဒ်(မူရင်း) တို့နှင့်အတူ စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက်၊ အမှတ်(၂၄) ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ စက်မှုဇုံ (၂)၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့ တွင်(၁၄-၁၁-၂၀၁၅) နေ့ထိ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

# ကြော်ငြာ

## GOLDEN STAR Travels & Tours

- မန္တလေး–ပြင်ဦးလွင် ခရီးစဉ် Oct-23,27
- ပုဂံ(စွယ်တော်လေးဆူ)–ပုပ္ပါး–ပေါက္ကူ Oct-23,27
- တောင်ကြီး–အင်းလေး(ဖောင်တော်ဦးဘုရားပွဲ) Oct-23,27

ကုမ္ပဏီ၊ အသင်းအဖွဲ့များအတွက် စိတ်ကြိုက်ခရီးစဉ်များကို အထူးနှုန်းဖြင့် စီစဉ်ပေးသည်။

Ph;01-703448, 209200, 544383, 09-5081580

## စက်မှုဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများကြီးကြပ်ရေးဌာန အောက်ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အတွက် (က) Dosing & Lab Chemical (10)Items၊ (ခ)ပလတ်စတစ်မိုးကာစ(အထူ)အဖြူ ပေ(၇×၁၅၀)၊ (၆၀၀)လိပ်၊ (ဂ) Lime Stone (5000)Ton၊ (ဃ) တာယာ(၈)မျိုး၊ (င)တာယာ(၃၀)လုံး ဝယ်ယူခြင်းလုပ်ငန်းတို့အား မြန်မာ ကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက် - ၂-၁၁-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၀-၁၁-၂၀၁၅ရက်၊ ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါ သည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၁၆၇၊ ၀၆၇-၄၀၅၁၃၉**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**တင်ဒါအမှတ်၊ ၁၂/ရအ(ပဖတ)/သယ်ပို့(တင်ဒါ)/၂၀၁၅**

၁။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ သူငွေးရေအားလျှပ်စစ်စီမံကိန်းအတွက် နိုင်ငံခြားစက်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၆-၁၀-၂၀၁၅ရက်၊ ၉း၀၀နာရီ
တင်ဒါအရောင်းပိတ်မည့်ရက် - ၃၀-၁၀-၂၀၁၅ရက်၊ ၁၂း၀၀နာရီ
တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် - ၃၀-၁၀-၂၀၁၅ရက်၊ ၁၂း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ပစ္စည်းဖြည့်တင်းရေးဌာနခွဲ**
**ဖုန်း-၀၆၇-၈၁၀၄၁၈၉၊ ၀၆၇-၈၁၀၄၁၉၀**
**ဖက်စ်-၀၆၇-၈၁၀၄၁၉၁**

## (၁၇)ကြိမ်မြောက်ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာပူဇော်ပွဲ ဖိတ်ကြားလွှာ

ရွှေဥမင်ဓမ္မသုခတောရရိပ်သာကြီးကို တည်ထောင်တော်မူခဲ့၍ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်ကြီးမှ ဦးစီးပဓာန နာယကအဖြစ် စီမံအုပ်ချုပ်တော်မူသော ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့်ပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးတော်မူသော ကျောင်းတိုက် သံဃာအပါး(၇၀)နှင့် ပင့်သံဃာ အပါး (၄၀) တို့အား (၁၇)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ် လှူဒါန်းပွဲနှင့် စာအောင်သံဃာပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း ကျောင်းတိုက်၏ ပစ္စည်းလေးပါးဒါယကာ၊ ဒါယိကာမများ၊ ကုသိုလ်ရှင်များ ကြွရောက်၍ အနုမောဒနာတရားစုပေါင်း နာယူ၊ ကုသိုလ်အမျှရယူကြပါရန် လေးမြတ်သောစိတ်ထားမြင့် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| နေ့ရက် | - ၃၁-၁၀-၂၀၁၅ရက်(စနေနေ့) |
| အချိန် | - နံနက် ၉း၀၀ နာရီ |
| နေရာ | - ရွှေဥမင်ဓမ္မသုခတောရရိပ်သာ၊ ကုန်းတလပေါင်ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ် |

**ကျောင်းအကျိုးတော်ဆောင်အဖွဲ့**

## မိုးကောင်းမြို့နယ်အသင်း (ရန်ကုန်)

(၁၁) ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို ၁-၁၁-၂၀၁၅ရက် ကျောက်စိမ်းတွင်းဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများအားလုံး ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ လှူဒါန်းလိုပါက ဦးမောင်ကြီး (ဖုန်း-၂၄၃၄၈၂)၊ ဦးချစ်မောင် (ဖုန်း-၅၀၃၁၉၈)၊ ဦးအောင်သိန်း (ဖုန်း-၃၈၃၉၄၆)၊ ဦးတင်မောင်အုန်း (ဖုန်း-၅၃၉၂၈၇)၊ ဦးထင်ဆိုက် (ဖုန်း-၂၂၄၅၉၁)၊ Dr မြင့်ဦး (ဖုန်း-၀၉-၃၁၇၈၈၁၇၉)၊ ဦးကျော်ကိုကို (ဖုန်း-၀၉-၄၃၀၁၈၃၀၈)၊ ဒေါ်ခင်ပြုံးပြုံးမြင့် (ဖုန်း-၀၉-၅၀၁၄၄၄၈) သို့ ဆက်သွယ်စာရင်းပေးကြပါရန် (သီးခြားဖိတ်စာမပို့ပါ) **မိုးကောင်းမြို့နယ်အသင်း (ရန်ကုန်)**

## Since 2004 M.E.E.G

✔ Design ✔ Structure ✔ Construction ✔ Training

ဆရာဦးလင်းထိုက် (BE.Civil) နှင့် ဆရာမဒေါ်ယုယုခင် (BE.Civil) တို့ ကိုယ်တိုင်ဦးဆောင်သင်ကြားပေးလျက်ရှိသော အင်ဂျင်နီယာလုပ်ငန်းသုံးအဆင့်မြင့်ကွန်ပြူတာသင်တန်းများ

AutoCAD/ 3dsMAX/ SketchUp/ MicroStation
Revit/ Etabs&Safe/ Estimate/ SolidWorks

No.18, 2nd Floor, U Tun Lin Chan St, Kamayut Ts, Yangon.
PH: 01512476, 0949294085, 0973145196 , 095140118

## မွေးနေ့ဆုတောင်း

**လစန္ဒာ ချစ်သမီးလေး**

**"မငြိမ်းစန္ဒာ(ခ)မငြိမ်းစန္ဒာချွန်းနီ"**

Second Years

၂၇-၁၀-၂၀၁၅ ယနေ့မှသည် နောင်အနှစ်(၁၂၀) တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း အရာရာပြီးပြည့်စုံပါစေလို့ မွေးနေ့မင်္ဂလာဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**ချစ်ဖေဖေ - ဦးအေးချို (ဖော့ကန်၊ အင်းစိန်)**
**ချစ်မေမေ - ဒေါ်ခင်စန်းမြိုင်**
**ချစ်ကိုကြီး - (မောင်သက်နိုင်ဦး)**
**ချစ်ကိုလေး - မောင်ဇော်ထက်အောင်**

## မွေးနေ့ဆုမွန်လွှာ

သမီးလေး **ချမ်းမြေ့စိုး(ခ) Charm** ၏ ၂၇-၁၀-၂၀၁၅ ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် စိတ်၏ကြည်လင်ခြင်း၊ ကိုယ်၏ ကျန်းမာခြင်း၊ ဉာဏ်ပညာကြီးမြင့်ခြင်းနှင့် ယဉ်ကျေးသိမ်မွေ့သော အမျိုးကောင်းသမီးလေးအဖြစ်နှင့် လောကီအကျိုး ၊ လောကုတ္တရာအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးရွက်ဆောင်နိုင်ပါစေ။

ဖေဖေ - ဦးရဲမင်းစိုး၊ မေမေ - ဒေါ်ရောင်စဉ်လှိုင်
ဘိုးဘိုး - ဦးအုန်းမြင့်၊ ဘွားဘွား - ဒေါ်ခင်မြတ်နွယ်
ဘိုးဘိုးကြီး - ဒေါက်တာတင်လှိုင်၊ ဘွားဘွားကြီး- ဒေါ်မြမြဆွေ
ဦးကြီး - ဒေါက်တာသိန်းလှိုင်ဦး
ဦးလေးကြီး - ဒေါက်တာဝင်းမော်လှိုင်ဦး၊ ကြီးကြီး-ဒေါ်ခင်မြတ်ထွေး

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

သုဝဏ္ဏသွားဆေးတက္ကသိုလ်ရှေ့၊ စံချိန်သစ်လမ်း၊ ပေ(၂၀×၆၀×၉)၊ ပ-ထပ်၊ နှစ်ယောက်အိပ် (၅) ခန်းဖွဲ့ပြီး၊ (BCC) ကျပြီးတိုက်သစ်။

(ညှိနှိုင်းဈေး) သိန်း ၅၅၀။
(ဝယ်မည့်သူသာ ဆက်သွယ်ရန်)
ဖုန်း -၀၉-၇၉၀၁၃၇၈၄၆၊ ၀၉-၇၈၈၆၂၈၉၆၉၊ ၀၉-၇၈၈၆၂၈၉၇၈။

## ချောင်းသာ OASIS

ကား+စား+တည်း(ငြိမ်း)

'အိမ်အရောက်လက်မှတ်ဖြတ်ပေးသည်'

အမှတ်(၁၆–အေ)၊ လေသိပ်ရိပ်သာလမ်း၊ (၁၀)မိုင်၊ အင်းစိန်။
Ph:09 5038616, 09 254197844, 01 650201

# MYANMAR GOLF TOUR 2015

MYANMAR GOLF TOUR

MYANMAR GOLF FEDERATION

PROFESSIONAL GOLFERS ASSOCIATION MYANMAR PGA

## Presented by

PHYO SI THU TRADING CO., LTD.
Teak Plantation

Eco Natural Resort
Golden Teak Park

၃ - ၆ ၊ နိုဝင်ဘာလ ၊ ၂၀၁၅
ရန်ကုန်ဂေါက်ကလပ်၊ ရန်ကုန်။

NM New Motion

**NEW MOTION** TRAVELS & TOURS

ပေါင်ကောင် - Nov 25,Dec 30
ဗန်ကောက် - Nov 26,Dec 28,29
စီယက်နမ် - Nov 26,Dec 27
ဒူဘိုင်း - Nov 26,Dec 28
ဖူးခက် - Dec 29
ဂျပန် - Dec 26
ချင်းမိုင် - Nov 25
စင်ကာပူ - Dec 31
စင်း~ဘာလီ - Dec 25
စင်း~မလေး - Dec 27,28
ကိုရီးယား - Nov 25,Dec 23
တရုတ် - Dec 19
ဥရောပ - Dec 21
အင်္ဂလန် - Dec 19
အမေရိကား - Dec 11
သြစတေးလျ - Dec 19

Contact Us
01508124
01523253
0973148933
-44-55-66

ဗုဒ္ဓဂယာဘုရားဖူးခရီး

ရှုရ ရက်ရှည်ခရီးစဉ်များ
နိုဝင်ဘာ-၂၁
ဒီဇင်ဘာ-၅၊၂၆
ဇန်နဝါရီ-၁၃၊၂၉
မတ်-၁၉
ဧပြီ-၁၁

ရှုရ ရက်တိုခရီးစဉ်များ
နိုဝင်ဘာ-၁၁
ဒီဇင်ဘာ-၁၂
ဇန်နဝါရီ-၁၃
မတ်-၉

Hotline
09260792886
0973117724

Escape From Everyday Life

သင်္ကြန်ချိန် Sale
17th Oct ~ 26th Nov | 2015

SONY



androidtv
Entertainment tailored for you.
Android TV is a trademark of Google Inc.

SPECIAL OFFER ▸ LATEST PRODUCTS ▸ EXCLUSIVE PREMIUM GIFTS

Official Warranty by: TMW Enterprise Limited
**Hot Line :** 01-546006 (Ext: 119, 120), **Sony Showroom :** 01-245311, 09-73119900, 01-398566, 02-72580~4, 09-91008417, 067-420791, 067-420966

Since 1986
**KMD** Institute
the UNIVERSITY of GREENWICH
NCC education

University of Greenwich (UK)၏ သိပ္ပံဘွဲ့အတွက် ပညာတော်သင်ဆုလျှောက်လွှာခေါ်ယူခြင်း



- ၂၀၁၄/၂၀၁၅ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားကြသောကျောင်းသားကျောင်းသူများအတွက်လည်းသင်တန်းကြေးကို ၁၀၀% အထိကင်းလွတ်ခံစားခွင့်ရှိပါသည်။
- IT Professional တစ်ယောက်ဖြစ်စေရန် Microsoft Certification Exam ကိုလည်းသင်ကြားပေးသည့်အပြင် အလုပ်အကိုင်အတွက်လည်းအထောက်အကူပြုမည့် On Job Training ကိုပါ စီစဉ်ပေးထားပါသည်။
- သင်တန်းကာလတစ်နှစ်တက်ပြီးတိုင်း UK မှတိုက်ရိုက်ချီးမြှင့်သော နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာကိုရရှိမည်ဖြစ်သည့်အပြင် Hardware ပိုင်းဆိုင်ရာ၊ Software ပိုင်းဆိုင်ရာလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။
- နယ်မှလာတက်မည့် သူများအတွက်လည်းနေထိုင်စားသောက်ရေးအဆင်ပြေစေရန်အဆောင်များ စီစဉ်ပေးထားပါသည်။
- သင်တန်းကြေးကိုလည်းအရစ်ကျငွေပေးချေစနစ်ဖြင့် ပေးသွင်းတက်ရောက်နိုင်ပါသည်။

1st Year Diploma in Computing ▸ 2nd Year Diploma in Computing ▸ B.Sc(Hons) BIT

သင်တန်းအမည် ------------------- Level 4 (Diploma in Computing Diploma)
သင်တန်းကာလ -------------------- (၁၂) လ
သင်တန်းဖွင့်လှစ်မည့်နေ့ရက် ------ အောက်တိုဘာ ( ၂၉ ) ရက် ၊ ၂၀၁၅ ခုနှစ်

KMD (Myaynigone): 331, Pyay Road, Myaynigon, Sanchanung Township, Yangon.
Tel : + 95(1) 700895, 502233, 534170, 220555, 381776. www.kmd.com.mm www.facebook.com/kmdedu.mm

# သီတင်းကျွတ်လပြည့်နေ့ စတုဒိသာအလှူတော်

၂၈.၁၀.၂၀၁၅ ရက် သီတင်းကျွတ်လပြည့်၊ ဗုဒ္ဓဟူးနေ့ နံနက် (၁၀ း ၀၀) မှစတင်၍ တော်ဝင်စင်တာ၌ စတုဒိသာ ဒံပေါက် နှင့် အအေးတိုက်ကျွေးခြင်း၊ တရားတော်စီဒီများ လှူဒါန်းခြင်းများ ပြုလုပ်မည်ဖြစ်ပါသဖြင့် မည်သူမဆိုကြွရောက်သုံးဆောင်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

တော်ဝင်စင်တာမိသားစု၊ တော်ဝင်ဂါးဒင်းဟိုတယ်မိသားစု၊ တော်ဝင်မိသားစုကုမ္ပဏီ

SK

# စိတ်ကြိုက်

"စိတ်ကြိုက် ကြက်ဆီထမင်း စားသုံးခြင်းဖြင့်ဂုဏ်ယူပါ"

## ကြက်ဆီထမင်း နှင့် နှင်းပုလဲရေခဲမုန့်

ဆိုင်ဖွင့်ပွဲ အထိမ်းအမှတ် အဖြစ်

ကြက်ဆီထမင်း ပွဲ(၁၀၀) အော်ဒါမှာယူသူများအတွက်.....

ကြက်ဆီထမင်း(၁၀)ပွဲ နှင့် ရေခဲမုန့်ခွက်(၁၀၀) လက်ဆောင်အဖြစ်ချီးမြှင့်သွားပါမည်။

အမှတ်(၃၉၀ / က)၊ သန္တာမှတ်တိုင်အနီး၊ သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၀၄၇၀၃၁ ,၀၉-၄၉၂၀၇၀၇၅ ,၀၉-၄၃၀၇၄၆၉၄

CONFIDENCE

တက္ကသိုလ်ဝင်တန်း(သိပ္ပံ၊ ဝိပ္ပံ) ၄ လပြတ်

EXAM SPECIAL CLASS

November, December, January, February

- ဝါရင့်ဆရာ၊ ဆရာမကြီးများကိုယ်တိုင် တစ်ပတ် ၄ ရက်၊ ၄ လပြတ် သင်ကြားပေးမည်။
  သင်တန်းချိန် (မွန်းလွဲ ၁း၀၀ မှ ညနေ ၅း၃၀)
- သင်ရိုးကုန် ဂျာနယ် ၁၂ အုပ်နှင့် Exam Special Guide မေးခွန်း ၄ စုံနှင့် စံပြအဖြေများ တစ်အုပ်နှင့် Hot Spot တစ်အုပ် ပေး၍ သင်ကြားပေးမည်။

ကျောင်းအပ်ရန်
Nyein Center ▪ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂၀

FAME

# Cholecrush®

For gallstones

သည်းခြေကျောက်ပျော်ဆေး

TMR 010682(0816)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME

# MilkThistle

Potent Antioxidant for Liver

အသည်းဆေး

TMR 007176 (0716)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified




# အသိပေးကြေညာခြင်း

OK မှန်လုံယာဉ်အဖွဲ့မှ မန္တလေး ⇌ ရန်ကုန်မြို့များသို့
(၂၇.၁၀.၂၀၁၅) နေ့ စတင်ပြေးဆွဲမည်

ရန်ကုန်လက်မှတ်အရောင်းဌာန (ယခင်ရွှေလီဦးဂိတ်ဟောင်းနေရာ)
၁။ အောင်မင်္ဂလာအဝေးပြေးကားဝင်း မကွေးလမ်းအဆောင် (က - F9) အခန်း
ဖုန်း ၀၁-၆၃၇၆၅၁၊ ၀၉-၄၉၂၂၇၁၂၉၊ ၀၉-၅၁၇၈၈၃၊ ၀၉-၈၆၂၆၀၅၅
၂။ City Mark ရှေ့ဖဆပလ အိမ်ရာ လမ်းကြား။ ဖုန်း ၀၉-၇၃၀၂၆၅၄၆၊ ၀၉-၄၂၀၁၈၈၇၂၈

မန္တလေးလက်မှတ်အရောင်းဌာန (ယခင်ရွှေလီဦးလက်မှတ်အရောင်းနေရာ)
၁။ ချမ်းမြရွှေပြည် တည်းခိုခန်း၊ အခန်း (၃၉)။ ဖုန်း ၀၉-၆၅၀၁၄၄၆
၂။ ချမ်းမြရွှေပြည် အဆောင် (င)၊ အခန်း (၅)။ ဖုန်း ၀၂-၇၈၆၀၂၊ ၀၉-၆၅၀၁၄၄၇
၃။ မန္တလေးမြို့တွင်း၊ အမှတ် (၁၅၂)၊ ၃၁လမ်း၊ ၈၁ × ၈၂ကြား။ ဖုန်း ၀၂-၆၄၅၇၃၊ ၀၂-၃၃၂၈၀

* စာပါဆယ်နှင့်ပစ္စည်းများကိုတိကျမှန်ကန်၊ မြန်ဆန်အောင်ဆောင်ရွက်ပေးပါမည်။
* ခရီးသွားပြည်သူများသက်သာစေရန် လက်မှတ်များကို Discount ပေးထားပါသည်။
* OK ယာဉ်လိုင်းပြေးဆွဲခြင်းနှင့်ပတ်သက်၍ကန့်ကွက်လိုပါက၊ အထက်ပါလိပ်စာများသို့လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးဝိတာ (အုပ်ချုပ်သူ)
ဖုန်း၀၉ - ၂၀၀၄၂၂၃

လက်ရှိ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော DOTA 2 Network Game စက် (၂၄) လုံးနှင့် ဆက်စပ်ပစ္စည်းအားလုံး ညှိနှိုင်းဈေးဖြင့် ရောင်းမည်။
ဖုန်း - ၀၉ - ၇၉၅ ၆၉၄ ၃၄၆၊
၀၉ - ၇၉၅ ၃၁၁ ၂၂၈

Car Showroom မှအောက်ပါဝန်ထမ်းများအလိုရှိသည်

1. Office Staff (ကျား/မ)
2. Sales and Marketing (ကျား/မ)
3. ကိုရီးယားစကားပြန်
4. ကိုရီးယားကားစက်ပြင်

အတွေ့အကြုံရှိသူကို ဦးစားပေးမည်။ နယ်ဝေးခရီးသွားနိုင်ရမည်။ CV Form နှင့်တကွ လာလျှောက်ရန်။
အသက်(၂၀)အထက်ရှိရမည်။ မင်္ဂလာဒုံမြို့နယ်အနီး နေထိုင်သူ ဦးစားပေးမည်။
ဆက်သွယ်ရန်ဖုန်း -09-401604282,09-422517562
လိပ်စာ -အမှတ်(၈)၊ A-1လမ်း၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ မင်္ဂလာဒုံ။

# စိန်ငါးလုံး အဆီကျ ဝမ်းမှန်ဆေး

အဝလွန်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အကြောတက်ညောင်းညာခြင်း၊ ဆီး ဝမ်း လေ ချုပ်ခြင်း၊ ကိုယ်နံ့ ပြင်းခြင်း၊ ခေါင်းအုံခေါင်းခဲခြင်း၊ အမြင်အာရုံမကြည်လင်ခြင်း၊ ဝမ်းသွား၍အားမရခြင်း၊ လိပ်ခေါင်းရောဂါဖြစ်ခြင်းတို့အတွက် ဗိုက်ရစ်ခြင်း ၊ ဗိုက်နာခြင်းမရှိတဲ့ ဆေးစွမ်းထက်သုံး စိန်ငါးလုံး အဆီကျဝမ်းမှန်ဆေးကို သုံးစွဲပါ
ဖုန်းနံပါတ် - ၀၉ ၇၃၁၅၅၃၅၇ ၊ ၀၉ ၇၉၃၆ဂဂ၇၃၄

ကြော်ငြာ


## ဗုဒ္ဓမြတ်စွာသာသနာရောင်ဝါနေထက်လင်းစေသော ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ မြတ်ရွှေရတီသာ

အထူးအစီအစဉ်-တရားထိုင်လိုသူများအတွက်

အတုလံ၊ အတုမရှိအနှိုင်းမဲ့ကျေးဇူးတော်ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး တရားကျင့်ကြံအားထုတ်တော်မူခဲ့သည့် အိန္ဒိယနိုင်ငံဗုဒ္ဓဂယာ၊ မဟာမြေမြတ်ဥရုဝေလတောစခန်းရိပ်သာ၌ သာသနာ့အာဇာနည် ပြည်တွင်းပြည်ပသာသနာပြု မဟာဗောဓိကျောင်းတိုက်၊ ဆရာတော်ကြီးအရှင်ဒေါက်တာဘဒ္ဒန္တစန္ဒမုနိကိုယ်တိုင် တရားဟောကြား၊ တရားထိုင် တရားစခန်းများကို သီတင်းကျွတ်လမှ တန်ခူးလအထိ ဖွင့်လှစ်မည်ဖြစ်ပါသောကြောင့် တရားကျင့်ကြံအားထုတ်လိုသော(၁)ရဟန်းသံဃာတော်များ၊ (၂)သီလရှင်များ၊ (၃)ဓမ္မမိတ်ဆွေ သူတော်စင်များအတွက် မြတ်ရွှေရတီသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ နိဗ္ဗာန်အကျိုးမျှော်နှိုးဆော်အပ်ပါသည်။

**ကျေးဇူးတင်ပါသည်**

**မြတ်ရွှေရတီသာမိသားစု**



## ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ မြတ်ရွှေရတီသာ

(၁)သံဝေဇနိယလေးဌာန-အဝိဇဟိတလေးဌာန(၇)ညအိပ်(၈)ရက်ခရီး
(၂)သံဝေဇနိယလေးဌာန-အဝိဇဟိတလေးဌာန(၁၁)ညအိပ်(၁၂)ရက်ခရီး
(၃)(၁၁)ညအိပ်(၁၂)ရက်ခရီး(၄)ရက်တရားစခန်းသံဝေဇနိယ+အဝိဇဟိတ(၄)ဌာနဘုရားဖူး
(၄)(၁၄)ညအိပ်(၁၅)ရက်ခရီး(၇)ရက်တရားစခန်း သံဝေဇနိယ+အဝိဇဟိတ(၄)ဌာနဘုရားဖူး

အောက်တိုဘာလမှစ၍(၁)လ(၂)ကြိမ်ထွက်ပါသည်။ နိုင်ငံကူးလက်မှတ်မရှိသေးသူများလည်း (၁)လကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။ သံဃာတော်၊ သီလရှင်များအတွက် အထူးနှုန်းဖြင့် ဝန်ဆောင်မှုပေးပါသည်။ နယ်ခရီးသည်များအတွက် ကြိုပို့အဆင်ပြေစွာဆောင်ရွက်ပေးပါသည်။ မိသားစုသီးသန့်အတွက်လည်းအထူးဝန်ဆောင်မှု ပေးပါ သည်။ မိမိတို့သွားလိုသောရက်ကိုညှိနှိုင်းဆောင်ရွက်ပေးပါသည်။ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

အမှတ်(၉/က)ပြည်သာယာလမ်း၊ ဘောက်ထော်၊ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph-01400402, 09-43157907, 09-43113562, 09-5153617, 09-5002417, 09-263917356
Emai:myatshweyatithar @ gmail.com
အထူးကျေးဇူးတင်စွာဖြင့် မြတ်ရွှေရတီသာမိသားစု


**သုံးရာသီ** ဝမ္မဒါန
အဆင့်မြင့်ဘုရားဖူးလုပ်ငန်း
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ။
ထန်စန်း(ထမင်းကျွေး-၅၀၀၀၀ိ/-)
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ(ထွင်းကျွေး-၄၀၀၀၀ိ/-)
(၁၀)ဦးဆယ်လျှင် တစ်ဦးအခမဲ့ ကားအမျိုးမျိုးစင်းလုံးငှားသည်။
Oct 27,30
420144148, 421153797

**Trumpet** ကားမျိုးစုံငှားသည်
Ph : 01 536975,
01 532238, 09 43089536
ခရီးစဉ်မျိုးစုံအတွက် (၄၅၊၃၃၊၂၄၊၁၈၊၁၄၊၁၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ (ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။)

**ရွှေနဂါး**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားခသီးသန့်/စရိတ်ငြိမ်း
Ph: 209077, 209388


# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၂၄ရက် (စနေနေ့)တွင် ရှိုင်ရယ်တောင်ကြီးဟိုတယ် အောင်မြင်စွာဖွင့်လှစ်ခဲ့ပါသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

**ဦးငြိမ်းအောင်-ဒေါ်ခင်ရွှေ နှင့်**
**ဒိုင်းနမစ်ဆောက်လုပ်ရေးမိသားစု**








**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-6809893
09-6819020

**A1 Construction Co.,Ltd**
အမှတ်-၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
**ဝန်ထမ်းအလိုရှိသည်**
www.info @ a1companies.biz
1.Project Engineer M(or)F (5)Posts
-ME/BE (Civil) ဘွဲ့ရရှိထားသူဖြစ်ရမည်။
ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိသူဖြစ်ရမည်။
တောင်ငူဆိုက်တွင် တာဝန်ထမ်းဆောင်ရမည်။
၃-၁၁-၂၀၁၅ရက် နောက်ဆုံးထားလျှောက်ထားနိုင်သည်။
ဖုန်း-၀၁-၃၇၇၈၉၃

Hot Line No-0930500100



# အင်တာနက်နှင့် ဓာတ်အားအပြည့်အဝပေးနိုင်သည့်စနစ်ပါဝင်သော အဆင့်မြင့်အဆောက်အအုံ အောင်မြင်စွာတည်ဆောက်ထား

**နေပြည်တော် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံတွင် သတင်းအချက်အလက် နည်းပညာနှင့်ပတ်သက်၍ မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့သည့် အဖွဲ့၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် Myint & Associates Data Centre သည် Back-bone Fibre Optic ကြိုးသုံးခုထားရှိပြီး ဝယ်ယူသော ဝန်ဆောင်မှု အမျိုးအစားပေါ် မူတည်လျက် Download အမြန်နှုန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်မှုကိုရရှိခဲ့သည့်အတွက် လွန်စွာဝမ်းမြောက်ဂုဏ်ယူမိကြောင်း Data Centre & Infra-structure အဖွဲ့ခေါင်းဆောင် ဦးသိန်းထိုက်စိုးက ပြောကြားခဲ့သည်။

"နိုင်ငံတကာနဲ့ဒေသတွင်းအတွေ့အကြုံရင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့**

## ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက် မြန်မာနိုင်ငံက အောင်မြင်စွာပြည့်ဆည်း အကောင်အထည်ဖော်နိုင်ခဲ့

ကျော်သဲအိမ်

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် သဘောတူညီချက်ရယူထားသော အခြားနိုင်ငံများနည်းတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ ၂၀၃၀ ပြည့်နှစ်တွင် ဆင်းရဲမွဲတေမှုနှင့် မမျှတမှု (တရားမျှတမှုမရှိခြင်း)တို့ကို အဆုံးသတ်စေမည့် ရည်မှန်းချက်များကို တစိုက်မတ်မတ် အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းရည်မှန်းချက်များနှင့် ဆက်စပ်လျက်ရှိသော ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ စာနပ်ရိက္ခာဖူလုံမှုရရှိရေး၊ အာဟာရပြည့်ဝစွာရရှိရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်း မြှင့်တင်ရေးတို့ကိုပါ ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိသည်။

၂၀၁၅ ခုနှစ်တွင် စားနပ်ရိက္ခာနှင့်အာဟာရဓာတ်ဖူလုံမှုဆိုင်ရာ အမျိုးသားဘက်စုံအထူးလုပ်ငန်း စီမံချက်သစ်(၂၀၁၆-၂၀၂၆) တစ်ရပ်ကို ချမှတ်ခဲ့ပြီး ယင်းစီမံချက်အသစ်က မြန်မာနိုင်ငံတစ်ဝန်းရှိ ငတ်မွတ်ခေါင်းပါးမှုအဆုံးသတ်ရေးနှင့် စားနပ်ရိက္ခာနှင့်အာဟာရဓာတ်ဖူလုံမှု မြှင့်တင်ရာတွင် ပလက်ဖောင်းတစ်ခုအဖြစ် ဖြစ်တည်လာမည်ဖြစ်ကြောင်း သိရသည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့**

## ကမ္ဘာလှည့်ခရီးသွားသင်္ဘောများ ကော့သောင်းခရိုင် ကမ်းရိုးတန်းဒေသသို့ လာရောက်လည်ပတ်


သတင်း စာမျက်နှာ - ၇

## ကိုးမြို့နယ်အထင်ကရ ဆင်အကဖြင့် ဖိတ်ခေါ်နေသော ကျောက်ဆည်မြို့ ဆင်လှူပွဲတော်

သတင်း စာမျက်နှာ - ၁၁

## မန်ယူရဲ့ဗဟိုတိုက်စစ်မှူးအဖြစ် အသုံးမပြုသင့်တဲ့ ပိန်းရှွန်းနီ

သတင်း စာမျက်နှာ - ၁၃



ယခုနှစ် မေလအတွင်းက လက်ဗီးဂတ်စ်မြို့၌ မေဝယ်သာနှင့် ပက်ကွီအိုတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့စဉ်။

# နောက်ဆုံးတစ်ပွဲထိုးပြီးပါက လက်ဝှေ့လောကမှ ပက်ကွီအို အနားယူမည်

ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီအိုသည် ၂၀၁၆ ခုနှစ် ဧပြီ ၉ ရက်တွင် ၎င်း၏ လက်ဝှေ့လောက နောက်ဆုံးထိုးသတ်ပွဲအဖြစ် ယှဉ်ပြိုင်ပြီးပါက လက်ဝှေ့လောကမှ အနားယူတော့မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၆ ရက်တွင် အတိအလင်းပြောကြားခဲ့သည်။

အသက်(၃၆)နှစ်အရွယ်ရှိ ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီအိုသည် ထိုသို့ လက်ဝှေ့လောကမှ အပြီးအပိုင်အနားယူပြီးပါက ၎င်း၏ နိုင်ငံရေးသမားဘဝဖြတ်သန်းမှုကို **စာမျက်နှာ ၉ ကော်လံ ၁ သို့**

### အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဒီမိုကရေစီနိုင်ငံတော်သစ် (၅)နှစ်တာကာလ "ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ" အထူးကဏ္ဍအချပ်ပိုလေးမျက်နှာပါရှိပါသည်။

## မြန်မာနိုင်ငံပြင်ပတွင် အင်အားပြင်းငလျင်လှုပ်

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၆ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီ ၄၄ မိနစ် ၄၆ စက္ကန့် အချိန်တွင် မန္တလေးငလျင်စခန်းမှ အနောက်မြောက်ဘက်မိုင် ၂၉၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ အာဖဂန်နစ္စတန်နိုင်ငံ(Hindu Kush Region, Afghanistan)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

**(ကြေးမုံ)**

themirror.npt@gmail.com
www.facebook.com/themirrordaily




ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ

# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ

အထူးကဏ္ဍအချပ်ပို

အောက်တိုဘာ ၂၇ ရက်၊ ၂၀၁၅ ခုနှစ် (အင်္ဂါနေ့)

## အရည်အသွေးအခြေပြု ချီးမြှင့်မြှောက်စားသည့်စနစ်

ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်တစ်ရပ်ပေါ်ပေါက်လာဖို့ဆိုရင် ပြည်သူ့အကျိုးဆောင်ရွက်ပေးနေတဲ့ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းတွေဟာ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ခံမှုရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် အုပ်ချုပ်ရေးယန္တရားကိုလည်ပတ်ပေးနေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကိုလည်း စွမ်းဆောင်ရည်ပြည့်ဝတဲ့ဝန်ထမ်းတွေဖြစ်ဖို့ မြှင့်တင်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ **Meritocracy** လို့ခေါ်တဲ့ အရည်အသွေးအခြေပြု ချီးမြှင့်မြှောက်စားတဲ့စနစ်နဲ့ စွမ်းဆောင်ရည်စီမံခန့်ခွဲမှုကို ကျင့်သုံးရမှာဖြစ်ပါတယ်။

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် မေလ ၂၃ ရက်နေ့ MICC-2 ၌ ကျင်းပသည့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုမူဘောင် ပြုစုရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

## ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကြောင့် ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံထိပ်တန်းနေရာတွင် ရှိနိုင်



ပြည်ပခရီးသွားဧည့်သည်များ နယ်စပ်ဝင်ပေါက်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စဉ်။

ခရီးသွားလုပ်ငန်းသည် ခရီးသွားဧည့်သည်များ၏ ခရီးစဉ်ဒေသများသို့ သွားလာလည်ပတ်ရေးသာမက ခရီးစဉ်ကာလအတွင်း ၎င်းတို့၏ နေထိုင်စားသောက်မှုဆိုင်ရာ ဝန်ဆောင်မှုများဖြည့်ဆည်းပေးရေး၊ ဘေးကင်းလုံခြုံရေးနှင့် စိတ်ချမ်းမြေ့သာယာရေး၊ အတွေ့အကြုံသစ်များနှင့် နိုင်ငံကိုယ်စားပြုအမှတ်တရပစ္စည်းများ ဖန်တီးရေးတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရသဖြင့် လုပ်ငန်းကဏ္ဍ ကျယ်ပြန့်များပြားသည့်နည်းတူ မိမိတို့၏ သဘာဝရှိရင်းစွဲအရင်းအမြစ်များကို အခြေခံ၍ နိုင်ငံခြားငွေအမြောက်အမြားကို ရှာဖွေပေးနိုင်သည့် လုပ်ငန်းတစ်ခုလည်းဖြစ်သည်။

**ကမ္ဘာလှည့်ခရီးသည် ၃ ဒသမ ၇၇ သန်းကျော်**

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုမှာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာတိုးတက်ခဲ့ပြီး ယခု ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ဧည့်သည်ဝင်ရောက်မှုမှာ ၃ ဒသမ ၇၇ သန်းကျော် ရှိနေပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီး၏ ခရီးသွားလုပ်ငန်းတိုးတက်မှု အခြေအနေများကို စောင့်ကြည့်လေ့လာလျက်ရှိသော WTTC ၏ သုတေသနစစ်တမ်းအရ မြန်မာ့ခရီးသွားလုပ်ငန်းမှ နိုင်ငံတော်သို့ စုစုပေါင်းဝင်ငွေရှာဖွေပေးနိုင်မှုပမာဏမှာ ၂၀၁၄ ခုနှစ်တွင် ငွေကျပ် ၃၀၂၅ ဒသမ ၆ ဘီလီယံ ရရှိခဲ့ပြီး GDB ၏ ၄ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ အလုပ်အကိုင်ပေါင်း ၁ ဒသမ ၁၃၄ သန်းကိုလည်း ရှာဖွေပေးနိုင်ခဲ့သဖြင့် စုစုပေါင်းအလုပ်အကိုင်၏ လေးရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုနည်းတူ ၂၀၁၅ ခုနှစ်တွင်လည်း

**စာမျက်နှာ ၂ သို့ »»**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

## အလုပ်အကိုင်အခွင့်အလမ်း တိုးတက်၊ နိုင်ငံနှင့် ပြည်သူအကျိုး ဖွံ့ဖြိုး

လူမှုဖူလုံရေးအာမခံအလုပ်သမားများအား ခုတင် (၂၅၀)ဆံ့ ရန်ကုန်အလုပ်သမားဆေးရုံကြီး၊ ခုတင် (၁၅၀)ဆံ့ မန္တလေးအလုပ်သမားဆေးရုံကြီးနှင့် ခုတင် (၁၀၀)ဆံ့ ထန်းတပင် အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၊ လူမှုဖူလုံရေးဆေးခန်း (၉၄)ခန်းနှင့် ဌာနကြီးဆေးခန်း (၄၅)ခန်းတွင် ဆေးဝါးကုသပေးခြင်း၊ နယ်လှည့်ဆေးကုသယာဉ်(MMU)ဖြင့် အလုပ်ဌာနများအရောက် အာမခံအလုပ်သမားများအား ဆေးဝါးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**အနည်းဆုံးအခကြေးငွေ**

၂၀၁၃ ခုနှစ် မတ် ၂၂ ရက်တွင် အနည်းဆုံးအခကြေးငွေဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) နှင့်အညီ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ တစ်နိုင်ငံလုံးတစ်ပြေးညီသတ်မှတ်သည့် အနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် ကျပ် ၄၅၀နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက် ကျပ် ၃၆၀၀ ဖြစ်ကြောင်းနှင့် ယင်းသတ်မှတ်ချက်သည် အလုပ်သမား ၁၅ဦးနှင့်အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိကြောင်း ၂၀၁၅ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

**စာမျက်နှာ ၃ သို့ »»**



လှိုင်သာယာမြို့နယ်ရှိ အထည်ချုပ်စက်ရုံတစ်ရုံတွင် အလုပ်လုပ်ကိုင်နေသူများကို တွေ့မြင်ရစဉ်။ (ဓာတ်ပုံ-ဇေယျာဝင်း)

›››› အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

ဝင်ငွေအားဖြင့် ၂၀၁၄ ခုနှစ်ကထက် ၆ ဒသမ ၇ ရာခိုင်နှုန်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ၂ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးတိုးတက်လာနိုင်ကြောင်း ခန့်မှန်းထားသည်ဟု သိရှိရသည်။

**ဟိုတယ် အခန်းပေါင်း ငါးသောင်းခန့်**

၂၀၁၅ခုနှစ် စက်တင်ဘာလအထိ တစ်နိုင်ငံလုံးတွင် ဟိုတယ်အလုံးပေါင်း ၁၂၃၅ လုံး၊ အခန်းပေါင်း ၄၈၄၂၅ ခန်းအထိရှိနေပြီဖြစ်ရာ တိုးတက်လာမည့် ဧည့်သည်များအတွက် အခန်းလိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ထို့အတူ ခရီးလှည့်လည်ရေး လုပ်ငန်းများသည်လည်း ၂၀၁၁ခုနှစ် မတိုင်မီက စုစုပေါင်း ၆၈၇ ခု သာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ခရီးလှည့်လည်ရေးလုပ်ငန်း ကုမ္ပဏီပေါင်း ၁၆၇၀အထိ တိုးတက်များပြားလာခဲ့သည်။

၂၀၁၅ ခုနှစ် စက်တင်ဘာအထိ တစ်နိုင်ငံလုံးတွင် နိုင်ငံသားပိုင်ကုမ္ပဏီ ၁၈၃၄ ခု၊ နိုင်ငံသားနှင့် နိုင်ငံခြားသားပိုင် ဖက်စပ်ကုမ္ပဏီ ၃၉ ခု၊ နိုင်ငံခြားသားပိုင်ကုမ္ပဏီ တစ်ခု စုစုပေါင်း ခရီးသွားကုမ္ပဏီ ၁၈၇၄ ခုအထိ တိုးတက်လာခဲ့သည်။

**အမေရိကန်ဒေါ်လာ သန်း ၂၅၀၀ ကျော်**

၂၀၁၁ ခုနှစ်တွင် ဟိုတယ်နှင့်စီးပွားရေးအဆောက်အအုံစီမံကိန်း ၃၆ ခု၌ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၄၄ ဒသမ ၄၁၉ သန်းသာ ရှိခဲ့သည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်ရင်းနှီးမြှုပ်နှံမှု ဟိုတယ်စီမံကိန်း ၄၇ ခုနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၄၁ ဒသမ ၃ သန်းထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံအလိုက်ရင်းနှီးမြှုပ်နှံမှုများတွင် စင်ကာပူနိုင်ငံက အမေရိကန်ဒေါ်လာ ၁၄၇၇ ဒသမ ၁၆၄ သန်းဖြင့် ရင်းနှီးမြှုပ်နှံမှုအများဆုံးနေရာတွင် ရပ်တည်လျက်ရှိသည်။ ဒုတိယနေရာမှ ဗီယက်နမ်နိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၄၄၀ ရင်းနှီးမြှုပ်နှံထားသည်။

၂၀၁၃ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းပြီးနောက် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သဘောထား မှတ်ချက်တောင်းခံပြီး ကော်မရှင်၏ခွင့်ပြုမိန့် ထုတ်ပေးဆောင်ရွက်ခဲ့သော ဟိုတယ် ၄၂ လုံး၊ အခန်းပေါင်း ၆၃၉၈ ခန်းနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်သန်းပေါင်း ၆၀၉၃၁၅ ဒသမ ၀၆ သိန်းအထိ ရှိလာပြီဖြစ်သည်။

**ငပလီ၊ ငွေဆောင်ကမ်းခြေ**

ငပလီကမ်းခြေဒေသကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်ရှိအခြေအနေများအား ကောင်းကင်မှတ်တမ်းဓာတ်ပုံများရယူကာ ပင်မစီမံကိန်းအား ရေးဆွဲပြုစု၍ ၂၀၁၃ ခုနှစ် အောက်တိုဘာလမှ စ၍လည်းကောင်း၊ ငွေဆောင်ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ပင်မနှစ် ၂၀ စီမံကိန်းအား ငါးနှစ်စီမံကိန်း (၄)ကြိမ်ဖြင့် ပိုင်းခြားအကောင်အထည်ဖော်မည့် အစီအစဉ်(မူကြမ်း)ကို ၂၀၁၅ ခုနှစ် မေလဆန်းမှစ၍ လည်းကောင်း ဖော်ထုတ်ရေးဆွဲနိုင်ခဲ့သည်။

ခရီးသွားဧည့်သည်များအား ခရီးစဉ်ဒေသအလိုက် ဧည့်လမ်းညွှန်ဝန်ဆောင်မှုများကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ အဓိက ခရီးစဉ်ဒေသများဖြစ်သော မန္တလေး၊ ပုဂံ၊ မိုးကုတ်၊ ညောင်ရွှေ၊ တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ ပြည်၊ မော်လမြိုင်၊ ဘားအံ၊ လွိုင်ကော်၊ စစ်တွေ၊ ကန်ပက်လက်၊ ကသာ၊ ကော့သောင်းမြို့တို့တွင် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်(Regional Tourist Guide) သင်တန်းများကို အသီးသီးဖွင့်လှစ်ပို့ချပေးခဲ့ပြီး ၂၀၁၅ခုနှစ် စက်တင်ဘာလအထိ စုစုပေါင်း ၁၆၁၅ ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့သည်။

ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း လေးမျိုးဖြစ်သော ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးခဲ့ရာ စုစုပေါင်းသင်တန်းဖွင့်လှစ်မှု (၂၇) ကြိမ်တွင် သင်တန်းသား၊ သင်တန်းသူ ၄၀၆၀ ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။

**Tourism ကျောင်းသား ကျောင်းသူများ**

အမျိုးသားစီမံခန့်ခွဲမှု ကောလိပ် (ရန်ကုန်)နှင့် မန္တလာကောလိပ် (မန္တလေး)တို့တွင် B.A(Tourism) ဘာသာရပ်ကို ၂၀၁၂ -၂၀၁၃ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ ပထမနှစ်ကျောင်းသား ကျောင်းသူပေါင်း ၃၂၆ ဦး၊ ဒုတိယနှစ်ကျောင်းသား ကျောင်းသူပေါင်း ၁၅၃ ဦးနှင့် တတိယနှစ်ကျောင်းသား ကျောင်းသူပေါင်း ၁၃၃ ဦးတို့ တက်ရောက် ပညာသင်ကြားနေကြပြီဖြစ်သည်။


ကျောင်းသား၊ ကျောင်းသူများအား စာတွေ့နှင့် လက်တွေ့ပေါင်းစပ်ရေးအတွက် ပြည်တွင်းတွင် လုပ်ငန်းခွင်သင်တန်းများ ဖြည့်ဆည်းပေးသည့်အပြင် အခါအားလျော်စွာ ပြည်ပသင်တန်းများသို့ပါ စေလွှတ်လျက်ရှိရာ သင်တန်း လေးကြိမ်သို့ ကျောင်းသားကျောင်းသူ ၃၉ ဦး စေလွှတ်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ ထင်ရှားသော ခရီးစဉ်ဒေသများအပြင် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ရေးကို ဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ ခရီးစဉ်ဒေသမြှင့်တင်ရေး လက်ကမ်းစာစောင်များဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ နေပြည်တော်၊ မွန်-ကရင်၊ မြိတ်ကျွန်းစု၊ ပျူရှေးဟောင်းမြို့များ၊ ချင်းတောင်တန်း ခရီးစဉ်ဒေသ လက်ကမ်းစာစောင်များ၊ မြန်မာနိုင်ငံရှိ အထင်ကရ ခရီးစဉ်ဒေသများကို ဖော်ပြထားသည့် Welcome to the Golden Land၊ ခုနှစ်အလိုက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍနှင့်ပတ်သက်သည့် အချက်အလက်များကို ဖော်ပြထားသော Myanmar Tourism Statistics လက်ကမ်းစာစောင်များနှင့် Let the Journey Begin DVD ၊ Visit Myanmar Now DVD - 5 တို့ကို ထုတ်ဝေဖြန့်ချိခဲ့ပြီး ပြည်တွင်း၌သာမက ပြည်ပရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများ၊ ကောင်စစ်ဝန်ရုံးများမှ တစ်ဆင့် နိုင်ငံတကာသို့ ဖြန့်ချိမြှင့်တင်ခဲ့သည်။


ဆက်လက်ပြီး လက်ရှိထုတ်ဝေလျက်ရှိသော လက်ကမ်းစာစောင်များကိုလည်း ပိုမိုဆွဲဆောင်မှုရှိစေရန် ဒီဇိုင်းများ ပြင်ဆင်ထုတ်ဝေခြင်း၊ အလားအလာရှိသော ခရီးစဉ်ဒေသအသစ်များကိုဖော်ထုတ်၍ လက်ကမ်းစာစောင်များ တိုးချဲ့ထုတ်ဝေဖြန့်ချိမည့်အပြင် အင်တာနက်မှတစ်ဆင့် ခရီးသွားလုပ်ငန်းများ မြှင့်တင်ကြော်ငြာနိုင်ရေးအတွက် ဝန်ကြီးဌာန၏ Website အား အဆင့်မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိသည်။

ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို ပြည့်ပြည့်စုံစုံနှင့် ခရီးသွားဧည့်သည်များ အလွယ်တကူ သိရှိနိုင်စေရေးအတွက် Tourism Mobile Application ရေးဆွဲပြုလုပ်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။


**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များ**




**လူမှုဘဝဖွံ့ဖြိုးရေး၊ GDPနှင့် အလုပ်အကိုင် အခွင့်အလမ်းများ**




**မြန်မာ့ခရီးသွားအနာဂတ်အလားအလာများ**





စက်ဘီး Tour များ မြန်မာနိုင်ငံအတွင်းသို့ လှည့်လည်ဝင်ရောက်စဉ်။

ပြည်တွင်း၌ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ အဓိက ခရီးစဉ်တစ်ခုဖြစ်သော အင်းလေးကန်ဒေသ၌ သစ်ခွပန်းပြပွဲကို ၂၀၁၁ ခုနှစ်မှစ၍ နှစ်နှစ်ဆက်တိုက် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံသို့ ပုံမှန်လေကြောင်းမှ ဝင်ရောက်ခြင်းမဟုတ်ဘဲ ပင်လယ်ရေကြောင်းမှ Cruise သင်္ဘောများဖြင့် ဝင်ရောက်လာသည့် ခရီးသွားဧည့်သည်များအား ဧည့်ဝတ်ပြုခြင်း၊ နယ်စပ်ဝင်ပေါက်များမှ မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ခရီးသွားဧည့်သည်များ၏ လမ်းခရီးလွယ်ကူအဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ Sports Tourism Activity အနေဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတွင် မာရသွန်ပြိုင်ပွဲများကို ၂၀၁၅ ခုနှစ်တွင် နှစ်ကြိမ်ကျင်းပခဲ့၍ နိုင်ငံခြားသားခရီးသွားများပါ စိတ်အားထက်သန်စွာပါဝင်ခဲ့ပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာတွင်လည်း ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**သတင်းမီဒီယာနှင့် ရုပ်သံလိုင်းများ**

ခရီးစဉ်ဒေသသစ်တစ်ခုသို့ လာရောက်လည်ပတ်ရာတွင် ခရီးစဉ်ဆိုင်ရာ သတင်းအချက်အလက်များအား သတင်းမီဒီယာများမှတစ်ဆင့် ရရှိမှုသည်ရာခိုင်နှုန်း ၃၀ ခန့် ရှိသည်။

သတင်းမီဒီယာများ၏ အခန်းကဏ္ဍသည်လည်း ခရီးသွားလုပ်ငန်းတိုးတက်ရေးတွင် အလွန်အရေးကြီးရာ မြန်မာ့ရေမြေသဘာဝအလှအပများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ထင်ရှားသော ဆွဲဆောင်မှုများ၊ အစားအသောက်များအား ကမ္ဘာတစ်ဝန်းမှ သိရှိနိုင်ရေးအတွက် နိုင်ငံတကာ ရုပ်သံလိုင်းများနှင့် လည်းကောင်း၊ ထိုင်းနိုင်ငံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့နှင့်ပူးပေါင်း၍ ဥရောပ၊ အမေရိကနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် မီဒီယာများပါဝင်သော Mega Joint FAM Trip နှင့် Education Trip to Myanmar စသည့် FAM Trip များကို လည်းကောင်း ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ (World Travel and Tourism Council) က လက်ရှိမြန်မာ့ခရီးသွားလုပ်ငန်း၏ ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိမှုနှင့် GDP သို့ထည့်ဝင်မှု အချိုး၊ ဖွံ့ဖြိုးတိုးတက်မှုနှုန်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်အခြေအနေများအရ အနာဂတ်အခွင့်အလမ်းနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးမှုများကို ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀ အပေါ် အခြေခံနှိုင်းယှဉ်ရာတွင် ၂၀၁၅ ခုနှစ်မှ ၂၀၂၅ အတွင်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အဆိုပါနိုင်ငံများအတွင်း ထိပ်တန်းနေရာတွင်ရှိနိုင်ကြောင်း ဖော်ပြထားခြင်းသည်လည်း ခရီးသွားလုပ်ငန်းမှ အပြုသဘောဆောင်သည့် တိုးတက်မည့်အခြေအနေ အရပ်ရပ်ကို ခန့်မှန်းလေ့လာသိရှိနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကျေးလက်ပြည်သူ အဆင်ပြေဖို့ ဝင်ငွေရနို့စားနွားတွေ မွေးမြူစို့

မင်းမင်းဇော်၊
ဟန်နီဝင်း(သတင်းစဉ်)

**မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် ရာသီဥတုနှင့်စိုက်ပျိုးရန် ရေအရင်းအမြစ်ပေါများသည့် နိုင်ငံဖြစ်သည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(World Trade Organization-WTO) ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။**



**မိတ္ထီလာမြို့နယ် ညောင်ပင်သာကျေးရွာတွင် နို့စားနွားများ မွေးမြူထားသည်ကို တွေ့ရစဉ်။** ဓာတ်ပုံ - ချမ်းသာ(မိတ္ထီလာ)

ကမ္ဘာပေါ်တွင် ပြောင်းလဲလာသော ရာသီဥတုအခြေအနေများကြောင့် ရာသီဥတုနှင့် လိုက်ဖက်ညီသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ထူထောင်ရန်လိုအပ်သည်ဟု ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization-FAO)၏ ဖော်ပြချက်များအရ သိရသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကို အခြေခံပြီး လုပ်ဆောင်ကြသော ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများသည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သော်လည်းကောင်း၊ လူမှုနေထိုင်မှုပုံစံများ ပြောင်းလဲလာမှုများကြောင့် သော်လည်းကောင်း စားဝတ်နေရေးအတွက် ရာသီအလိုက် သီးနှံပေါ်ချိန် ဝင်ငွေအပြင် ပုံမှန်ဝင်ငွေရရှိမည့် လုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်လာကြသည်။

ထိုသို့ ပုံမှန်ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြရာတွင် မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ခြင်းများရှိပြီး နို့စားနွားမွေးမြူခြင်းကိုလည်း တွဲဖက်လုပ်ကိုင် ဆောင်ရွက်လာကြသည်။

"ကျွန်တော်တို့နိုင်ငံမှာ ကျေးလက်နေပြည်သူတွေက စိုက်ပျိုးရေး အများစုလုပ်ကြတယ်။ ဒီထဲက အပူပိုင်းဇုန်ဒေသတွေမှာ စိုက်ပျိုးရေးဆိုတာ မိုးလေဝသကောင်းမှ သီးနှံက ရနိုင်တာပါ။ ဒါ့ကြောင့် အပူပိုင်းဇုန်တွေမှာ အခုဆို နို့စားနွားမွေးမြူရေးကို လုပ်ကိုင်လာကြတယ်။ ဖြစ်လည်းဖြစ်ထွန်းကြတယ်။ စိုက်ပျိုးရေးက ရာသီချိန်ရှိပါတယ်။ ဒါကြောင့် ပုံမှန်ဝင်ငွေအတွက် တွဲဖက်ပြီး နို့စားနွား မွေးတာမျိုး လုပ်ကိုင်လာကြတယ်။

"နို့စားနွားမွေးမြူတာဟာ အိမ်တစ်အိမ်ရဲ့ စီးပွားရေးကို သိသိသာသာ အထောက်အကူပြုပါတယ်။ နို့စားနွားကနေ တစ်နေ့ နို့ ခုနစ်ပိဿာ ရှစ်ပိဿာလောက် ထွက်တယ်။ တစ်ခါတစ်လေ ၁၅ပိဿာ၊ ပိဿာ ၂၀ ဒီလိုထွက်တဲ့အတွက် စီးပွားဖြစ်ရောင်းချလို့ရတယ်။ ပုံမှန်ဝင်ငွေရနိုင်တယ်။ ဒါကြောင့် စီးပွားဖြစ်မွေးလို့ရပါတယ်။ မျိုးပွားပြီးရင်လည်း သားပေါက်ကို ရောင်းချလို့ရတယ်။

"ကျွန်တော်တို့ဆီမှာ ဒေသနွားနဲ့ နို့စားနွားဆိုပြီး နှစ်မျိုးရှိတယ်။ နို့စားနွားဆိုတာတော့ နို့ထုတ်လုပ်မှုအတွက် အဓိကဦးစားပေးပြီး မွေးရတာပါ။ ဒေသနွားကတော့ ခိုင်းနွားအဖြစ် သုံးကြတာများပြီး နို့ထုတ်မှုမှာကျရင်တော့ နို့က ငါးဆယ်သား၊ တစ်ပိဿာ အလွန်ဆုံးပဲ ထွက်ပါတယ်"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက ပြောပြသည်။

နို့စားနွား မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် မွေးမြူရေးအထောက်အကူပြုသင်တန်းများ၊ မေထုန်မဲ့သားစပ်လုပ်ငန်းများ၊ နွားမွေးမြူရေးကျေးရွာများ ထူထောင်ပေးခြင်းနှင့် နို့စားနွားထောက်ပံ့ပေးခြင်းများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း နို့ထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းသည် ဒေသနွားများမှ ထုတ်လုပ်သော နို့ဖြစ်ပြီး ဒေသနွားတစ်ကောင်၏ ပျမ်းမျှနို့အထွက်နှုန်းသည် ၆၀ ကျပ်သားခန့်သာရှိသည်။ ထို့ကြောင့် ဒေသနွားများ၏ နို့ထုတ်လုပ်မှု တိုးတက်စေရန် မျိုးမြှင့်သားစပ်ခြင်းများကို လုပ်ဆောင်ရမည်ဖြစ်သည်။

"မေထုန်မဲ့သားစပ်နည်း လုပ်ငန်းတွေကို အခမဲ့ လုပ်ဆောင်ပေးတာပါ။ ဒီလို မျိုးမြှင့်သားစပ်လုပ်ငန်းတွေကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ရှမ်း၊ ဧရာဝတီ၊ မွန် စတဲ့ နေရာများများမှာ လုပ်ဆောင်ပေးတာမျိုး ရှိပေမယ့် မြို့နယ်အားလုံးမှာတော့ မရှိပါဘူး။ ပူတာအိုဘက်မှာဆို ပို့ရတာ ခက်ခဲတဲ့အတွက် မရှိပါဘူး။ ဘာလို့မရှိတာလဲဆိုတော့ သားစပ်ဖို့အတွက် လိုအပ်တဲ့ နိုက်ထရိုဂျင်မျိုးရည်ထည့်ထားတဲ့ မျိုးချောင်းတွေကို လေယာဉ်နဲ့ ပို့လို့မရဘူး။ အေးခဲအမှတ်အောက်မှာပဲ ထားပြီး ကားနဲ့ပဲ ပို့လို့ရတဲ့အတွက်ကြောင့်ပါ။

"ကျွန်တော်တို့ ဝန်ကြီးဌာနကနေ ရန်ကုန်မှာ မျိုးချောင်းထုတ်လုပ်တာလည်း ရှိပါတယ်။ နှစ်ပေါင်းသုံးဆယ်လောက် ရှိပါပြီ။ ပြီးတော့ နယူးဇီလန်က မျိုးရည်ခဲချောင်းတွေ မှာတာလည်း ရှိတယ်။ ထိုင်းနိုင်ငံ၊ ဂျာမနီကနေ မှာတာလည်း ရှိတယ်။

"ဒီလို မျိုးမြှင့်သားစပ်တဲ့အခါ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က နိုက်ထရိုဂျင်နဲ့ မျိုးချောင်းဖိုးအတွက် သတ်မှတ်ထားတာရှိပါတယ်။ အခုကတော့ အခမဲ့ဆောင်ရွက်ပေးနေတာပါ၊ အစိုးရဘတ်ဂျက်ကနေ ဆောင်ရွက်ပါတယ်"ဟုလည်း ပြောကြားခဲ့သည်။

ထိုသို့ လတ်ဆတ်မျိုးရည်ကို ရောရည်နှင့် ရောခြင်းဖြင့် မေထုန်မဲ့သားစပ်ခြင်းကို ၁၉၃၆ ခုနှစ်က ဥရောပနှင့် မြောက်အမေရိကတို့တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မေထုန်မဲ့သားစပ်ရာတွင် အသုံးပြုသည့် လတ်ဆတ်မျိုးရည်သည် သုံးရက်ခန့်သာ ထားရှိနိုင်သည့်အတွက် ၁၉၆၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ အေးခဲမှတ်ဖြင့် နိုက်ထရိုဂျင်အရည်တွင် သိမ်းဆည်းနိုင်သည့် အေးခဲမျိုးရည်ကို အသုံးပြုလာကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၁၉၅၉ ခုနှစ်မှ စတင်ပြီး လတ်ဆတ်မျိုးရည်အသုံးပြု မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၇၃ ခုနှစ်မှ စတင်ကာ အေးခဲမျိုးရည်ခဲချောင်းများနှင့် သားစပ်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် နို့စားနွားမွေးမြူရာတွင် မိမိဒေသနှင့် ကိုက်ညီသည့် နို့စားနွားမျိုးများကို ရွေးချယ်မွေးမြူရန်လည်း လိုအပ်ပြီး သင့်တော်ကိုက်ညီမှသာ ကောင်းမွန်ဖြစ်ထွန်းသော၊ ထုတ်လုပ်မှုအားကောင်းသော မျိုးဆက်များကို ရရှိနိုင်မည်ဖြစ်သည်။ နို့စားနွားမျိုးများကို အဓိကအားဖြင့် အပူပိုင်းဒေသ ဇီဘူးနွားမျိုးနှင့် အအေးပိုင်းဒေသ နွားမျိုးဟူ၍ ခွဲခြားသတ်မှတ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နို့စားနွားမွေးမြူခြင်းများ ရှိသော်လည်း စီးပွားဖြစ်မွေးမြူခြင်း ဖွံ့ဖြိုးရန် လိုအပ်လျက်ရှိပြီး ပြည်တွင်းနို့ထွက်ပစ္စည်း စားသုံးမှု လိုအပ်ချက်အတွက် ပြည်ပမှ တင်သွင်းနေရကြောင်း သိရသည်။

"ပြည်တွင်းရဲ့ နို့ထွက်ပစ္စည်းစားသုံးမှု လိုအပ်ချက်အတွက် ပြည်ပကနေ သန်း ၇၀ ကျော်ဖိုးလောက် တင်သွင်းနေရတာပါ။ တင်သွင်းတဲ့နေရာမှာ အဓိကအားဖြင့် နို့ဆီ၊ နို့မှုန့်၊ နို့စိမ်းတွေ တင်သွင်းတာများပါတယ်။ ကိုယ့်ဆီမှာဖွံ့ဖြိုးပြီး ထုတ်လုပ်မှုများလာရင် တင်သွင်းတာကို လျှော့ချနိုင်မှာပါ။

"နို့မှာ အာဟာရဓာတ်အများကြီး ပါဝင်ပါတယ်။ ကျွန်တော်တို့ဆီမှာ နို့သောက်ကြပါတယ်။ အာဟာရတန်ဖိုး အပြည့်အဝပါဖို့၊ သန့်ရှင်းမှုရှိဖို့ လိုအပ်ပါတယ်။ အရည်အသွေးအပြည့်၊ အာဟာရတန်ဖိုးအပြည့် နို့တွေကို သောက်သုံးနိုင်ဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ဆီမှာ နို့ထုတ်လုပ်တဲ့အခါ နို့ညှစ်ရင် လက်နဲ့ညှစ်တယ်။ ပြီးတော့ နို့ထည့်တဲ့ ခွက်တွေ ပိုးမသတ်ထားပါဘူး။ ဒါကြောင့် တစ်ခါတလေမှာ နို့သောက်ရင် ဝမ်းသွားတာမျိုးတွေ ဖြစ်တတ်တယ်။ ထုတ်လုပ်မှုကအစ စနစ်တကျလုပ်ဆောင်ဖို့ ချက်ချင်းတော့ မဖြစ်နိုင်သေးပေမယ့် တဖြည်းဖြည်း ပြောင်းလဲယူရမှာပါ"ဟု ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။

ဆက်လက်၍ ၎င်းက "မွေးမြူရေးမှာ ထုတ်လုပ်မှုတွေတိုးတက်ဖို့နဲ့ အောင်မြင်ဖို့အတွက် အဓိကကျတာ အစာပါ။ အစာအတွက် အာဟာရတန်ဖိုးရှိဖို့ လိုအပ်သလို ကုန်ကျစရိတ်သက်သာဖို့လည်း လိုပါတယ်။ ကျွန်တော်တို့ဆီမှာက နွားစာအတွက် စိုက်ပျိုးသီးနှံရဲ့ ဘေးထွက်ပစ္စည်းဖြစ်တဲ့ ကောက်ရိုး၊ ပဲရိုးတွေ စတာတွေ ကျွေးကြတာများပါတယ်။

"ကျွန်တော်တို့ဌာနက နွားစာအတွက် ဒေသနဲ့သင့်လျော်တဲ့ မြက်မျိုးတွေပေးပါတယ်။ စိုက်နည်း၊ ပျိုးနည်းလည်း သင်တန်းတွေ ပေးပါတယ်။ စိုက်လည်းစိုက်ပြပါတယ်။ အစာအတွက် မြက်စိုက်တာမျိုးရှိသလို ရောင်းချဖို့အတွက်လည်း စိုက်ကြတယ်။ မြက်က ၄၅ ရက်ဆိုရတဲ့မြက်မျိုးပါ။ ၄၅ ရက် တစ်ကြိမ်ရိတ်နိုင်ပြီး ရိတ်ပြီးတဲ့ နေရာကနေ အသစ်ထပ်ထွက်မယ်။ သုံးနှစ်လောက်အထိ အထွက်ကောင်းတယ်။ ထွက်တာကတော့ ငါးနှစ်လောက် အထိထွက်ပါတယ်။

"ပြီးတော့ နွားစာကိုလည်း အာဟာရဖြစ်အောင် ပြုပြင်ဖန်တီးတတ်ဖို့ လိုပါတယ်။ အများစု ကျွေးနေကျကောက်ရိုးမှာ အာဟာရပါဝင်မှုက နည်းပါတယ်။ ဒီလို သမားရိုးကျကောက်ရိုးကို အာဟာရဖြစ်အောင်၊ အားရှိအောင် ယူရီးယား(Urea)နဲ့ ပြုပြင်တာမျိုး ပြုပြင်လို့ရပါတယ်။ ပြုပြင်ထားတဲ့အတွက် ပိုပြီး အစာကျေလွယ်တယ်။ တိရစ္ဆာန်တွေ ကြီးထွားကြံ့ခိုင်ပြီး အားရှိတော့ ထုတ်လုပ်မှု ပိုရမယ်။

"နွားစာကို အခြောက်ကျွေးတာထက် အစိုကျွေးတာက ပိုပြီးအာဟာရဖြစ်စေပါတယ်။ ကျွန်တော်တို့ဆီမှာက နွေရာသီမှာ နွားစာရှားတာမျိုးရှိပါတယ်။ ဒါကြောင့် နွားတွေကို အခြောက်ကျွေးတာထက် ဒီလို အစာရှားချိန်မှာလည်း အစာအစိုကျွေးလို့ရအောင် မြက်အချဉ်ထည့်ထားလို့ ရပါတယ်။ အစာပေါတဲ့ရာသီမှာ မြက်ချဉ်သိပ်ပြီး စုဆောင်းထားလို့ ရပါတယ်။ မြက်ချဉ်ဆိုတာကလည်း တအားချဉ်အောင်တော့ မဟုတ်ပေမယ့် အာဟာရဓာတ်မပျက် အစိုထိန်းသိမ်းထားတဲ့ သဘောပါ။

"ရေဘေးသင့်ဒေသတွေမှာလည်း နွားစာအတွက် မြက်စိုက်ပေးတာရှိပါတယ်။ ရေဘေးသင့်ဒေသတွေမှာ ရွှံ့ညွှန်တွေ ဖုံးသွားတယ်။ မြက်အသစ်မပေါက်နိုင်တဲ့အတွက် မြက်တွေ ပြန်စိုက်ပေးတာရှိပါတယ်။ ရွာတွေမှာ ပြန်စိုက်တဲ့အခါ ရွာပိုင်၊ အများပိုင်မြေနေရာလေးတွေမှာ စိုက်ပျိုးပြပါတယ်"ဟု ဆိုသည်။

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ နို့စားနွား မွေးမြူလုပ်ကိုင်ဆောင်ရွက်သူများ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့ပူးပေါင်းကာ နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု(မူကြမ်း) ရေးဆွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ယခုလ ၁၄ ရက်က နေပြည်တော်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ နို့စားနွားမွေးမြူရေးနဲ့ နို့ထွက်ပစ္စည်းထုတ်လုပ်မှုတွေ တိုးတက်ဖို့အတွက် ဆောင်ရွက်တဲ့အခါ ကျေးလက်ဒေသတွေမှာ နွားမွေးဖက်ပေးတာမျိုးနဲ့ နွားမွေးမြူရေးဘဏ်စနစ်တွေ လုပ်ဆောင်ပေးတာမျိုးလည်း ရှိပါတယ်။

"မွေးဖက်ပေးတာက ကျေးလက်ဒေသတွေက ဓလေ့အတိုင်းပါပဲ။ နွားမွေးမြူရေးဖြစ်ထွန်းဖို့အတွက် အရင်းအမြစ်စိုက်ထုတ်လိုက်တာဖြစ်ပါတယ်။

"နောက်တစ်ခုကတော့ မွေးမြူရေးဘဏ်စနစ်ပါ။ မွေးမြူရေးဘဏ်စနစ်မှာတော့ ဥပမာအနေနဲ့ ကျွန်တော်တို့က အခုနွားပေးလိုက်တယ်။ နောင်သုံးနှစ်ကြာရင် အဲဒီနွားပြန်ပေးရပါမယ်။ ပေးတဲ့အခါမှာလည်း သူက တိုက်ရိုက်ပေးလို့ မရပါဘူး။ သူက ကျေးရွာကော်မတီထံ ပြန်လည်အပ်နှံပြီး ပေးရပါမယ်။ ကော်မတီကနေမှ နောက်တစ်ဖွဲ့က နောက်တစ်ယောက်ကို စာချုပ်ဖြင့် ပြန်လည်ပေးအပ်မယ်။ ထပ်ရတဲ့သူကလည်း အဲဒီအတိုင်းပဲ ထပ်ပြီး ပြန်လည်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ အများနဲ့ဆိုင်တဲ့ကိစ္စဖြစ်လို့ ဘဏ်စနစ်လို့ ပြောတာပါ။

"မွေးမြူရေးဘဏ်စနစ်ကတော့ မိမိတို့ သတ်မှတ်ပေးထားတဲ့ အချိန်အတွင်းမှာ နွားအစားပြန်ပေးလိုက်နိုင်ရင် ကျန်တဲ့နွားကို မွေးမြူသူက ပိုင်ဆိုင်တယ်။ သူ့ရဲ့ တာဝန်က သတ်မှတ်ကာလမှာ တစ်ကောင်ပြန်ပေးဖို့ပါပဲ။ ကျွန်တော်တို့ပေးထားတဲ့ နွားအကောင် ၁၀၀ ဟာ မပျောက်ပျက်ရဘူး။ အချိန်ပြည့်ရင် အမြဲတမ်း အကောင် ၁၀၀ အတိုင်း ဖြစ်နေရပါမယ်။ သုံးနှစ်နေရင် နောက်ထပ်တစ်ဆတိုးမယ်၊ နောက် သုံးနှစ်နေရင် နောက်ထပ် တစ်ဆတိုးမယ်"ဟုလည်း ဒေါက်တာ ရဲထွန်းဝင်းက ရှင်းပြသည်။

နို့စားနွား မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးလာစေရေး၊ နို့နှင့်နို့ထွက်ကုန်ပစ္စည်း ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအပြင် ကျောင်းနေအရွယ်ကလေးများအား နို့နှင့် နို့ထွက်ပစ္စည်းများ သောက်သုံးနိုင်ရေးအတွက် ဒေသတွင်း နို့စားနွားမွေးမြူရေးဘုတ်အဖွဲ့များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့စည်းထားပြီး သန့်ရှင်းသောနို့များ သောက်သုံးနိုင်ရေးအတွက်လည်း နို့ပေါင်းစက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြန့်ဖြူးထားကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် နို့စားနွား မွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူရေးအသင်းများ ပူးပေါင်းကာ မြန်မာနိုင်ငံနို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု ကြီးကြပ်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ။